www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မယ်မင်းဘုံ

## ပျိုလေးရည်းစား

BURMESE CLASSIC .com

## မြို့ကြီးသား

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

## ၁

အိမ်စည်သည် ဆိုဖာပေါ်မှာ ကုပ်ကုပ်ကလေး ထိုင်နေလျက် မျက်လုံးအကြည့်တွေကို တဖိတ်ဖိတ်တောက်လက်နေသည့် ပါကေးကြမ်းခင်းကြီးဆီသို့ ပို့ထားလိုက်သည်။ ငြိမ်ငြိမ်လေး နေနေတာဖြစ်ပေမယ့် စိတ်ကတော့ လွင့်ချင်ရာ လွင့်နေတာဖြစ်သည်။

"ကဲ ... ပြောစမ်း၊ ဒီကိစ္စ ဘယ်လိုဖြစ်တာလဲ။ မင်းအဘွားကို လုံးဝ ဂရုမစိုက်တော့ဘူးလား"

သူဟာ ဖြေရှင်းချက် ပေးဖို့အတွက် စိတ်ရှုပ်သွားပေမယ့် ဘွားဘွားကိုတော့ ပျာပျာသလဲ တောင်းပန်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုမျိုး မဟုတ်ပါဘူး ဘွားဘွားရယ်။ သားကိုခွင့်လွှတ်ပါနော်။ နောက်တစ်ခါ ဒါမျိုးထပ်မဖြစ်စေရဘူး"

"ဖြစ်လို့လည်း မရတော့ဘူး၊ ဒီမှာ အချစ် ... မင်း အဘွားကို ဟိုလူညှို့ ဒီပတ်နဲ့ တစ်ခါလည်းမဟုတ် နှစ်ခါလည်းမဟုတ်။ ဘွားအဖြစ်တဲ့ ငါ့မှာ ဘယ်လောက် စိတ်ပူရသလဲ။ ပြောတုန်းက သူငယ်ချင်းတွေနဲ့ ဘုန်းကြီးကျောင်းဆောက်ဖို့အတွက် လုပ်အားဒါန သွားပေးမလို့ဆိုပြီး တစ်ပတ် အိမ်ကနေ သွားတယ်။ ပြီးတော့ မင်း တကယ်ရောက်သွားတာ စင်ကာပူ။ အဲဒီလောက်တောင် မင်းက လိမ်တတ်ညာတတ်နေတာ။ ငါ ဘယ်လိုဆက်ယုံမလဲ။ မင်း စ,လုံးမှာ ကက်သရင်းကို သွားတွေ့တာကအစ ငါ အကုန်သိတယ်"

အိမ်စည်သည် မျက်နှာကိုမဲ့လိုက်ရင်းက လေပူတစ်ချက် မှုတ်ထုတ်လိုက်မိသည်။ ဘွားဘွားကို သူ ပိပိရိရိ လိမ်ခဲ့တာ အခုတော့ အကုန်ပေါ်ပြီဖြစ်၏။ သူ ကက်သရင်းဆီ သွားချင်တာကို သွားပါရစေဆိုပြီး ဘွားဘွားကို ခွင့်တောင်းလျှင် ဘွားဘွားက လုံးဝခွင့်ပြုမှာမဟုတ်ဘူးဆိုတာ သိနေတာကြောင့် သူက ဟိုကောင်တွေနဲ့ ပေါင်းကြံကာ ဘုန်းကြီးကျောင်းဆောက်ဖို့ လုပ်အားဒါန သွားပေးမယ်ဆိုပြီး ယုံအောင်ရှိုးခဲ့ပြီး စ,လုံးမှာ ကက်သရင်းနဲ့အတူ တစ်ပတ်လောက် သွားလန်းခဲ့တာဖြစ်သည်။ သူ ပြန်ရောက်တော့ လေဆိပ်ကို အဘွားက ခန့်ညားထယ်ဝါစွာ လာကြိုလေလျှင် သူ တော်တော်ရှော့ခ်ရသွားတာဟာ အခုအိမ်ပြန်ရောက်လို့ အဆူခံနေရတဲ့အထိပဲဖြစ်သည်။

"ကဲပါ ... ဘွားရယ်။ သွားလည်း သွားခဲ့ပြီးပြီပဲ။ စိတ်မဆိုးပါနဲ့။ သား ဘွားအတွက် iphone 5 ဝယ်လာတယ်။ သားတောင် ဝယ်တာမဟုတ်ဘူးနော်။ ဘွားဘွားအတွက်ပဲ ဝယ်လာတာ"

သူက ဘွားကို လျှော်ကွက်လေးများ ရလိုရငြား iphone 5 နဲ့မျှားသော်လည်း ဘွားဘွားက တစ်စက်ကလေးတောင် အရေးမစိုက်ဘဲ သူ့ကို အပီတင်းနေသော မျက်ဝန်းအစိမ်းကြီး







www.burmeseclassic.com

www.burmeseclassic.com



တွေနှင့် လှမ်းရှိုးနေသည်။ ဒီတစ်ခါတော့ အဘွား သူ့ကိုရေလည် တင်းသွားပုံရသည်။ အဲဒါ ဟိုကောင် လင်းသူ အဘွားကို အရှိုး မတတ်လို့ အားလုံးပေါ်ကုန်တာ။

"တော်တော့ ... အချစ်။ မင်း ငါ့ကို အပိုတွေမပြောနေနဲ့။ မင်း အခု အဘွားကိုလိမ်တာပဲ။ ဒီ ဟိုမရောက် ဒီမရောက် ကပြားမလေးနဲ့ မတွဲနဲ့ မပတ်သက်ပါနဲ့လို့ ငါ ဒီလောက် ပြောထားတာတောင် မင်းက အဲဒီအထိ သွားလိုက်သေး တယ်။ ပြီးတော့ ငါ့ကို ကောင်းကောင်းကြီး လိမ်တယ်ပေါ့"

"ဟာ ... အမှုက ပိုကြီးသွားပြီ။ သား တောင်းပန်ပါတယ် ဗျာ။ ကျေနပ်ပါတော့ ဘွားဘွားရယ်။ သား နောက်တစ်ခါ ဘယ်တော့မှ မလုပ်တော့ဘူးနော်"

"တော်ပြီ ... ပြောခဲ့ပေါင်းလည်းများပြီ။ နင့်ကို ငါမထိန်း နိုင်တော့ဘူး အချစ်။ ဒီလောက် ခြေများတဲ့လူကို မိန်းမ ပေးစားလိုက်တာပဲ ကောင်းတယ်။ မင်း မိန်းမယူရမယ် အချစ်"





"ဗျာ"

ဒီတစ်ခါတော့ သူဟာ မျက်လုံးတွေ ဘာတွေတောင် ကျယ်ထွက်ကုန်၏။ ဟား ... မြတ်စွာဘုရား။ သူ မိန်းမတော့ မယူချင်သေးပါဘူး။ မိန်းမယူလိုက်ရင် သူ ကဲခွင့်တွေ ပိတ်ကုန် မှာပေါ့။

"ဟာ ... ဘွားကလည်း၊ သားက ကလေးပဲရှိသေးတယ်။ မိန်းမ မယူပါဘူး"

"ဩော် ... ကလေးက စင်ကာပူထိသွားပြီး ရည်းစားရှာ တယ်ပေါ့ ဟုတ်လား။ မလိုချင်ဘူး ... မင်းကို စိတ်ချရတဲ့ သူနဲ့ ပေးစားလိုက်မှ ငါလည်း စိတ်အေးရမယ်။ မင်းလည်း ခြေငြိမ်သွားမယ်။ မင်း မိန်းမယူကို ယူရမယ် အချစ်။ ဟိုကလေးမ ခင်ခင်အေးနဲ့ ဘွား စီစဉ်ပေးမယ်"

ဟိုက် ...။

အိမ်စည်သံသည် ထိုင်နေရာကနေထကာ ဘွား ခြေ သလုံးဖက်၍ ငိုပြရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘွားရယ် ... သားကို အဲဒီလို မရက်စက်ပါနဲ့။ အဲဒီ လောရှည်ငွမ်းစိန် ဆရာမကြီးကို မယူပါရစေနဲ့ဗျာ။ သားကို သနားပါ။ ဘွားသာ သူနဲ့ပေးစားလိုက်ရင် သားကို သူ့ကျောင်းက ကျောင်းသားတွေလို ဆရာမကြီး လုပ်နေမှာပေါ့။ ဟင့်အင်းဗျာ ... သား မယူဘူးနော် ဘွား"

"ဟဲ့ ... ဟဲ့ ... လွတ်စမ်း ငါ့ခြေထောက်ကို။ အခုမှ ပတ်ချွဲနပ်ချွဲ လာလုပ်မနေနဲ့။ မင်းကို ငါ ဒီတစ်ခါ အရမ်းစိတ်ဆိုးတယ် အချစ်။ ကြားကြားချင်းတုန်းကဆို ငါသွေးတောင်တိုးသွားတယ်။ ဘွားအေကိုလိမ်ပြီး ကွက်ကျော်ရိုက်သွားတာ။ အဲဒီတော့ မင်းကို ငါ မထိန်းနိုင်တော့တဲ့အတွက် ခင်ခင်အေးနဲ့ ပေးစားရတော့မှာပဲ"

"ဟာ ... မလုပ်ပါနဲ့ ဘွားရယ်။ သားကို မိန်းမတော့ မပေးစားပါနဲ့ဗျာ။ ဘွား မကျေနပ်ရင် ရိုက်ပါ။ သားခံပါ့မယ်။ ဒါမှမဟုတ် တခြားအပြစ်ပေးပါ။ သား အဲဒီမိန်းမကြီးကိုတော့ မယူနိုင်ဘူး"





သူက မျက်စိစုံမှိတ်ကာ အဘွားခြေထောက်ကို မလွတ်တမ်း ဖက်ထားရင်းက စုံကန်ငြင်းနေတာကို အဘွားက ငုံ့ကြည့်ရင်း ...

"ကဲ ... တော်စမ်း အချစ်။ အခုမှ ကလေးပေါက်စလို လုပ်ပြမနေနဲ့။ ကောင်းပြီလေ ... မင်း ဒီလောက်တွင်တွင် ငြင်းနေတော့လည်း ငါ မင်းကို ရွေးချယ်စရာ နောက်တစ်လမ်းပေးမယ်။ ထပ်တွန့်တက်လို့ မရတော့ဘူးနော်။ မင်းကြိုက်တဲ့လမ်းကိုရွေး"

ဘာပဲဖြစ်ဖြစ် ဟိုငွမ်းစိန်ကြီးကို ယူရမှာထက်စာရင် အဘွားပေးတဲ့ အပြစ်တွေကတော့ ကလေးအထာလောက်ပဲရှိပါမည်။ ဘာဖြစ်လို့လဲဆိုတော့ အဘွားက သူ့ကို တုန်ရေအောင်ချစ်လို့ပဲဖြစ်၏။ သူက ဒီတော့မှ ပြုံးပြုံးရွှင်ရွှင် ဖြစ်သွားကာ အဘွား မျက်နှာကို မော့ကြည့်၍ ...

"ရတယ် ဘွားရာ။ ပြော ... သား အဲဒီမိန်းမကြီးကို မယူရရင်ပြီးပြီ။ ကျန်တာက ပြဿနာမရှိဘူး။ ဘာလုပ်ပေးရမလဲ။ အဘွားကို ဇက်ကြောဆွဲပေးရမလား"



www.burmeseclassic.com

www.burmeseclassic.com



"တိတ်စမ်း ... ငါ့ကို အပိုတွေ ပြောမနေနဲ့။' ငါပြောတာ နားထောင်"

အဘွားက ပြောရင်းမှ ဆိုဖာမှာ ဝင်ထိုင်လိုက်လျှင် သူက အဘွားခြေရင်းမှာ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးလေးလို ကျိုးနွံစွာထိုင်ကာ အဘွားခြေထောက်တွေကို နှိပ်နယ်ပေးရင်းက နားထောင်လိုက်သည်။

"ဒီမယ် အချစ် ... မင်း တစ်နေ့တစ်နေ့ အဲဒီလို ပေါးလား ဝါးလား နေနေတာကို ဘွား လုံးဝမကြိုက်ဘူး။ မင်းရဲ့ ပေါ့ပျက်ပျက်တွေကို ဖျောက်ဖို့ မင်းကို မိန်းမပေးစားတယ်။ မင်းက မယူချင်ဘူး။ အဲဒီတော့ မင်း မိန်းမ,မယူဘူးဆိုရင် တော့ မင်းဘကြီးရှိတဲ့ဆီကို သွားရမယ်။ အဘွားလိုချင်တဲ့ ပုံစံမရမချင်း ဒီပြန်မလာရဘူး။ မင်း ဒီမှာရှိနေသမျှတော့ ဒီလိုပဲ ပိုက်ဆံဖြုန်းဖို့ပဲ သိနေမှာ။ အဲဒီတော့ မောင်ဆွေချစ် တို့ဆီကို သွားရမယ်"

"ဟာဗျာ"





အိမ်စည်က ခြေကုန်လက်ပန်းကျစွာ ညည်းညူလိုက်၏။ အဘွားက သူ့ကို အပီအပြင်ကို ဖဲ့နေတော့တာပဲဖြစ်သည်။ ဟိုမိန်းမကို မယူဘူးဆိုရင် သူက ဘကြီးဆီကို အောင်ဖျာလိပ်ပြီး ဒိုးရမှာဖြစ်သည်။

"ဟာ ... အဲဒါလည်း မဖြစ်နိုင်ဘူး ဘွားရာ။ သားက အဲဒီကို ဘာသွားလုပ်ရမှာလဲ။ အဘွားကိုလည်း မခွဲနိုင်ပါဘူး။ ပြီးတော့ ဘကြီးနဲ့ သားနဲ့ကလည်း ... ဟာဗျာ တခြားဟာ လုပ်ခိုင်းပါ ဘွားဘွားရာ"

"မရဘူး ... မင်းကို ပြောထားပြီးပြီ အချစ်။ ကြိုက်ရာ လမ်းကိုရွေး။ ခင်ခင်လေးကို မယူဘူးဆိုရင်တော့ မင်းသွား ရမှာပဲ။ ဘယ်လမ်းကို ရွေးမှာလဲ"

အဘွားက သူ့ကို မျက်နှာထားတင်းတင်းနှင့် တကယ် အတည်ကြီး ပြောတာကြောင့် သူဟာ အခြေအနေမ ကောင်းဘူးဆိုတာ သိပါသည်။ အဘွား သူ့ကို တကယ် စိတ်ဆိုး သွားတာပဲ။ အေးလေ ... သူကလည်း အဘွားကို မော်ဘီဘက်ဆို



www.burmeseclassic.com

www.burmeseclassic.com



ပြီး ပြောသွားပြီး စင်ကာပူမှာ တစ်ပတ်လောက်သွား အပန်းဖြေမိခဲ့တာကိုး။ ပြန်ရောက်တော့ သူ့ဘဝကြီးဟာ ကျဉ်းထဲကျပ်ထဲ ဖြစ်လောက်အောင်ကို အဘွားက စိတ်တွေဆိုးပြီး အပြစ်ပေးတော့တာဖြစ်သည်။ ဒါပေမဲ့ ရလိုရငြားတော့ သူဟာ အဘွားရဲ့ရင်ခွင်ထဲ ခေါင်းလေးဝှေ့ပြီး ချွဲရတော့သည်။

"ဘွားရယ် ... သားကို အဲဒီလို မလုပ်ပါနဲ့ဗျာ။ ဘွားမြေးလေးကို ဘွားက ခွဲနိုင်လို့လား"

"ဟေ့ ... ငါ့ကို ဘာမှအချိုသပ်ဖို့ မစဉ်းစားနဲ့တော့ အချစ်။ မင်းကို အခွင့်ရေး ပေးထားတယ်၊ ငါ့သဘောဆို ခင်အေးနဲ့ လက်ထပ်ပေးလိုက်မှာ။ မင်း ဘာလုပ်မှာလဲ"

အိမ်စည်သည် လုံးဝမရတော့ဘူးဆိုတာ သိသောအခါမှာတော့ ခေါင်းကို တဖြင်းဖြင်း ကုတ်ဖွပစ်လိုက်ကာ ရှုံ့မဲ့တွန့်လွန်နေသော မျက်နှာဖြင့် ဘွားကိုကြည့်၍ ...

"ပြီးရောဗျာ ... ဘွားကျေနပ်အောင် သား ဘကြီးဆီသွားနေမယ်၊ ဘယ်အချိန်ထိ နေရမှာလဲ"





"ငါ စိတ်တိုင်းမကျမချင်း"

"ဟာဗျာ ... ဘွားက လုံးဝရက်စက်တယ်။ သားက ဘယ်လိုလုပ် ဘကြီးရွာမှာ တစ်လကိုးသုတင်း နေနိုင်မှာလဲ။ တစ်ရက် နှစ်ရက်လောက်ဆို တော်ပြီပေါ့"

"မလိုချင်ဘူး၊ မင်းအချိုးတွေ ပြင်ပြီဆိုမှ ပြန်လာရမှာ။ ရွာလေးက သိပ်သာယာတာ။ ပျော်သွားမှာ။ မြေးက အဲဒီမှာ သင့်တော်တဲ့ အလုပ်တစ်ခု လုပ်ရမယ်။ မင်းစိတ်တွေကို ငါကြိုက်ပြီဆိုမှ ဒီကို ပြန်လာခွင့်ရမယ်"

"ဟား ... စိတ်ပျက်ပါတယ် ရွာမှာ သားက ဘာအလုပ်လုပ်ရမှာလဲ။ ပျင်းစရာကြီးပါဗျာ"

"ရတယ်လေ ... ဒါဆိုလည်း ခင်ခင်အေးနဲ့ပဲ မင်း ယူလိုက်ပေါ့"

ဟား ...။ သူက ရင်ထဲမှာ အကျယ်ကြီး ထအော်လိုက်ပြီးမှ မျက်လုံးထဲမှာ ဟိုကောင်တွေ မျက်နှာကို ပြေးမြင်လျှင် ဘွားကို ခွင့်တောင်းရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို သားကို နောက်ထပ် chance တော့ပေး။ ဟို ဥစ္စာ ... သား အဲဒီကိုသွားရင် သားသူငယ်ချင်းတွေပါ ခေါ်သွားမယ်။ ဘွားဘွား အဲဒါတော့ လက်ခံပေးပါ။ နို့မို့ဆို သား ဟိုမှာပျင်းနေမှာ"

"မရဘူး ... မင်းကိုယ်တိုင် သွားရမည်။ စင်ကာပူသွားတုန်းကတောင် သူငယ်ချင်းမခေါ်ဘဲနဲ့ သွားတာပဲ။ မလိုချင်ဘူးအချစ်။ ဟိုမှာ မင်းညီနှစ်ယောက် ရှိတာပဲ။ ဘာပျင်းစရာလိုသလဲ။ မင်း တစ်ယောက်တည်းပဲ သွားရမယ်။ ဒါပဲ"

"ဟာ... အဲဒီတောသားနှစ်ကောင်က ဂေါက်သီးနဲ့ ဂေါက်တံ ဘွားရ"

"တိတ်စမ်း ... ဘာတောသားလဲ။ သူတို့ကမှ လိမ္မာတာ။ မင်းလည်း အဲဒီရွာကလူပဲ"

"ဟာ ... ဘာလဲ။ ဖေဖေက အဲဒီရွာသားဖြစ်တာနဲ့ သားကပါ တောသားဖြစ်ရမှာလား။ သားက ရန်ကုန်မှာမွေးတာ။ ရန်ကုန်သားဗျ ... ရန်ကုန်သား"





သူက ရန်ကုန်သားဖြစ်ကြောင်း လက်မထောင်ပြောနေတာကို အဘွားက ဂရုပင်မစိုက်ဘဲ သူပြောချင်တာကိုပဲ ပြော၏။

"မင်း အဲဒီကိုသွားရင် လိမ္မာပါ။ ဒီမှာလို ပေါ့ပျက်ပျက်မနေနဲ့။ မနက်ဖြန် မင်းကိုလာခေါ်ဖို့ ငါ ဖုန်းဆက်လိုက်မယ်"

"ဟာ ... သားဘာသာ သွားမယ်။ ကားယူသွားမှာ"

"ဟင်း ... ဟင်း ... ဘာကားမှ မပေးဘူး။ မင်းကို ရွှေကိုနဲ့ ရွှေညီကို လာခေါ်ခိုင်းမှာ။ ရွာထဲမှာ ကားလည်းဝင်လို့မရဘူး။ ယူသွားလည်း အပိုပဲ။ အဲဒီတော့ အချစ် ... ရှည်ရှည်ဝေးဝေး ဘာမှပြောမနေနဲ့။ အထုပ်အပိုးပြင်ထား။ မင်း ငယ်ငယ်ကတည်းက ခေါ်လိုက်တိုင်း လိုက်ဖို့ငြင်းတဲ့ကောင်၊ ဒီတစ်ခါတော့ အဘွားရဲ့ မွေးရပ်မြေမှာ ပျော်ပျော်ကြီး သွားနေပေတော့"

ဟား ... လုံးဝကို ပလပ်ကျွတ်တာပဲ။ ကွာ ...။



www.burmeseclassic.com

www.burmeseclassic.com



သူ တစ်ခါမှ မရောက်ဘူးတဲ့ရွာဟာ ကားတောင် ဝင်လို့မရသည်အထိ ခေါင်တယ်ပေါ့။ အဘွားတို့ အဖေတို့ရဲ့ ဇာတိမြေကြီးကို သူက လုံးဝ လုံးဝကြီးကို မသွားချင်ပါပေ။

○✦○





## ။ ၂ ။

"Cheers ... ငါတို့ ဘော်ဒါကြီး ခရီးလမ်း အဆင်ပြေပါစေ"

ဝေသက်တို့က နောက်ပြီး cheers လုပ်လျှင် သူဟာ ကျစ်ခနဲ စုပ်သပ်လိုက်ရင်း ခွက်ကို ဗွပ်ခနဲမြည်အောင် တိုက်ချကာ ခွက်ထဲက ဘီယာတွေကို တစ်ရှိန်ထိုး မော့ချလိုက်ပြီးမှ ခါးနေတဲ့အရသာကို စည်းစိမ်ရှိစေဖို့ ချိစ်အပြားလေးတစ်ဖဲ့ကို လျှာပေါ်တင်လိုက်သည်။ unplugged show ရဲ့ အင်္ဂလိပ်သီချင်း ချိုချိုလေးကိုလည်း နားမထောင်နိုင်ဘဲ သူ့စိတ်တွေက ရေလည်ညစ်လို့နေတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်စည်ရာ ... မင်း ဒီလောက်လည်း ညစ်မနေစမ်းပါနဲ့။ မင်းအဘွားက မင်းကို သိပ်ချစ်တာပဲဟာ။ သူ မင်းကို ဘယ်လောက်ကြာကြာ ခွဲနိုင်မှာမို့လို့လဲ၊ မင်း ဟိုမှာငြိမ်နေပြလိုက် လိမ္မာပြလိုက်တာနဲ့ ချက်ချင်း ဒီပြန်ရောက်ပါတယ်ကွာ။ အေးဆေးပါကွ"

သူရိန့်စကားကြောင့် သူဟာ မျက်နှာကိုမဲ့လိုက်ရင်း ခေါင်းအသာယမ်းပြသည်။

"အဘွားက ငါ့ကို တော်တော်တင်းသွားတာကွ။ အဆိုးဆုံးကတော့ ငါ စ,လုံးကိုသွားတာ ကက်သရင်းနဲ့ ဒိတ်ထားတယ်ဆိုတာ သိသွားလို့ပဲ။ အဘွားက အဲဒီလိုလိမ်တာမျိုးဆို လုံးဝကြိုက်တာ မဟုတ်ဘူးကွ။ ငါ့ကို ဒေါတွေကန်ပြီး မိန်းမပေးစားမယ်တောင် ဖြစ်ကုန်တာ။ အဲဒီတော့ ငါ့ကို အဲဒီရွာက တော်တော်နဲ့ ပြန်ခေါ်မှာ မဟုတ်ဘူးကွ။ ပြီးတော့ မနေ့ညကတင် ကက်သရင်းက ငါနဲ့သူ Universal မှာ လျှောက်လည်တဲ့ပုံတွေ၊ ပြီးတော့ ဆန်တို





ဆာကပုံတွေပါ facebook တင်လိုက်တော့ အဘွားက အဲဒါတွေမြင်ပြီး ပိုတင်းသွားတာပေါ့ကွ"

"ဟား ... မင်း ဒါဆို သေပြီ ဆရာပေါ့။ ဩော် ... ဒါနဲ့ နေပါဦး။ မင်း အခုသွားရမယ့်ဆီကို ရောက်ဖူးလား။ ဘယ်လိုလဲ ... လန်းတာလေးတွေ ရှိတယ်မှလား"

သူ့ကို ကျော်ကြီးက question လာ out နေတာကို သူက ပခုံးအသာတွန့်ပြလိုက်ကာ ...

"မသိပါဘူးကွာ။ အဘွားကသာ ရွာကိုခဏခဏသွားတာ။ ငါ တစ်ခါမှ မရောက်ဖူးဘူးကွ။ အဘွားမွေးရပ်ပေါ့ကွာ။ ငါကပျင်းလို့ ဘယ်တော့မှ မလိုက်တာ။ ငါမလိမ္မာမချင်း အဘွားက ငါ့ကို ဒီလုံးဝပြန်လာခွင့် မရှိတဲ့ ... ဟော့ကောင်ရာ"

"မင်းကလည်းကွာ ... ငါတောင် သနားလာပြီ။ မင်းအဖြစ်က တယ်ဝွမ်းပါလား သားကြီးရာ။ ဒါနဲ့ ဘယ်တော့ မင်းသွားရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မသိသေးပါဘူး။ ငါ့ cousin နှစ်ကောင် လာခေါ်မယ် ပြောတာပဲ။ ဟော့ကောင် ... ငါတို့ contact ပြတ်လို့တော့ မရဘူးနော် ဘရာသာတို့။ အခြေအနေ ဗွတ်တာနဲ့ ငါပြန်လာမှာ"

အိမ်စည်က ဟိုကောင်တွေနှင့် လေပေးဖြောင့်ပြီး ပြန်လာချိန်မှာတော့ အိမ်မှာ ဝေါကနှစ်ကောင်က ရောက်လို့နေတာကိုတွေ့လျှင် သူဟာ နှစ်ကောင်ကို သတိချင်မိသွားသည်။ အဘွားအခေါ်တော်ပါးတာနဲ့ပဲ အမြန်ဆုံးနည်းနဲ့ ရောက်ချလာတော့တာပဲ။

"ဟော ... မြေးလေး လာလေ။ ဒီမှာ မွေကိုတို့ ရောက်နေကြပြီ မြေးရဲ့"

သူက မချိသွားဖြဲ မျက်နှာထားဖြင့် အဘွားဘေးနားကခုံမှာ ဝင်ထိုင်ကာ ဟိုနှစ်ယောက်ကို နှုတ်ဆက်တဲ့သဘောဖြင့် ခေါင်းညိတ်ပြလိုက်၏။ ဟင်း ... ဘာဒီဇိုင်းတွေမှန်း မသိဘူး။ အဲဒီ ကြောင်တောင်တော ရုပ်စုတ်တွေပဲ အကောင်းလုပ်ဝတ်တတ်တဲ့ အူစကူတွေ။





"ဟား ... ကိုချစ်က အရမ်းကိုခန့်ပြီး ချောလာတာပဲမျှ။ အဖေကတော့ ကိုချစ်ကို မြင်ရင် အရမ်းဝမ်းသာမှာ ... အဟီး"

"အေး ... အေး ... မင်းတို့ရောက်တုန်း အေးဆေးနေဦးလေ။ ငါ မင်းတို့ကို လိုက်ပို့ပေးမယ်"

"ဟယ် ... အေးဆေးမနေရပါဘူး။ သန်ဘက်ခါ ပြန်ရမှာ။ မြေးတို့ကို မောင်သောင်းနဲ့ ဘဲညွှန့် လိုက်ပို့ပေးမှာ"

ကျစ် ... သန်ဘက်ခါကဲ့လား။

အိမ်စည်က မကြည်မလင် မှုန်တေတေမျက်နှာထားနဲ့ပဲ ထိုင်နေမိစဉ်မှာ အဘွားက ထောင့်စားပွဲက ဖုန်းတစ်လုံးကို လှမ်းယူလိုက်ပြီး ...

"ရော့ ... မြေး၊ ဒီဖုန်းယူသွား။ သားဖုန်းကို ထားခဲ့"

ဟင် ...။ အိမ်စည်က သူ့အကျႌအိတ်ကပ်ထဲက Galaxy Note ကြီးကို လှမ်းကိုင်လိုက်ရင်း အဘွားအစီအစဉ်ကို တွင်တွင်ငြင်းလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... သားဖုန်း သားယူသွားမှာပေါ့ ဘွားရ"

"ရွာထဲမှာ ဂျီဆိုမမိဘူးဗျ၊ ကမ်းရိုးတန်းမှ အဆင်ပြေမှာ"

ရွှေညီ လှမ်းပြောတာကြောင့် သူက ကျစ်ခနဲ စုတ်သပ်လိုက်ရင်းက အဘွားပေးတဲ့ ဖုန်းကို လှမ်းယူကာ အပေါ်ကို တက်လာခဲ့ပြီး သူ့အခန်းထဲရောက်လျှင် အိပ်ရာပေါ်မှာ ကန့်လန့်ဖြတ် ပက်လက်လှန်ချလိုက်ပြီး ဟားခနဲ ထအော်လိုက်လေသည်။

တကယ့် ကွိုင်ပဲကွာ။

အိမ်စည်သည် တကယ်ကြီး သွားရတော့မယ်ဆိုတော့ ရင်ထဲမှာ လုံးဝလေနေမိ၏။ ဒါပေမဲ့လည်း သူ ဒီလိုမှမသွားရင် ဟိုမိန်းမကြီးကို ယူလိုက်ရမှာပေါ့။ အဲဒါတော့ မဖြစ်နိုင်ဘူး။ သူဟာ ဘာမှကြံရာမရတော့တာကြောင့် သွားလိုက်ဖို့ပဲ စိတ်ထားလိုက်တော့သည်။





အိမ်စည်သည် ခရီးဆောင်အိတ်ထဲမှ အင်္ကျီအဝတ်အစားတွေထည့်ပြီးသွားလျှင် ခြင်းအသေးလေးထဲသို့ သူသုံးနေကျ တစ်ကိုယ်ရည်ပစ္စည်းတွေကို ထည့်ရလေသည်။ အဘွားက ပစ္စည်းတွေကို ဘာလိုလို လုံးဝမပို့ပေးဘူးလို့ ဆိုထားတာကြောင့် သူဟာ လိုလိုမယ်မယ် spare part တွေတောင် ထည့်လာခဲ့၏။ facial foam ၊ Toner ၊ Bathing Soap ၊ Aftershave Rollon၊ ရေမွှေး၊ Body loation ၊ Body spary စသဖြင့် အမျိုးအမယ် စုံလင်စွာ ထည့်ရ စီစဉ်ရတာကြောင့် သူက ခရီးတစ်ခု သွားရသလို နည်းနည်းပျော်လာတဲ့ ဖီလင်မို့ ကိုယ့်ဘာသာကိုယ် သဘောတွေ ကျရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရွှေချိုးကူ"ရွာလေးကို သူက ငယ်ငယ်ကတည်းက နားစွဲနေအောင် ကြားဖူးပေမယ့် တစ်ခါမှတော့ မရောက်ဖူးပေ။ အဖေရှိတုန်းကလည်း အခါများစွာ သွားခဲ့သည်။ အသွားဆိုရင်လည်း အနည်းဆုံး တစ်နှစ် တစ်ခေါက်တော့သွားပြီး အလှူလုပ်တာတို့ ဘာတို့ ရှိသည်။ ဒါပေမဲ့ သွားတိုင်းလည်း သူက အကြောင်းအမျိုးမျိုးပြ နေခဲ့တာပင်ဖြစ်၏။ ဟင်း ... ဟင်း သွားမယ့်သွားတော့လည်း အကြာကြီးကို အချိန်ပေး သွားရသလို ဖြစ်နေ၏။

ခရီးသွားဖို့အတွက် ပစ္စည်းတွေထည့်ပြီးနောက်မှာတော့ သူက သူ့ loptop ၊ ipod ၊ portable speaker တို့ကို အိတ်ထဲထည့်ကာ ဇစ်ပိတ်လိုက်တော့သည်။ ပစ္စည်းတွေကတော့ အားလုံးထည့်ပြီးသွားပြီဖြစ်၏။ ဒီနေ့ညနေမှ သွားမှာမို့ သူ့အတွက် အချိန်က ပိုသေးတာကြောင့် သူက shopping ထွက်ဖို့ စိတ်ကူးရလေသည်။ အဲဒါကြောင့် အကျီကောက်လဲကာ shopping သွားမယ်ဆိုပြီး ဧည့်ခန်းရှေ့ကအဖြတ်မှာ အဘွားက လှမ်းမေးလေသည်။





"ဒါက ဘယ်လဲ အချစ်"

သူက ကားသော့ကို ဝှေ့ယမ်းရင်းက အဘွားဆီ လျှောက်လာရင်း TV ထိုင်ကြည့်နေသော ဟိုနှစ်ကောင်က သူ့ကို ရယ်ပြလေသည်။ သူက အဲဒီဂေါက်သီးနှစ်ကောင်ကို အရေးမစိုက်ဘဲ အဘွားဘေးသို့ ဝင်ထိုင်ရင်း ...

"shopping သွားမလို့လေ ဘွားရဲ့။ လိုအပ်တာလေးတွေ ဝယ်မလားလို့"

"ဩော် ... အင်း၊ အဲဒါဆို မြေးလေး ရွှေညီ ရွှေကို့ကိုပါ ခေါ်သွားလိုက်လေ။ သူတို့ကို လိုချင်တာ အားလုံးဝယ်ပေးလိုက်။ ကဲ ... မြေးတို့၊ အချစ်နဲ့ လိုက်သွားကြ"

သူက တောသား ငပိန်းနှစ်ကောင်ကို သူနဲ့အတူ ခေါ်သွားရရင် သူ ရှိုးပွဲမယ်ဆိုတာ သိနေတာကြောင့် သူက ငြင်းကြည့်သော်လည်း မရတာကြောင့် စိတ်ညစ်ညစ်နဲ့ပဲ အဲဒီနှစ်ကောင်ကို ခေါ်လာခဲ့တော့သည်။

"ကဲ ... ဟော့ကောင်တွေ၊ မင်းတို့က ဘာတွေဝယ်ကြမှာလဲ။ ဘာလိုချင်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ... ကိုချစ် ကြိုက်တာဝယ်ပေးလေ"

"ဩော် ... ဒုက္ခပဲ။ ကဲ ... ရွှေကို၊ မင်း ဘယ်သွားချင်လဲ"

သူက လှည့်မေးလျှင် သူတို့ညီအစ်ကိုနှစ်ယောက်က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီးမှ သူ့ကိုမပြောရဲပြောရဲ ဒီဇိုင်းဖြင့် ကုပ်ချောင်းချောင်း ပြောလေသည်။

"ဟိုလေ ... ဟိုမင်းသမီးလေး ကြော်ငြာတဲ့ လိုချင်တာအားလုံးရနိုင်တာ Junction Center ကို သွားချင်တယ်၊ ရ ... ရလားဟင် ကိုချစ်"

သူက ရွှေကို့ အပြောကြောင့် သဘောတကျဖြစ်သွားကာ ခေါင်းအသာဆတ်ပြရင်း ဒီကောင်တွေကို Junction square ခေါ်သွားလိုက်တော့သည်။ အူကြောင်ကျား နှစ်ကောင်သည် အလန်းလွန် အလွန်လန်းနေသော Mall ကြီးထဲက အသွင်အပြင် ဒီဇိုင်းတွေကို မက်လောက်စရာ တမေ့တမော ငေးကြည့်နေတာတွေကို သူက ဟက်ခနဲ တစ်ချက်ရယ်လိုက်ရင်း ...





"ဟော့ကောင်တွေ ... မင်းတို့ တစ်နေရာတည်းမှာတင် အချိန်ဖြုန်းမနေနဲ့။ လာစမ်းပါကွာ ... မင်းတို့ ဘာဝယ်ချင်သလဲ။ ကြိုက်တာပြော"

"ရန်ကုန်က ကောင်မလေးတွေများ လှလိုက်ကြတာ လက်ကုန်ပဲ ကိုချစ်ရာ။ အဟီး ဟီး ... အသက်ရှည်ဆေးလေးတွေပဲနော်"

"ဘာလဲ ... မင်းတို့က ခံစားတတ်တယ်ပေါ့"

"တောသားလည်းလူ၊ မြို့သားလည်းလူပါ ကိုချစ်ရာ။ အဟဲ ... ဒါမျိုးလေးဆို ကျွန်တော်တို့ ကြိုက်တာပေါ့။ ခက်နေတာက အဘဗျ။ အဘက ရွာကနေ မြို့ကိုတက်ဖို့ လုံးဝစဉ်းစားတာ မဟုတ်ဘူး။ ကျွန်တော်တို့က ကိုချစ်ကိုဆိုအရမ်းအားကျတာ။ အမျိုးတွေထဲမှာ ကိုချစ်က ရန်ကုန်သား အစစ်ကြီးလေ"

သူ့ကိုအားကျပါတယ်လို့ တရားဝင်ထုတ်ဖော်ပြောလာတဲ့ ရွှေကိုနဲ့ ရွှေညီဟာ သူ့အတွက် ဟိုရောက်ရင် လျှပ်လို့ရ



www.burmeseclassic.com

www.burmeseclassic.com



မယ့် အဖောင်ကောင်းဆိုတာ နားလည်လိုက်တာကြောင့် ဒီကောင်တွေကို မက်လုံးပေးလိုက်တော့သည်။

"မင်းတို့ကလည်း ရန်ကုန်သား လုပ်လို့ရတာပဲကွ၊ မင်းတို့အခွံတွေ change လိုက်ရင် မိုက်သွားပြီ။ ဘယ်လိုလဲ ... ငါ သင်ပေးရမလား"

"ဟား ... တကယ် ... တကယ်ပြောတာလား ကိုချစ်"

နှစ်ကောင်က အော်ကြီးဟစ်ကျယ် ထလုပ်လျှင်ဘေးဘီက အချို့က လှမ်းရှိုးတာကြောင့် သူ့မှာ ရှိုးပွဲရသေးသည်။ ဒါပေမဲ့ ထားပါလေ။ ဒီငွမ်းနေတဲ့ တောသားနှစ်ယောက်ကို အခွံ change လိုက်မှ သူတို့လှုပ်လို့ရမှာ။

"တကယ်ပြောတာပေါ့ကွာ။ ငါ့ညီတွေကို ငါက အမိုက်စားဖြစ်စေချင်တာပေါ့"

"ဟီး ... ဟီး ... ဟုတ်တော့ ဟုတ်တယ် အစ်ကိုရ။ ဒါပေမဲ့ အဘက ကျွန်တော်တို့ကို ပိုက်ဆံအများကြီး ပေးသုံးတာ မဟုတ်ဘူး"





"စိတ်မပူပါနဲ့ကွာ။ ငါ မင်းတို့ကို ဝယ်ပေးမှာပေါ့ကွ။ လာ ... လာ ... သွားဝယ်မယ်"

အိမ်စည်က Guy corner ထဲသို့ ခေါ်သွားကာ ရွှေကိုနှင့် ရွှေညီအတွက် အဝတ်အစား ဘောင်းဘီဖိနပ်ဝယ်ပေးပြီး ဒီဇိုင်းချိန်းပေးလိုက်လျှင် ဒီကောင်တွေ နည်းနည်းတော့ ပုံထွက်လာပါသည်။

သူတို့နှစ်ယောက်ကို သုံးသိန်းဖိုးလောက် ပစ်ကျွေးလိုက်တာနဲ့ ရွှေကိုနဲ့ ရွှေညီဟာ နာရီပိုင်းအတွင်းပင် သူ့လက်အောက်ကို အော်တိုရောက်လာပေတော့သည်။ သူတို့ shopping ပတ်ပြီး ဗိုက်ဆာလို့ စားမယ်ဆိုတော့ ဟိုနှစ်ကောင်ပါ စားရသောက်ရ အဆင်ပြေအောင် "ရွှေပလ္လင်"ထဲ ခေါ်လာပြီး အစားအသောက် မှာပြီးတော့မှ ...

"ကဲ ... ဘယ်လိုလဲ၊ အဆင်ပြေကြတယ်နော်။ ဒီနေ့ ငါ့အချိန်တွေ ငွေတွေ အကုန်ခံပြီး မင်းတို့ကို ဝယ်ပေးတယ်နော်၊ ဘာထပ်ယူဦးမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ရပြီ ကိုချစ် ရပြီ။ ကိုချစ်က ရေလည်သဘော ကောင်းတယ်ဗျာ။ ကျေးဇူးအရမ်းတင်တယ်။ ကိုချစ် ကျွန်တော်တို့ကို ကြိုက်တာခိုင်းနော်။ ကျွန်တော်တို့ ကိုချစ်ကို ရွာရောက်မှ လွတ်ကျေးဇူးဆပ်မယ် ... ဟဲ ဟဲ"

သူက လက်ဖက်ရည်တစ်ငုံ သောက်လိုက်ရင်းကမှ idea တစ်ခုရလာကာ သူတို့ကို ညိုကြည့်လိုက်သည်။

"တကယ်တော့ မင်းတို့ ဒီလိုလန်းနိုင်ဖို့ဆိုတာ ရန်ကုန်မှာနေ၊ သင်တန်းတွေတက် အဲဒီလိုမှရမှာ။ မင်းတို့ ရန်ကုန်မှာနေပြီး သင်တန်းလေး ဘာလေး တက်မလား"

"အာ ... မဖြစ်ပါဘူး ကိုချစ်ရာ။ အဘက ခွင့်ပြုမှာမဟုတ်ဘူးဗျ။ ကျွန်တော်တို့ ဆယ်တန်းအောင်ပြီးကတည်းက လယ်အလုပ်ဘဲ လုပ်လာတာ။ ရန်ကုန်မှာ ဘာသင်တန်းသွားတက်လို့ ရမှာလဲ။ အဟီး ... ပြီးတော့ ကျွန်တော်တို့က စာဆို ဘာစာမှ မကြည့်ချင်တော့ဘူးဗျ"

"ဟုတ်တယ် ... ကိုချစ်ရ။ ကျွန်တော်တို့ ရန်ကုန်မှာတော့ အကြာကြီး မနေနိုင်ဘူး။ အဟဲ ... ရွာကိုလွမ်းမှာဗျ"





လွမ်းမယ် ...။ သူက ရွှေညိုစကားကြောင့် နည်းနည်းတော့ ပဟေဠိဖြစ်သွားရသည်။ ဒီလို ဒီလို ပျော်စရာတွေ အလန်းစားတွေ ရှိနေရာကိုတောင် မမက်မောဘဲ ရွာကိုလွမ်းမယ် ဆိုတော့ အဲဒီရွာမှာ ဘာ attraction တွေများ ရှိနေလို့လဲ။ သူက ပါးပါးလေး စိတ်ဝင်စားသွားတာကြောင့် စကားအစ်လိုက်တော့သည်။

"ရွာကိုလွမ်းမယ် ဆိုတော့ ဘာလဲ ... မင်းတို့မှာ ဆော် ရှိနေပြီလား"

"မရှိပါဘူး ကိုချစ်ရ။ အဟဲဟဲ ... ဒါပေမဲ့ ပိုးနေတာတွေတော့ ရှိတာပေါ့။ ကျွန်တော်တို့ဆီကို ကိုချစ်မရောက်ဘူးလို့။ အရမ်းပျော်စရာကောင်းတာ။ ဒီမှာကျတော့ ကျွန်တော်တို့ ပျော်ပေမယ့် အရမ်းမပျော်ဘူးဗျ။ ရွာမှာဆို ကြိုက်သလို ကဲလို့ရတယ်။ အခုဆို ကိုချစ်ပါ ရွာမှာလာနေမှာဆိုတော့ အရမ်းပျော်စရာကြီးနေမှာ။ တစ်ရွာလုံးက ကိုချစ် အလာကို မျှော်နေတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

အဲဒီစကားကြောင့် သူက အူတူတူ ဖြစ်သွားရလေသည်။ ဘာလဲဟ။ သူ့ကို ဘယ်သူကသိလို့ ဘယ်သူက မျှော်နေရတာလဲ။ ဘကြီးနဲ့တောင် သူက သိပ်အကျွမ်းတဝင် မရှိပေ။ အခုမှ ဒီညီအစ်ကိုနဲ့ peace တုန်း ရှိသေးတာ။

"နေပါဦးကွ ... ငါ့ကို ဘာလို့ မျှော်တာလဲ။ ငါ့ကိုသိကြလို့လား"

"အာ ... သိတာပေါ့ ကိုချစ်ရ။ ကိုချစ်ကို မမြင်ဖူးပေမယ့် အားလုံးက ကိုချစ်ကို ဘွားဘွားဒေါ်အေးချစ်ရဲ့ တစ်ဦးတည်းသောမြေး ဆိုတာ သိနေတာပဲ။ ဘွားဘွားက ရွာရဲ့နေရာတော်တော်များများ လိုအပ်တာတွေကို လှူထားတော့ အရမ်းသြဇာညောင်းတယ်။ ဘွားဘွားရွာကိုလာရင် အားလုံးက ပျာပျာသလဲကို ဂရုစိုက်ကြတာ။ ချစ်ကြောက်ရိုသေတာပေါ့ဗျာ"

"ဩော် ... အင်း ... အင်း ... ကဲ ... မင်းတို့စားပြီးရင်သွားမယ်လေ"





"ဟုတ်ကဲ့ ... ကိုချစ်"

သူတို့နှစ်ယောက်က ပြုံးပြုံးပျော်ပျော်ဖြင့် အားပါးတရ ထိုင်စားပြနေသော်လည်း သူကတော့ ပျော်စရာကောင်းပါတယ်လို့ဆိုသော ဂျီအက်စ်အမ်လိုင်းမမိသော၊ ရွာထဲကားဝင်လို့မရသော စသဖြင့် သောပေါင်းများစွာ ပြည့်နှက်နေတဲ့ သူမရောက်ဖူးသည့် အစိမ်းသက်သက် နယ်မြေသစ်တစ်ခုကို ဘွားဘွားပေးစားတဲ့မိန်းမ မယူချင်တာကြောင့် မျက်စိမှိတ်ပြီး သွားဖို့ဆုံးဖြတ်လိုက်ရတာကြောင့် ရှေ့လာမယ့် အနာဂတ်ကို ရင်တုန်နေမိပါသည်။

○✦○



www.burmeseclassic.com

www.burmeseclassic.com



## ၃

"အေးကွယ် … သာဓု … သာဓု … သာဓု …

ငါ့မြေးလေးတွေ လိုရာခရီးကို ချောချောမွေ့မွေ့ ရောက်ပါစေ"

ဘွားဘွားကို ရှိခိုးကန်တော့ပြီးတဲ့ နောက်မှာတော့ သူ့ကို ဘွားဘွားက အထူးတလည် မှာလေသည်။

"မြေးလေး … ဘွားဘွားက ငါ့မြေးကို ပြောင်းလဲစေချင်လို့ ကောင်းသောစိတ်နဲ့ ရွာကိုလွှတ်တာနော်။ ဟိုမှာ … မင်းဘကြီးရဲ့ လယ်အလုပ်တွေကို ဝင်လေ့လာ၊ သင်ယူကြားလား။ ပွဲရုံကို အောင်မြင်အောင် ဦးစီးနိုင်ဖို့ဆိုတာ





အခြေခံကစပြီး လေ့လာရမယ်။ လယ်လုပ်တာဟာ ဘွားတို့ရဲ့ မိရိုးဖလာ အလုပ်ပဲ …

သား အခြေခိုင်မှ မယိုင်မှာ။ ဘွားဘွားရဲ့ပွဲရုံကို ငါ့မြေး စိတ်ဝင်တစားနဲ့ အောင်မြင်အောင် ဦးစီးနိုင်သည်အထိ လေ့လာသင်ယူလာပါ မြေး"

အိမ်စည်က ဘွားဘွားကို ခေါင်းတစ်ချက်သာ ဆတ်ပြလိုက်တော့သည်။ အဘွားရဲ့ပွဲရုံကို ကျွန်တော်မှ စိတ်မဝင်စားတာ၊ ဟိုမှာ ဘာသွားလုပ်ရမှာလဲလို့ မေးလိုက်ချင်ပေမယ့်လည်း နေရမယ့်ကာလက အိတ်စတန်းရှင်း ထပ်လာနေမှာစိုးတာကြောင့် ဘာမှဆက်မပြောဖြစ်တော့ချေ။

"ရွှေကို … ရွှေညီ … မင်းအစ်ကို့ကို စိတ်ချမယ်နော်။ သူ ရန်ကုန်ကို နိုးပြန်လာတယ် ဆိုတာနဲ့ အဘွားကိုတိုင်ကြားလား။ သူ့ကို လုပ်စရာရှိတာ လုပ်ခိုင်းနော်"

"ကဲပါ … ဘွားရာ။ သား ဟိုမှာ လိမ်လိမ်မာမာနေပါ့မယ်။ အဘွားလည်း သားကို မြန်မြန်ပြန်ခေါ်ဖို့ မမေ့ပါ



www.burmeseclassic.com

www.burmeseclassic.com



နဲ့။ ကဲ ... အဲဒါဆို သွားတော့မယ် ဘွား။ ဦးသောင်းနဲ့ ဦးညွန့် အဆင်သင့်ပဲလား"

"အဆင်သင့်ပဲ အချစ်ရေ"

"ကဲ ... ဘွား၊ သွားပြီနော်"

ဘွားဘွားက သူ့ကို ကားပေါ်ရောက်သည်အထိ ပြုံးရွှင်စွာ လိုက်ပို့လေသည်။ Super custom နဲ့ သွားရတာမို့ အရမ်းကို သွားရတာဟာ comfort ဖြစ်ပြီး ငြိမ့်နေပေမယ့် သူက တော့ သူ့ရဲ့ BMW လေးကိုပဲ သတိရလေသည်။ တောသားနှစ် ယောက်က သူဆင်ပေးထားတဲ့ ဒီဇိုင်းတွေနဲ့ တော်တော့်ကိုဟုတ် နေကြပေမယ့် သူကတော့ လုံးဝကို မဟုတ်နိုင်ပေ။ ကားစထွက် လာကတည်းက သူ့ရဲ့ Beats by Dre Headphone ကိုတပ်၍ မျက်လုံးတွေကို မှိတ်လိုက်လာကာ သီချင်းတွေနဲ့တစ်ကမ္ဘာ ဖြစ် နေတော့တာဖြစ်၏။

○✦○





"ကိုချစ် ... ကိုချစ် ... ထတော့ဗျ"

သူ့ကိုလှုပ်နှိုးလိုက်သည့် အဟိအတွေ့ကြောင့် သူ က မျက်လုံးတွေ ပွင့်လာကာ ပျင်းကြောကစ်ချက် ဆန့်လိုက်ရင်း လှဲအိပ်နေရာမှ ထထိုင်လိုက်သည်။

ကားက ရပ်ထားတာမို့ သူက ရောက်ပြီလားဟု ထင်ကာ ဘေးဘီကို ကြည့်ရင်းက ဟိုနစ် ကောင်ကို လှမ်းမေးရ သည်။

"ဟေ့ကောင်တွေ ... ရောက်ပြီလား"

"မရောက်သေးဘူး ... ဒါပေမဲ့ နီးနေပြီ။ အခုမနက်စာ စားရင်း ကားလည်း ခဏနားမလို့လေ။ လာ ... ဒီဆိုင်က အစားအသောက် ကောင်းတယ် ကိုချစ်ရ။ လာလေ ...



www.burmeseclassic.com

www.burmeseclassic.com



ကိုချစ်ကဗျာ အိပ်ပုပ်ကြီးလိုက်တာ။ ညက ကျွန်တော်တို့ လက်ဖက်ရည် ဆင်းသောက်ကြသေးတယ်။ ကိုချစ်ကို နှိုးလို့မရလို့။ အဘသောင်းက ကိုချစ်က အိပ်ရေးမဝရင် စိတ်ဆိုးတတ်တယ်ဆိုလို့ မနှိုးတော့တာ"

သူကမေးတာ တိုတိုလေးကို အရှည်ကြီး လိုရင်းမရောက် ဖြေနေသော ကိုလေရှည် နှစ်ယောက်ကို စကားဖြတ်ကာ သူ့ကျောပိုးအိတ်လေး ကောက်ဆွဲ၍ ကားပေါ်ကဆင်းလိုက်မှ သူတို့နှစ်ယောက်က အသည်းအသန် ဆင်းတော့တာဖြစ်သည်။

အိမ်စည်သည် ဂေါက်နှစ်ယောက်ကို သဘောကျစွာ ရယ်မိရင်း သဘာဝရဲ့လေအေးအေး အရသာကို အပြည့်အဝရှိုက်သွင်းလိုက်သည်။ အား ... လန်းသွားတာပဲ။ ရန်ကုန်ကထွက်လာတာနဲ့ မြို့ပြင်ဘက်မှာ ရတတ်တဲ့ သဘာဝဆန်တဲ့ လောကကြီးရဲ့ ကိုယ်သင်းရနံ့ကြောင့် နောက်ကျိကျိ သူ့ဦးနှောက်ကို နည်းနည်းလင်းသွားတာတော့ အမှန်ပဲဖြစ်၏။





တောလက်ဖက်ရည်ဆိုင်လေး ဖြစ်တာမို့ ပကာသနမရှိပေ၊ ဦးသောင်း၊ ဦးညွှန့်နဲ့ ဟိုနှစ်ကောင်ကတော့ လက်ဖက်ရည်နဲ့ အီကြာကွေး စားနေချိန်မှာ သူက ဝိတ်လျှော့ချင်လာတာကြောင့် ဘယ်သူ့မှ ခေါ်မနေတော့ဘဲ ဆိုင်ထဲက ကောင်လေးကိုမေးကာ အနောက်ဘက်သို့ ဝင်လာခဲ့တော့သည်။ toilet ဝင်ပြီးနောက်မှာတော့ ဘေစင်မှာ သွားတိုက်၊ မျက်နှာသစ်ပြီး ဆိုင်အပြင် ပြန်ထွက်လာခဲ့သည်။ သူက ခွေးခြေခုံပုလေးမှာ ထိုင်လိုက်လျှင် ဦးသောင်းက ...

"အချစ် ... ဘာစားမလဲ။ ညကလည်း ဘာမှမစားထားတော့ ထမင်းကြော်လေး စားလိုက်ပါလား"

သူက ဗိုက်ဟဲမှာလည်း ဟာတာတာ ရှိတာမို့ ခေါင်းညိတ်ပြလိုက်လေသည်။

"ဒီကနေ ဘယ်လောက် ဆက်သွားရဦးမှာလဲ ဦးသောင်း"

"မဝေးတော့ပါဘူး။ တစ်နာရီကျော်ကျော်လောက်ပဲ မောင်းရတော့မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်"

အိမ်စည်သည် ဘာမှဆက်မပြောတော့ဘဲ ထမင်းကြော်ကို တစ်လုတ်စားကြည့်လိုက်လေသည်။ အားလားလား … ထမင်းကလည်း မာတောင့်နေတာပဲ။ သူက မျိုချလိုက်လျှင် နင်သွားတာကြောင့် ရေနွေးတစ်ခွက်ငှဲ့ကာ ဖူးဖူးမှုတ်၍ သောက်ချပစ်လိုက်ရသည်။

"ဘာ … ဘာဖြစ်လို့လဲ လူလေး"

"ကိုချစ် … ဘာဖြစ်လို့လဲဟင်"

သူ့ကို အားလုံးက စိုးရိမ်တကြီးမေးလျှင် သူက ခေါင်းအသာယမ်းပြရင်းက …

"ဘာမှမဟုတ်ဘူး။ နင်သွားလို့ …

ဦးသောင်း … ထမင်းကြော်က အရသာတော့ မဆိုးပါဘူး။ ထမင်းကြီးက မာလိုက်တာဗျာ"

သူက ခပ်တိုးတိုးပြောလေလျှင် ရွှေကိုနဲ့ ရွှေညီက တဟားဟား ထရယ်တာကြောင့် သူက စိုက်ကြည့်လိုက်လျှင် ရယ်တာကို မျက်နှာပိုးသတ်လိုက်ကြရင်းက …





"ဒီမှာက ဒီလိုပဲ ကိုချစ်ရဲ့။ မနက်ခင်းကြီးစာကို အစာခံအောင် ထမင်းနည်းနည်းမာတာနဲ့ ကြော်တာလေ။ ဒီမှာက အားလုံး ဒီလိုပဲဗျ … အဟဲ"

ဟား … ဒုက္ခပဲကွာ။ အဲဒီမှာ ဓာတ်လမ်းကစတွေ့တာဖြစ်သည်။ သူလိုကောင်က ထမင်းဆို မာတာလုံးဝစားတာမဟုတ်။ သူ့အိမ်မှာ မနက်စာထမင်းကြော်စားရင် အဲဒီထမင်းကြော်ဟာ နူးညံ့၍ ဝါးလိုက်တာနဲ့ကို အိစက်တဲ့အရသာမျိုးဖြင့် အရသာရှိစွာ စားတတ်သူဖြစ်သည်။ သူက စိတ်ညစ်တာကြောင့် ဘာမှရှည်ရှည်ဝေးဝေး မပြောတော့ဘဲ လက်ဖက်ရည်သာ သောက်လိုက်တော့သည်။ ဝါး … လျှာထဲကို အလုံးအရင်းနဲ့ကို ဝင်ရောက်လာသော ကျောက်ပန်းတောင်းဂိတ်ဆုံး အချိုဓာတ်သည် သူ့ကို ရေလည်ဓာတ်ပျက်စေပါသည်။ သူ့မျက်နှာက မအီမသာ ဖြစ်နေတာကိုသိလျှင် ဦးသောင်းက ရွှေကိုနဲ့ ရွှေညီကို အမှာစကားပါးလေသည်။

"အချစ်က လက်ဖက်ရည်ဆို ပေါ့ဆိမ့်ပဲ သောက်တာ။ သူက အချိုသိပ်မကြိုက်ဘူး။ ခုနက ပြောဖို့မေ့သွားလို့ …



www.burmeseclassic.com

www.burmeseclassic.com



လူလေး ... ဦးသောင်း ထပ်မှာပေးမယ်လေ”

“နေပါစေတော့ ဦးသောင်းရာ။ ထားလိုက်တော့၊ ကျွန်တော် ကားထဲက မုန့်တွေပဲ သွားစားတော့မယ်။ ပိုက်ဆံရှင်ပြီးရင် သွားရအောင်”

သူက ထလာကာ ကားပေါ်မှာ ထိုင်နေ၍ သူ့ကို အဘွားထည့်ပေးလိုက်သည့် ဘတ်တာကိတ်ကို ထုတ်ကာ တစ်ချပ်ယူစား၍ ရေသောက်ပစ်လိုက်လေသည်။ ကားမှန်ထဲကနေ တစ်ဆင့် ဟိုကောင်နှစ်ယောက်ကို ကြည့်မိလိုက်လျှင် သူတို့က တော့ အားပါးတရကို စားနေသောက်နေတာကို တွေ့ရလေသည်။ အင်း ... သူတို့ကတော့ အဆင်ကို ပြေနေတာပဲ။

ရွှေကိုနဲ့ ရွှေညီဟာ အိမ်စည့်ရဲ့ ညီအစ်ကိုဝမ်းကွဲ ဆိုပေမယ့် ပုံစံချင်း စရိုက်ချင်းကတော့ လုံးလုံးခြားနားလေသည်။ ပြောရရင်လည်း ဒါဟာ ဘဝပေးကံလို့ပဲ သတ်မှတ်နိုင်ပေသည်။ သူ့အဖေဟာ ရွာရဲ့စွန့်ဦးမြို့တက်သူအဖြစ် ရန်ကုန်မှာ ဆန်လုပ်ငန်းလာလုပ်ရင်းက ကြီးပွားသထက် ကြီးပွားလာကာ မေမေနဲ့





အကြောင်းပါပြီး ရန်ကုန်မှာ အပြီးအခြေချ၍ ဘွားဘွားကိုပါ ခေါ်ထားတာဖြစ်သည်။ ရွာရဲ့မျက်နှာဖုံးအဘွားဟာ ရန်ကုန်ရောက်တော့လည်း စီးပွားရေးအမြော်အမြင်ကြီးစွာဖြင့် ပဲစက်တွေ၊ ဆီစက်တွေလုပ်ရင်းက အမေ သူ့ကိုမွေးတဲ့အချိန်မှာ သူတို့စီးပွားရေး အခြေအနေတွေဟာ အထွတ်အထိပ်ကို ရောက်လာတာဖြစ်၏။

လာဘ်ကောင်လေး သူ့ကို တစ်အိမ်လုံးက ဖူးဖူးမှုတ် ချစ်ခဲ့ အလိုလိုက်ခဲ့ လိုတရခဲ့တဲ့အတွက် ကံကြမ္မာက သူ့ဆီကနေ မိဘတွေကို အလျော်ပြန်တောင်းသွားခဲ့လေသည်။ မိဘတွေဆုံးပြီးကတည်းက ဘွားဘွားကပဲ ဖေဖေ့စီးပွားရေးကိုပါ ဦးစီး၍ သူ့ကို ပြုစုမွေးမြူလာခဲ့တာဖြစ်သည်။ တစ်ဦးတည်းကျန်နေခဲ့တဲ့ မြေးလေးရယ်ဆိုပြီး အရမ်းအလိုလိုက်ထားသမျှ ဒီတစ်ခါကျတော့ ဘွားဘွားက ခွင့်မလွှတ်နိုင်စွာ သူ့ကိုတောပို့လိုက်သည် အထိကို အပြစ်ပေးလိုက်တာကြောင့် သူလည်း နည်းနည်းတော့ ထိပါသည်။ ဒါပေမဲ့ သူ ယုံကြည်နေတာက ဘွားဘွား ဘယ်လောက်ပဲပြောပြော သူ့ကို တစ်ပတ်ထက်ပိုပြီး ခွဲနိုင်မှာမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ပေ။ ဒါကြောင့် ဘွားဘွား ကိုယ်တိုင် "ပြန်လာခဲ့တော့ မြေးလေးရေ"ဆိုတာ မကြာခင် ကြားရတော့မှာမို့ သူက ဒီဒုက္ခတွေကို ခဏတော့ သည်းခံပေးလိုက်သည်။

"ရပြီ ... ကိုချစ် သွားမယ်။ ရွာကို ဖုန်းဆက်ထားပြီးပြီ။ သူတို့ ရွာထိပ်ကနေ စောင့်နေကြတယ်"

သူက ရွှေကို့စကားကို ခေါင်းတစ်ချက်သာ ဆတ်ပြရင်း ငြိမ်ငြိမ်လေး လိုက်လာတော့သည်။ နေရောင်လေး နည်းနည်းပွင့်လာတာကြောင့် သူက မျက်လုံးစပ်မှာစိုးလို့ သူ့ရဲ့ Prada မျက်မှန်လေးကို ထုတ်တပ်လိုက်လေလျှင် ရွှေကိုနဲ့ ရွှေညီက ...

"ဟား ... ကိုချစ်က အရမ်းမိုက်တာပဲဗျာ"

"ဟော့ကောင်တွေ ... ငါ့ဘာသာငါ သိတယ်။ အရေးကြီးတာက ကိုချစ် ... ကိုချစ်နဲ့ မခေါ်စမ်းပါနဲ့ကွာ"

"အာ ... နှုတ်ကျိုးနေပြီ ကိုချစ်ရ၊ အဘက ကိုချစ် ... ကိုချစ်နဲ့ ခေါ်ခေါ်နေတော့ ကျွန်တော်တို့လည်း နှုတ်ကျိုးနေပြီ"





"ဟား ... သဘောကွာ၊ ခေါ်ချင်တာသာ ခေါ်တော့"

သူက စိတ်အချဉ်ပေါက်စွာ ကျစ်ခနဲ စုတ်သပ်လိုက်လေသည်။ ဆက်ပြောနေရင်လည်း လက်ပေါက်ကပ်ဦးမှာမို့ သူဟာ ဘာမှမပြောဘဲသာ နှုတ်ဆိတ်နေလိုက်တော့သည်။ သူ့စိတ်တွေကတော့ ကက်သရင်းဆီ ရောက်လိုက်၊ သူ့ဘော်ဒါတွေဆီ ရောက်လိုက်၊ သူ မနက်ခင်းဆို စားတတ်တဲ့ Oriental House က ဒင်းဆမ်းဆီ ရောက်သွားလိုက်နှင့် စိတ်တို့က တကယ်ကို တောင်စဉ်ရေမရ လွင့်လို့နေတာဖြစ်သည်။

"ကိုချစ် ... ကိုချစ် ... ဟိုးရှေ့က မြင်နေရတဲ့ ရွာကလေးက ကျွန်တော်တို့ ရွာလေ"

သူက စိတ်ဝင်တစားဖြင့် ရှေ့ကို လှမ်းမျှော်ကြည့်လိုက်မိသည်။ သာမန်နေရာဒေသတစ်ခုပါပဲ။

"ဦးသောင်း ... ဦးညွန့် ... ဘွားကို ဂရုစိုက်နော်။ ပြီးတော့ ကျွန်တော့်ကိုလည်း မြန်မြန်ပြန်လာခိုင်းအောင် တိုက်တွန်းပေးဦး သိလား"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ လူလေးရယ်။ ဦးသောင်းတို့ တတ်နိုင်သမျှ ပြောပေးပါ့မယ်"

"တိတွူးတီ ... ဒုံ ... ချွမ်း ချွမ်း ... တုန်တီတီ"

စကားပြောနေရင်းက နားထဲသို့ စုံစီနဖာ ဝင်လာတဲ့ ဗုံသံ လင်းကွင်းသံတွေကြောင့် သူက ဘာလဲဟဆိုပြီး ဆတ်ခနဲကြည့်လိုက်လျှင် သူတို့ကားရပ်လိုက်သည့် နေရာမှာပဲ အိုးစည်ဒိုးပတ် အစုံအလင်ဖြင့် ဦးရွှေရိုး ဒေါ်မိုး ကနေလေသည်။ သူက ဘာလဲဟုဆိုပြီး ကြည့်ရင်းက ...

"ဟော့ကောင်တွေ ... အလှူခံနေတာလား"

သူက မေးနေတုန်းမှာပဲ ဦးရွှေရိုး ဒေါ်မိုး အကအဖွဲ့ကြီးက သူတို့ကားတံခါးအနားကို ရောက်လာလေ၏။ ရွှေညီက ရွာကအမျိုးတွေ ပြန်တွေ့သည့်အလား ဝမ်းသာအားရ ကားတံခါးကြီး ဆွဲလိုက်ကာဖွင့်ပြီး သူပါ ဟေးလားဝါးလား ဝင်လုပ်နေလေသည်။ သူက ကားပေါ်က မဆင်းရဲသေးပေ။ ချောင်ကပ်နေလျှင် ရွှေကိုက သူ့လက်ကို အသာတို့၍ ...





"အလှူခံ မဟုတ်ပါဘူး ကိုချစ်ရာ။ ဒါ ကြိုဆိုရေးလေ။ ကိုချစ်ကို ရွာက ကြိုဆိုကြလို့ ကြိုဆိုရေးနဲ့ လာကြိုတာ"

ဟင် ...။ အိမ်စည်သည် တော်တော်လေး အံ့ဩသွားရလေသည်။ မြတ်စွာဘုရား ... ဒါက သူ့ကိုလာရောက်ကြိုဆိုတာတဲ့။ သူက များလှသော လူပရိသတ်ထဲ ဆင်းလာရတဲ့ Superstar လို ရင်ကော့ပြီး ဆင်းဖို့စိတ်မွေးကာ ကားပေါ်က ဆင်းလာလိုက်လေသည်။

"ဟယ် ... ဘွားချစ်မြေးက ချော့လိုက်တာဟယ်"

"အဲဒါ မြို့သားလား။ အမယ်လေး"

"ကိုချစ်က သူမှလား။ တော်တော်ချောတယ်"

"နို့ ... ရွှေကို ရွှေညီ၊ နင်တို့ပါ ချောလာတယ်၊ ပုံစံတွေ ပြောင်းလို့။ ခွေးဆွဲဦးမယ်အေ"

သူဟာ ချီးကျူးသံတွေရဲ့ ကြားထဲကနေ ရွှေကို ရွှေညီကို လှမ်းပြောတဲ့စကားကြောင့် မျက်လုံးတောင် ပြူးသွားရလေသည်။ ဘုရား ... ဒီလိုဒီဇိုင်းကို ခွေးဆွဲမယ်တဲ့လား။ ဘုရား ... ဘုရား ...။ သူ့ကို မျောက်ပွဲကြည့်သလို အထူးအဆန်းနဲ့ ပြုံတိုး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေကြသော သူများကို သူ့မှာ ပြန်ပဲပြုံးပြရမှာလား၊ စကား ရောဖောရောပဲ လုပ်ရမှာလား ဘာမှန်းမသိဘဲ ထိုင်ငိုချင်စိတ်သာ ပေါက်ရလေသည်။

"ဟော့ ... ဟော့ ... ဖယ်ကြဦးလေ။ ငါ့တူကြီး စိတ်ညစ်သွားဦးမယ်။ ဝေး ... သာကူ၊ အေးမောင် လာကြ။ ဒီမှာ ပစ္စည်းတွေ သယ်ပေးဦး"

"တူကြီး ... ကဲ ... သွားရအောင်"

"ဟို ... မ ... မရောက်သေးဘူးလား"

"ကိုချစ်ကလည်း ဒါက ရွာထိပ်လေ။ အိမ်က ရွာလယ်ပိုင်းမှာဗျ"

ဟုတ်သားပဲ။ အဘွားတို့ရွာက ရွာထဲကားဝင်လို့မှ မရတာ။ သူက အဲဒါကို သွားသတိရလျက် သူ့အနားမှာ ဝိုင်းနေတဲ့ လူအုပ်စုကို ကျော်လွန်ကာ ရွာတွင်းဆီသို့ မျက်စိတဆုံးငေးကြည့်လိုက်လျှင် သူ့မျက်စိတဆုံးအထိ ဘာအိမ်မှ မတွေ့ရသေးဘဲ ကုက္ကိုလ်ပင်တန်းကြီးတွေကိုသာ တွေ့ရလေ၏။

"ရွှေကို ... ရွာထဲကို ဘယ်လိုသွားရမှာလဲ"





"လမ်းလျှောက်ဝင်မယ်လေ ကိုချစ်ရ။ ဘာဖြစ်လို့လဲ၊ ကိုချစ် လမ်းမလျှောက်ချင်လို့လား"

ရွှေကို့အမေးကြောင့် အိမ်စည်က ခေါင်းညိတ်ပြလိုက်သည်။ သူ လမ်းမလျှောက်ချင်တာ တခြားမဟုတ်။ သူသာ အဲဒီရွာထဲ လမ်းလျှောက်ဝင်ရင် သူ့ဘေးကနေ တစ်ပြုံတစ်မ လိုက်လာမယ့် လူအုပ်စုကြားထဲမှာ မနေတတ်တာကြောင့်ဖြစ်၏။

"ဟိုဟာလေ ... ခရီးပန်းလာတော့ နုံးနေလို့"

"ဟုတ်တာပေါ့ ... ဘာမှမပူနဲ့ တူကြီး။ ချက်ကြီး ... ဆိုင်ကယ်ထုတ်လာခဲ့စမ်း"

ဩော် ... ဆိုင်ကယ်ရှိတော့ တော်သေးတာပေါ့။ တစ်ယောက်က ရွာထဲအပြေးအလွှား ဝင်သွားကာ ဆိုင်ကယ်သွားယူလေသည်။ ခဏကြာတော့ ဆိုင်ကယ်ကြီး မောင်းချလာကာ သူ့ရှေ့သို့ ထိုးရပ်လိုက်ပြီး ...

"အစ်ကို ... တက်ဗျ။ အစ်ကို့လိုလူမျိုးက ကျွန်တော့်ဆိုင်ကယ်စီးမယ်ဆိုတော့ ဂုဏ်ယူတယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတစ်ယောက်က သူ့ကို ဆိုင်ကယ်ကြီးတစ်စီး လုံး ပုံအပ်ထားပုံရသည်။ ခက်တာက သူ ဆိုင်ကယ်မစီးတတ် ချေ။

"ကျွန်တော် မစီးတတ်ဘူးဗျ"

"သြော် ... ရတယ် ... ရတယ်၊ ဒါဆို အနောက်ကတက် လေ"

အိမ်စည်က ခေါင်းတစ်ချက်ညိတ်ကာ နောက်မှာ ခွထိုင်လိုက်သည်။ ဖြစ်နိုင်ရင် အိမ်မြန်မြန်ရောက်ကာ နားချင်ပြီ ဖြစ်သည်။ သူသာ နေကာမျက်မှန် တပ်မထားဘူးဆိုရင် အဲဒီလူ တွေရဲ့ အကြည့်တွေနဲ့တင် သေလောက်ပါသည်။

"ကဲ ... ဆိုင်ကယ် ထွက်ပြီဟေ့။ ကြိုဆိုရေး အသင့်"

သူက ဆိုင်ကယ်မောင်းမယ့်သူရဲ့ အပြောကြောင့် ဘာမှန်းမသိဘဲ ပြူးကြည့်မိသွားတာနှင့် သူ့နားထဲသို့ ဆူဆူညံညံ အသံနှင့်အတူ ကွေးနေအောင်ကသော အမျိုးသမီးကို မြင်တွေ့ ရင်းမှာပဲ ဆိုင်ကယ်က စထွက်လာလေသည်။





အိချ် ... သေပြီကွာ။ သူ့မှာ အခုမှဒုက္ခရောက်တာ ဖြစ်သည်။ အခု သူ့အဖြစ်ကိုလည်း ကြည့်ကြပါဦး။ သူစီးနေတဲ့ ဆိုင်ကယ်ရဲ့အရှေ့မှာ အိုးစည်ဒိုးပတ်ဝိုင်းနဲ့ ဦးရွှေရိုး ဒေါ်မိုးအက အဖွဲ့က မြိုင်မြိုင်ဆိုင်ဆိုင် ဖျော်ဖြေသလို အနောက်လှည့်ကြည့် ရင်တော့ များစွာသော ရွာသူရွာသားအပေါင်းတို့က ဆိုင်ကယ် နောက်က လိုက်လာတာဖြစ်သည်။ ဒီအတိုင်းဆို လမ်းလျှောက် တာကတောင် အရင်ရောက်ဦးမည်။ တစ်ဘီးချင်း လိမ့်နေသော ဆိုင်ကယ်နဲ့ ရွာထဲကနေ ထွက်ကြည့်နေသော လူတွေကြောင့် သူဟာ ငယ်ငယ်တုန်းက မောင်ရင်လောင်းလှည့်တဲ့အချိန် ရောက် သွားသလို ခံစားရလေသည်။

အိမ်စည်သည် ဒုက္ခတွေကို အောင့်အည်းသည်းခံ ကာ စောင့်ပြီးသကာလမှာ အိမ်သို့ရောက်လျှင်တော့ ခန့်ခန့် ထည်ထည် တိုင်လုံးကြီးတွေဖြင့် ဆောက်ထားတဲ့ အိမ်ကြီးရှိနိုင် ကို မြင်ရလျှင် နည်းနည်းတော့ အမောပြေသွားသည်။ တော်ပါ သေးရဲ့။ ထင်သလောက် မစုတ်လို့။ သူ့ဘကြီးတို့နဲ့အတူ အိမ်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်တက်လာခဲ့ပြီး သူကြည့်မိလျှင် ခုနကလောက် လူမများတော့ပေမယ့် လေးငါးဆယ်ယောက်လောက်ကတော့ ရှိနေသေးသည်။

"တူကြီး ... ဘာလုပ်နေတာလဲ ထိုင်လေကွာ။ မိန်းမရေ... ငါ့တူကြီးအတွက် ရေနွေးလေး ယူလာပါဦး။ ကိုသောင်းတို့ ကြွပါဗျ ... လာပါ"

ဖျာပေါ်မှာ သူက ထိုင်ချလိုက်ပြီးမှ မျက်မှန်ကို ချွတ်လိုက်ကာ အိမ်ကို တစ်ချက် မျက်လုံးကစားမိသွားသည်။ ပျဉ်အိမ် အကျယ်ကြီးဟာ ရှင်းလင်းတောက်ပြောင်နေ၍ ဘာ facilities မှ မရှိတဲ့ သဘာဝစတိုင်လ် ဖြစ်၏။

"ငါ့တူကြီး ခရီးပန်းလာတော့ နားဦး။ ဒီမှာ ငါ့တူကြီး ပျော်သွားမှာပါ။ ဘကြီးတို့ရွာက သိပ်ပျော်စရာကောင်းတာကွ။ မင်းညီတွေကို လိုတာခိုင်း ဟုတ်လား။ ဘာမှ အားနာစရာ မလိုဘူး ...

ငါတို့ဘွားအေ ကော နေကောင်းတယ်မှလား"

"ဟုတ် ... ကောင်းပါတယ် ဘကြီး"





"ဘထွေး ... မြို့သားနဲ့ ကျုပ်တို့ကို မိတ်ဆက်ပေးဦးလေ တော့"

သူတို့ဘေးဘက်မှာ ထိုင်နေတဲ့ အမျိုးသမီးတွေ အသံကြောင့် သူက အသာကြည့်လိုက်ကာ ရှိုးမိသွားသည်။ အိုက် ... သနပ်ခါးအဖွေးသားနဲ့ တိုက်ရောကာတွေချည်းပဲ။ သူ့ကို ပြုံးပြနေတဲ့ တစ်ခုထဲမှာ ဟို ဒေါ်မိုးကတဲ့ မိန်းမကြီးလည်း ပါ လေသည်။

သူက မမဲ့မပြုံးဟန်ဖြင့် ဟန်လုပ်ပြုံးပြရလေ၏။

"အမယ်လေး ... ချောပိုတို့ရယ်၊ ကိုချစ်က ဒီမှာအကြာ ကြီးနေမှာ၊ နင်တို့က မသိချင်လည်း သိမှာ"

"အမယ်လေးဟဲ့ ... ဖြစ်နေလိုက်တာ။ မိတ်မဆက်ပေးနေ ပေါ့။ မြို့သား ... မြို့သား ... ကျုပ်တို့ကို မှတ်ထားနော်။ ကျုပ်က ချောပို၊ သူက ဆုအေး၊ ဒီဘက်က မိပု၊ သူက လှလေး။ ကျုပ်တို့က မြို့သားကို ကြိုဆိုတဲ့ ကြိုဆိုရေး တာဝန်လေ"



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဘာသာသူတို့ ရွတ်ကြီး ဝင်မိတ်ဆက်တာကြောင့် သူက ခေါင်းတစ်ချက်ညိတ်ပြကာ "ဟုတ်ကဲ့"ပြန်ပြော၍ ရေနွေးသာ သောက်နေလိုက်သည်။ သူ့ရဲ့ မရှင်မလန်းပုံစံကို ဘကြီးက ရိပ်မိတာကြောင့် ...

"ကဲ ... ကဲ ... ညည့်သည်နားချင်ရောပေါ့။ ပြန်ကြတော့ ဟေ့"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... မြို့သား သွားမယ်နော်"

သူ့ကို အလှိုလှို နှုတ်ဆက်ကာ ထွက်သွားမှ သူက ဟူးခနဲ သက်ပြင်းချကာ စကားကောင်းကောင်း ပြောနိုင်တော့သည်။ သူ့ရဲ့ စိတ်ပင်ပန်းမှုကို နားလည်ပေးနိုင်သည့် ဦးသောင်းကတော့ ဘကြီးကို သူ့အား အပ်နေလေသည်။

"အဘွားကလည်း သေချာမှာလိုက်ပါတယ်။ ဘထွေးဆီမှာ ကိုချစ်ကို အပ်ပါတယ်နော်။ သူက ဖူးဖူးမှုတ်အလို လိုက်ခံထားရတဲ့ အခါကျတော့ ဒီမှာ အဆင်မပြေမှာစိုးတယ်။ သူ့ကို သည်းညည်းခံပေးဖို့ ကျွန်တော် ဘထွေးကို တောင်းဆိုပါရစေနော်"





"စိတ်ချပါဗျာ၊ ကျုပ်က ကိုချစ်ကို သိပ်ချစ်တာပါဗျ။ အဘွားအေက သူ့ကို အလုပ်အကုန်လုပ်ခိုင်း မှာထားပေမယ့် ကျုပ်က ကျုပ်တူမြို့သား လူချောကြီးကို ဘယ်ခိုင်းရက်ပါ့မလဲ။ ကဲ ... ငါ့တူကြီး ... ဒီမှာ ပျော်သလိုနေ ဟုတ်လား။ တို့တွေ ဒိုးတူပေါင်ဖက် ပျော်ပျော်နေတာပေါ့ကွ"

"ဟုတ် ... ဘကြီး။ ကျွန်တော်ရဲ့ နားချင်ပြီခင်ဗျ"

"အေး ... ဟုတ်တာပေါ့။ ရွှေကို ရွှေညီ ... မင်းတို့အစ်ကိုကို အခန်းလိုက်ပြပေးလိုက်ပါဦး"

"လာ ... ကိုချစ် ... လာ"

သူက သူ့ကျောပိုးအိတ်လွယ်ကာ သူ့လက်ဂ်ဂျေ့ချ်တွေ သယ်လာပေးသော ညီအစ်ကိုနောက်သို့ လိုက်လာခဲ့တော့သည်။ သူ့အတွက် ပြင်ဆင်ပေးသော အခန်းက ရွှေညီအစ်ကိုရဲ့ဘေး ကပ်ရပ်အခန်းဖြစ်၏။ သင်ဖျူးဖျာ အချောလေးတစ်ချပ်၊ ခေါင်းအုံးစွပ်လှလှ ဖုံးထားတဲ့ ခေါင်းအုံးလေးရယ်၊ စောင်တစ်



www.burmeseclassic.com

www.burmeseclassic.com



ထည်ရယ်ကလွဲပြီး ဘာမှမရှိတဲ့ အခန်းကျဉ်းလေးထဲမှာ သူဟာ လေပူတစ်ချက် မှုတ်ထုတ်မိသွားသည်။ ပြီးတော့ သူ့ရဲ့ဒန်းလော့ မွေ့ရာကြီးကို သတိရစိတ်ဖြင့် သူဟာ သင်ဖျူးဖျာပေါ်မှာ ကျောဆန့်ခင်းရင်း ဒီမှာ ဘယ်လောက်ကြာအောင် ဒုက္ခခံရမလဲတွေးမိကာ လူရောစိတ်ပါ ပင်ပန်းနွမ်းနယ်ရလေသည်။

○✦○





၅

အိမ်စည်သည် နောက်ဖေးရေစည်ထဲကရေကို တစ်ခွက်ခပ်ကာ မျက်နှာကို ရေနဲ့တစ်ချက် ပွတ်သပ်လိုက်သည်။ ရေရဲ့အေးစိမ့်တဲ့ အရသာက လန်းဆန်းသွားပေမယ့် စိတ်ထဲမှာ ဂျိုးဖြူရေမဟုတ်လို့ ပေါ့သလိုတော့ ခံစားရပေသည်။ ဒါပေမဲ့လည်း ထားလိုက်ပါလေ။ သူက သွားတိုက်၊ မျက်နှာသစ်ပြီး နောက်မှာ ပြဿနာက အဲဒီမှာ စတော့တာဖြစ်သည်။

ဗိုက်ထဲက ရစ်ရစ်နာလာတာကြောင့် ဇာတ်လမ်းက စပြီဆိုတာ သူသိလိုက်သည်။ မျက်လုံးဝေ့ဝဲကာ အနောက်မှာ အသည်းအသန် ရှာကြည့်သော်လည်း မတွေ့ပေ။ မနေ့က



www.burmeseclassic.com

www.burmeseclassic.com



ရောက်ကတည်းက သူက အိမ်သာမသွား ဘာမသွားနဲ့ ငုတ်တုတ်မှိုင်နေခဲ့တာ ဖြစ်ပေမယ့် မနက်ကျတော့ သူ့ကိစ္စက ထိန်းချုပ်လို့မရတော့။ သူက ဗိုက်ကို လက်ဖြင့်ဖိရင်း ရွှေညီကို ကြုံးအော်ခေါ်ရတော့သည်။

"ရွှေညီရေ ... ရွှေညီ ... လာပါဦး ဒီကို"

သူ့ခေါ်သံကြောင့် ရွှေညီက အသည်းအသန်ကြီးပြေးလာကာ ...

"ကိုချစ် ... ဘာခိုင်းမလို့လဲ"

"ငါ Toilet သွားချင်လို့ ဘယ်မှာလဲ"

"အစ်ကိုချစ် အပေါ့လား၊ အလေးလား"

ဟား ...။ သူက ဘာတွေလာမေးနေမှန်း မသိသော ရွှေညီကို ဒေါသထွက်ထွက်နဲ့ ထအော်ပစ်လိုက်လေသည်။

"ဟား ... သေတော့မှာပဲကွာ။ ငါ့ဟာငါ ဘာဖြစ်ဖြစ် Toilet ပြလိုက်ရင် ပြီးတာပဲဟာကိုး။ အား ... ကျွတ် ... ကျွတ် ... ဟော့ကောင် ... ဘယ်မှာလဲ"





"အဟဲဟဲ ... ဒီလောက်ဆိုသိပြီ။ ကိုချစ်ရယ် ... စိတ်မဆိုးပါနဲ့။ ဒီမှာက အိမ်သာကို ခွဲထားလို့ပါ။ ဒီတည့်တည့်သွား။ ဘဲခြံနောက်မှာ။ ကျွန်တော် ရေခပ်လာခဲ့မယ်"

"ဟမ် ... ရေမရှိဘူးလား"

"ဒီမှာက ရေဆွဲသုံးရတာလေ ကိုချစ်ရ။ ကဲပါ ... ကျွန်တော်ရေခပ်လာခဲ့ပါမယ်၊ သွား ... အရင်သွား"

သူက ဘာမှမပြောနိုင်သေးဘဲ အိမ်သာအရင်ပြေးရသည်။ ဟား ... ဝေးလံခေါင်သီပါ့ကွာ။ အိမ်နဲ့အိမ်သာဟာ တော်တော်လေးကို အလှမ်းကွာတာပဲဖြစ်၏။ ညရေးညတာ အရေးပေါ်ဆို ဘယ်လိုသွားမလဲမသိ။

အိမ်စည်က အနောက်ဆုံးမှာ ထီးထီးမားမား ရှိနေတဲ့ အိမ်သာဆီ အမြန်ပြေး ကိစ္စရှင်းပြီးမှ ဆက်စကားပြောနိုင်တာ ဖြစ်သည်။ အိမ်သာရှေ့မှာ ရပ်စောင့်နေသော ရွှေညီက သူ့ကို နောက်ထပ်ရေပုံးတစ်ပုံး ပေးတာကို သူက လက်ဆေးပြီးသွားတော့မှ ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ဟာက ဘယ်လိုတွေတုံးကွာ၊ ဒီလောက်အဝေးကြီး။ ညဘက်ဆို ဘယ်လိုသွားမလဲ"

"အိမ်အောက်မှာ အိမ်သာရှိသေးတယ်လေ ကိုချစ်ရ။ အဲဒါကတော့ အပေါ့သွားအိမ်သာလေ။ ဒီဘက်မှာက ဒီလိုပဲ။ နယ်တွေဆိုတော့ အိမ်နဲ့အိမ်သာကို အဝေးကြီးမှာ ထားတာလေ။ ကျန်းမာရေးအတွက်ပေါ့။ ဘာပိုးမွှားအန္တရာယ်မှလဲ မရှိတော့ဘူး"

သူ့ကို မိကျောင်းမင်း ရေကင်းပြနေတာမို့ သူက ရယ်ချင်သွားသည်။ တောသားက ကျန်းမာရေးဗဟုသုတတွေ လာပြောနေသေးတယ်။

သူက ရွှေညီနဲ့အတူ လမ်းလျှောက်လာရင်းကမှ တစ်ခုသတိထားမိသွားတာကြောင့် မေးရလေသည်။

"နေစမ်းပါဦး။ ဒီမှာ ရေချိုးခန်းလည်း ငါမတွေ့ဘူး။ ရေချိုးရင် ဘယ်မှာချိုးရမှာလဲ။ ငါ ခဏနေရင် ရေဘယ်မှာချိုးရမှာလဲ"





"ကိုချစ် ကြိုက်တဲ့နေရာသာရွေး။ ချောင်းထဲမှာလည်း ချိုးလို့ရတယ်။ ရွာအနောက်ပိုင်းမှာ ရေတွင်းရှိတယ်။ ဒါမှမဟုတ် ဘုန်းကြီးကျောင်းမှာလည်းရှိတယ်။ အိမ်မှာဆိုရင်တော့ မနက်က ရေမဖြည့်ရသေးတော့ စဉ့်အိုးတစ်အိုးစာပဲ ရှိတယ်၊ ကိုချစ် အိမ်မှာချိုးမယ်ဆို ကျွန်တော်ရေသွားခပ်ပေးမယ်လေ"

မြတ်စွာဘုရား ... သူ ဘယ်လိုနေရာကို ရောက်နေပါလိမ့်။ ရေချိုးခန်းမရှိ ဘာမရှိနဲ့ သူဟာ ရေရေလည်လည်ခတ်ပျက်သွားလေသည်။

"ဒါဖြင့် ဒီက အမျိုးသမီးတွေကကော ဒီလိုပဲလား"

"အင်း ... သူတို့က မြစ်ဆိပ်မှာ ညနေဆို ရေခပ်ဆင်းပြီလေ။ မနက်အတွက် ရေခပ်ဆင်းတာပေါ့။ အဟဲဟဲ ... အဲဒီအချိန်က ရွာရဲ့အလှဆုံးအချိန်ဗျ ... ဟီး"

"ဟင်း ... ဒုက္ခပဲကွာ။ ငါတော့ အဘွားကို ဒီမှာနေမယ်လို့ ကတိပေးမိတာ မှားပြီထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သူက အိမ်ပေါ်ပြန်တက်လာကာ အခန်းထဲဝင် မျက်နှာသုတ်ရင်း လှမ်းပြောလျှင် ...

"အပြောမစောပါနဲ့ဦး ကိုချစ်ရာ။ ကိုချစ် ရွာထဲမလှည့်ရ သေးလို့။ ရွာမှာက ပျော်စရာတွေချည်းပဲ ကိုချစ်ရဲ့။ လာ... ကိုချစ် မနက်စာစားဖို့ အဆင်သင့်ပဲ"

အိမ်စည်က အိမ်ရှေ့မှာ အသင့်ပြင်ထားတဲ့ စားပွဲ ဝိုင်းမှာ ဝင်ထိုင်လိုက်ပြီးမှ အိမ်မှာ ဘယ်သူမှမတွေ့တာကို သတိ ထားမိသွားသည်။

"ရွှေညီ ... ဘကြီးတို့ ဘယ်သွားတာလဲ။ ရွှေကိုကကော"

"အဘက လယ်ထဲဆင်းပြီလေ။ အမေနဲ့ မပုတုက ဘုန်း ကြီးကျောင်း ဆွမ်းချိုင့်။ ရွှေကိုက မြောက်ပိုင်းမှာ အဘ အကြွေး သွားတောင်းတယ်"

"အခုမှ ရှစ်နာရီပဲ ရှိသေးတာ။ စောလှချည်လား"

"ဒီမှာက ဒီလိုပဲ။ အားလုံးလိုလိုက မနက်(၄)နာရီဆို ထပြီ။ (၆)နာရီဆို အားလုံး အလုပ်ထဲ ရောက်ကုန်ပြီ။ မြို့





မှာလိုတော့ ဘယ်ဟုတ်မလဲ ကိုချစ်ရ။ ကဲ ... စားလိုက်ပါ ဦး ကိုချစ်။ မနေ့က အဘသောင်းတို့ ပြောသွားတာတွေ ကို မှတ်ထားပြီး ချက်ထားတာ။ ဒီထမင်းကြော်က မမာ ဘူး။ ဒီမှာ လက်ဖက်ရည်ပေါ့ဆိမ့်။ ဟောဒါက ငါးရံ့ ခြောက်ဖုတ်။ ဒါလေးက ပဲကတ္တီပါသုပ်လေး။ ဒါကတော့ အကြော်ပူပူနွေးနွေးလေး"

အိမ်စည်က တို့ကနန်း ဆိတ်ကနန်းလောက်သာ စားဖြစ်၏။ မနေ့ညနေကတည်းက ပြန်သွားတဲ့ ဦးသောင်းတို့က တော့ ဒီအချိန်လောက်ဆို အိမ်ပြန်ရောက်လို့ နံရိုးပေါင်းဆီချက် တို့၊ မြီးရှည်တို့ စားနေလောက်မည်။ သူ့မှာတော့ ...။

"ကိုချစ် ... စားမကောင်းလို့လား"

"မဟုတ်ပါဘူးကွ ... ကောင်းပါတယ်။ ငါက မနက်စာကို ထမင်းမစားတတ်လို့ပါ"

"အေးပေါ့ ... ကိုချစ်တို့မြို့မှာက ကြိုက်တာစားလို့ရတယ်။ ဟို ... ကိုချစ် လိုက်ပို့ပေးတဲ့ဆိုင်ကဆို စားစရာ အစုံရ



www.burmeseclassic.com

www.burmeseclassic.com



တယ်နော်။ ကိုချစ် မြို့မှာ လိုက်ပို့တာတွေကို စံလင်းတို့ကို ပြောပြနေတာ၊ ဒီကောင်တွေ သိပ်အားကျနေတာလေ။ ဟဲ ဟဲ ... အခုဆို ကျွန်တော်တို့က ကိုချစ် ဆင်ပေးထားတာတွေနဲ့ လန်းနေတာဆိုတော့ မျက်နှာ ဘာပွင့်သလဲ မမေးနဲ့"

"ဟား ဟား ... အေးပါကွာ၊ အဆင်ပြေရင် ပြီးတာပဲ၊ ကဲ ... မင်း လုပ်စရာရှိတာ သွားလုပ်လေ။ ငါလည်းဖုန်းဆက်လိုက်ဦးမယ်။ ဪ ... ညနေတော့ ရွာထဲသွားကြည့်တာပေါ့နော်"

"ဟား ... ဟုတ်ကဲ့ ... ကိုချစ်။ ကိုချစ် ခိုင်းစရာရှိရင် ခေါ်လိုက်နော်။ ကျွန်တော် အောက်ကကြက်ခြံမှာ ရှိတယ်"

သူက ခေါင်းညိတ်ပြလိုက်ကာ ရွှေညီ ထွက်သွားလျှင်တော့ သူက အိမ်ပြတင်းဆောင်ကနေ အပြင်ကို လှမ်းကြည့်လိုက်သည်။ တိတ်ဆိတ်ငြိမ်သက်ပြီး ပကတိ သဘာဝဆန်သော အခြေအနေက သူများအတွက် သာယာနိုင်ပေမယ့် သူ့အတွက်





ကတော့ အင်မတန်မှ ပျင်းရိခြောက်သွေ့ဖွယ် ကောင်းလှလေသည်။ သူက ငေးမောနေစဉ်မှာပင် အခန်းထဲက ဖုန်းမြည်သံကြား၍ သွားယူရသေးသည်။ ဒါ အဘွားဆီက ဖုန်းဆိုတာ သူက အတတ်သိတာကြောင့် ခပ်မြန်မြန်လေး ဖုန်းကိုင်လိုက်ရလေသည်။

"ဟယ်လို"

"ဘယ်လိုလဲ မြေးလေး ... အဲဒီမှာနေရတာ အဆင်ပြေလား"

"ပြေတာက ပြေပါတယ်၊ ဒါပေမဲ့ သားက ဘွားဘွားကို သတိရနေတော့ အိမ်ပဲပြန်လာချင်တယ် ဘွားရဲ့"

သူက ဖောရှောရိုက်တာကို အဘွားကလည်း ရိုးနေပြီဖြစ်စွာ သူပြောတာကို အရေးကိုမစိုက်ပေ။

"အမယ်လေး ... အပိုမပြောနဲ့။ ပြန်လာဖို့ စကားလမ်းကြောင်း မရှာနဲ့ အချစ်။ မင်း အဲဒီမှာ နေသားတကျနဲ့ လိမ္မာသွားပြီဆိုမှ ပြန်လာရမှာ။ အခု ငါဆက်တာက မင်း



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ပတ်ကစပြီး မင်းဘကြီး အလုပ်ကို လိုက်ကူ ရမယ်ဆိုတာပြောဖို့။ ဒီအတောအကတော့ ရွာကလူတွေနဲ့ အသိအကျွမ်းဖွဲ့ပေါ့။ မင်းကိုတော့ တစ်ရွာလုံးက အဘွား မြေးဆိုတာ သိထားပြီးသား။ သူတို့ သဘောကောင်းတာကို အခွင့်ကောင်းယူဖို့တော့ မစဉ်းစားနဲ့နော်"

"ဟားဗျာ ... ဘွားကလည်း၊ စကားလုံးတွေက အခါးတွေ ချည်းပဲ။ ကိုယ့်မြေးလေး အနေဆင်းရဲ၊ အစားဆင်းရဲ ဖြစ် နေတာကျ မသနားဘူး"

"ဟဲ့ ... ဟိုမှာ ဆီဦးထောပတ်ပါ။ စားစရာဆိုတာ အပြည့် အလျှံ။ မောင်ဆွေချစ် အိမ်ကြီးဆိုတာလည်း ဟီးလို့။ အဲဒါ မင်းက ဘာတွေများ ဆင်းရဲနေရတာတုံး"

"ဟာ ... သူတို့ ဆီဦးထောပတ် မနက်စာက တောစာ တွေလေ။ ပဲပြုတ်တို့၊ ပဲကတ္တီပါတို့ သားက ဘယ်လိုစား ရမှာလဲ။ ပေါင်မုန့်မရောနီးစ်ကတော့ ဒီမှာ မြင်ဖူးကြမှာ တောင် မဟုတ်ဘူး"





"အမယ်လေးဟယ် ... ဒီဘိုစာတွေဆိုတာ အလကား။ မင်း စားနေ သောက်နေတာတွေက အဲဒီမြေကထွက်တဲ့ ဆန်စပါးကရတဲ့ အကျိုးအမြတ်တွေပဲ အချစ်ရဲ့။ ကိုယ့် ရွာကိုယ့်ဒေသကို ချစ်တတ်စမ်းပါဟယ်"

အိမ်စည်က အဘွားမမြင်မှန်းသိလို့ မျက်နှာကို ရှုံ့မဲ့ပစ်လိုက်သည်။

အဘွားဟာ ဒီတစ်ခါတော့ သူ့ကို ရေလည်လေစိမ်း တိုက်နိုင်တာပဲဖြစ်သည်။

မြေးလေး ဘာဖြစ်လဲ ... ဘာလိုလဲ မမေးဘဲ နင် ဘယ်နေ့ကစ အလုပ်လုပ် ဆိုတာနဲ့ပဲ သူ့ကို နှိပ်ကွပ်နေတော့ သည်။

"တော်ပြီ ဘွားရာ။ သားကိုဆို အရမ်းဆူတာပဲ။ ဒါပဲဗျာ ... သား ဖုန်းချလိုက်ပြီ"

"ဟွန်း ... ဒါပဲ စိတ်ကတော့ ကောက်တတ်တယ်။ လိမ္မာ အောင်နေနော်။ အဘွား နောက်မှပြန်ဆက်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



အဘွား ဖုန်းချသွားသောအခါ သူဟာ ခေါင်းကို တမြင်းမြင်း ကုတ်ဖွပစ်လိုက်ရင်း အားခနဲ ထအော်ပစ်လိုက်သည်။ စိတ်ရှုပ်လိုက်တာကွာ။ ဒီအခြေအနေကြီးကို ဘယ်လောက်ထိ ရင်ဆိုင်ရဦးမှာလဲ။

○✦○





## ၆

"အမယ်လေးတော် ... အမယ်လေး၊ ဒါမျိုးတွေဆိုတာ ရိုးနေပြီ။ ဒီမှာ ကျုပ်တို့ကို ဘောသူဆိုပြီး သံပုရာသီး ထင်နေသလား။ ဒါမျိုးလာလုပ်လို့ မရဘူး။ အဲဒီတော့ တစ်ခါတည်း အပြတ်ပြောလိုက်မယ် ဒေါ်ထွေး၊ နောက် တစ်ပတ်နေလို့မှ ပဲကြွေးမရရင်တော့ ကျုပ်အဆိုးမဆိုနဲ့ ဒါပဲ"

လှလေးသည် ကုက္ကိုလ်တန်းအောက်မှာ ဆိုင်ကယ်ကိုထိုးရပ်ထား၍ ဟန်းဖုန်းကြီးထုတ်ကာ ဖြို့က ဒေါ်ထွေးကို ပဲဖိုးအကြွေးတောင်းနေတာ မရလို့ ဒေါသတွေ အတော်ထွက်နေ



www.burmeseclassic.com

www.burmeseclassic.com



ရတာဖြစ်သည်။ ဟွန်း ... ဒီနေ့တော့ အဆင်ကိုမပြေပါဘူး။ အဘခိုင်းတဲ့ အလုပ်တွေလည်း တစ်ခုမှ အဆင်မပြေနဲ့။ ဘာဖြစ်မှန်းကို မသိဘူး။

"ဟွန်း ... စိတ်ညစ်လိုက်တာ တကယ်ပဲ။ ဘာတစ်ခုမှကို အဆင်မပြေဘူး။ ပြန်တာပဲ ကောင်းတယ်"

လှလေးက စိတ်ပျက်လက်ပျက်နဲ့ ကိုယ့်ဟာကိုယ် ညည်းညူရင်း မျက်နှာကို ဆတ်ခနဲ အလှည့်လိုက်တွင်တော့ လှလေးရဲ့ မြင်ကွင်းထဲသို့ ဝင်လာတာဟာ လှလေးကို အထူးအဆန်း ကြည့်လို့နေသော မြို့သားလူချောလေးပဲ ဖြစ်သည်။ ဟယ် ... ဘုရားရေ၊ သူ ... သူက ကျုပ်ကို ကြည့်နေတယ်တဲ့လား။ လှလေးသည် ပြုံးပီတိဖြစ်စွာ ရင်တစ်ချက် ခုန်သွားပြီး သူ့ကို လှမ်းပြုံးပြလိုက်လျှင် သူ့ခမျာမှာ ရှက်ကိုးရှက်ကန်းဖြင့် ဟိုလိုလို ဒီလိုလို မျက်လုံးလွှဲသွားလေသည်။

"အဟယ် ... မြို့သား၊ တစ်ယောက်တည်းလားတော့။ ကျုပ်ကို မှတ်မိတယ်မှလား"





လှလေးက အိမ်ရှင်ပီသစွာ ဧည့်ဝတ်ကျေချင်တာကြောင့် မြို့သားဆီကို သွားနှုတ်ဆက်လေလျှင် မြို့သားက မှတ်မိဟန်မပေါ်သော မျက်လုံးတွေဖြင့်ကြည့်ကာ ဘာမှပြန်မပြောလျှင်. လှလေးမှာ တကယ်ဝမ်းနည်းသွားရလေသည်။

"ဟယ် ... အံ့ဩတာပဲ မြို့သားရယ်။ မနေ့ကတင် မိတ်ဆက်ပေးထားတာလေ။ ကျုပ်က မြို့သားကို လာကြိုတုန်းက ဒေါ်မိုး က,တာလေတော်"

ဒီတော့မှ သူ့မျက်ဝန်းတွေ့က အရောင်လက်လာကာ စကားပြောဖော် ရတော့သည်။

"ဩော် ... ဒေါ်မိုးလား၊ အင်း ... မှတ်မိပြီဗျ။ စိတ်မရှိပါနဲ့ဗျာ။ မနေ့က ဘကြီးမိတ်ဆက်ပေးတာတွေ များသွားတော့ ရောသွားတာပါ။ ကျွန်တော် ဒေါ်မိုးကို မှတ်မိပါတယ်ဗျ"

"အဟီး ... မှတ်မိတယ်ဆိုရင် ဝမ်းသာပါတယ်တော်။ ဒါထက် ကျုပ်နာမည်က ဒေါ်မိုး မဟုတ်ပါဘူး။ လှလေးတဲ့။ အပြည့်အစုံကတော့ လှလေးလွန်းပါ"



www.burmeseclassic.com

www.burmeseclassic.com



မြို့သားက ဘာမှဆက်စကားမဆိုဘဲ ခေါင်းသာ အသာဆတ်ပြလေသည်။ ဟင် ... ဘယ်လိုတုန်း။ ရန်ကုန်သား တွေက ဒီလို လူမှုဆက်ဆံရေး ညံ့ဖျင်းရသလား။ လှလေးက မြို့သားကိုလူချောကို ရင်းနှီးချင်တာတစ်ကြောင်း၊ လှလေး အင်မ တန်လေးစား ချစ်ခင်ရတဲ့ ဘွားအေးရဲ့မြေး ဖြစ်တာကတစ်ကြောင်း မို့ သူ့ကို ခင်မင်မိစိတ်ဖြင့် စကားထပ်ပြောပြန်၏။

"ဘွားအေးကော နေကောင်းလား။ သူရော ရွာကိုမလာ ဘူးလား"

"ဩော် ... အဘွားကို သိတယ်လား"

"သိတာပေါ့ မြို့သားရဲ့။ လှလေးတို့က အဘွားအေးကိုဆို သိပ်ချစ်တာလေ။ ဘွားအေးက ရွာမှာမျက်နှာဖုံးပဲလေ။ အဲ ... မြို့သားက ဒီမှာ အကြာကြီးနေမှာဆို"

"ဟို ... တစ်ဆိတ်ဗျာ၊ အဲဒီ မြို့သား မြို့သား ဆိုတာကြီး ကို မခေါ်စမ်းပါနဲ့ဗျာ။ နားထဲမှာ ကန့်လန့်ဝင်နေသလို ပဲ။ ကျွန်တော့်နာမည် အိမ်စည်ပါ။ အိမ်စည်လို့ခေါ်ရင် ရပြီ"





အိမ်စည် ...။ လှလေးက ကြီးကျယ်လေသော မြို့သားကို တစ်ချက်ကြည့်လိုက်မိသည်။ မြို့သားလို့ ခေါ်တာများ ဘာဖြစ်တာမှတ်လို့။ ပြီးတော့ ... နေပါဦး။ အဘပြောတာက မြို့သားနာမည်က အရှည်ကြီးပါ။

"အိမ်စည် ... ဟုတ်သေးဘူး ထင်တယ်နော် မြို့သား။ အဲ ... အဲ ... အဘပြောတဲ့နာမည်က အရှည်ကြီးပါပဲ။ နေ ပါဦး ..."

"အိမ်စည်ကိုကိုချစ်။ ခင်ဗျားကလည်း အစကနေအဆုံး လိုက်မေးနေတော့တာပဲ။ ပြီးပြီမှလား ... ခင်ဗျားမေးတာ တွေ။ အဲဒါဆို သွားလို့ရပြီနော်"

ဟင် ... နာမည်လေး ပြောတာကိုပဲ ဘာတွေဒေါသ ဖြစ်နေရတာလဲ။ လှလေးကို ဒေါကန်သွားပုံရတာကြောင့် လှလေး က မြို့သားရဲ့အင်္ကျီစတစ်ဖက်ကို လှမ်းဆွဲလိုက်လျှင် သူကအလန့် တကြားဖြင့် အသည်းအသန် ရုန်းလေ၏။

"ဟား ... ဟား ... ဟ ... ဘာလဲ ... ဘာလုပ်တာလဲဗျ။ လွှတ် ... ကျွန်တော့်ကို"



www.burmeseclassic.com

www.burmeseclassic.com



"မြို့သားရယ် စိတ်မဆိုးပါနဲ့။ ကျုပ်က တောင်းပန်ပါတယ်နော်။ ဟို ... အခု မြို့သားက ဘယ်ကိုသွားချင်လို့လဲဟင်"

"ဟားဗျာ ..."

"ဟော့ ... လှလေးမ၊ ညည်း အခုလွှတ်စမ်း။ ကျူးကျူးကျော်ကျော်"

ဒီအသံကြောင့် လှလေးက ဆတ်ခနဲ လှမ်းကြည့်လိုက်လျှင် လှလေးတို့ဆီ ဆိုင်ကယ်ကြီးမောင်းကာ ဝင်ချလာသော စည်ပိုင်းမကို တွေ့ရလေသည်။ ရွှေတွေ အတောင့်လိုက်ဝတ်ကာ သူ့ကိုယ်သူ မာန်တွေတက်နေသည့် ဖက်တီးမ ခင်ဒေဝီက ဆိုင်ကယ်ကို စက်သတ်လိုက်ကာ ဆင်းလာ၍ မြို့သားရှေ့မှာ heroမ လာလုပ်ပြနေတာဖြစ်၏။

"ဟဲ့ ... လှလေး၊ ညည်း ဒါဘာလုပ်နေတာလဲ။ အစ်ကို့ကို ဘာဖြစ်သွားသေးလဲဟင်"

ထွီး ... စွဲလိုက်တာ။ မြို့သားကိုများ သူက အစ်ကို ခေါ်သတဲ့။ တန်ရာ တန်ရာ မပြောဘူး။





"ဘာမှမဖြစ်ပါဘူး။ သွားဦးမယ်နော်"

"တစ်ယောက်တည်းလား၊ ရွှေကိုတို့ မပါဘူးလား၊ အဲဒီကောင်တွေကလေ ဧည့်ဝတ်မကျေလိုက်တာ။ ဒေဝီလိုက်ပို့ပေးမယ်လေ။ ဆိုင်ကယ်ပေါ်တက်ပါ အစ်ကို"

အမယ်လေး ... မြတ်စွာဘုရား။ လှလေးက အလန့်တကြား အာမေဋိတ် မထွက်ရသေးခင်မှာပဲ လှလေးထက် ပိုလန့်သွားဟန်တူသော မြို့သားက အသည်းအသန်ကြီး ငြင်းလေ၏။

"ရတယ် ... ရတယ်ဗျ၊ ကျွန်တော် ပြန်လိုက်ပါဦးမယ်နော်"

"ဖြစ်တယ်နော် အစ်ကို။ ဟို ... လိုက်ပို့ပေးပါ့မယ်"

"ဖြစ်တယ် ... ဖြစ်တယ်။ သွားမယ်နော်"

မြို့သားက ခပ်သွက်သွက် လှလေးတို့ရှေ့က လစ်ထွက်သွားတာတောင် ဒေဝီမဟာ သံယောဇဉ်မကုန်နိုင်သေးဘဲ လှမ်းပြီးတော့တောင် မိတ်ဆက်ပွဲနေသေးသည်။

"အစ်ကို ... အစ်ကို ... ညီမနာမည်က ခင်ဒေဝီနော်။ နောက်ရက် ဒေဝီတို့အိမ် ထမင်းစားဖိတ်ရင် ကြွခဲ့ဦးနော်"



www.burmeseclassic.com

www.burmeseclassic.com



ဟိုက လှည့်တောင်မကြည့်ဘဲ တချိုးတည်း တန်းနေအောင် သွားတာကြောင့် လူလေးက ရယ်ရလွန်း၍ ခွက်ထိုးခွက်လန် ရယ်ချလိုက်လျှင် မြားဦးက လူလေးဘက်သို့ လှည့်လေ၏။

"ဟဲ့ ... နင်က ဘာရယ်တာလဲ"

"အိုအေ ... ကျုပ်ဘာသာ ဘာရဲယ်ရယ် ညည်းအပူ တစ်ပြားမှ မပါပါဘူး ဆင်ဒေဝီ၊ အဲ ... အဲ ... ခင်ဒေဝီရယ်"

"ဘာ ... ဘာ ... ညည်း ဘယ်လိုခေါ်လိုက်တယ်"

ဆွေ့ဆွေ့ခုန်နေသော ဒေဝီကို လူလေးက လျှာထုတ် ပြောင်ပြရင်း ဆိုင်ကယ်ပေါ် တက်ခွကာ စက်နှိုးလိုက်ပြီး ...

"ဟဲ ... ဟဲ ... ချစ်လို့စတာပါ ဒေဝီရယ်။ ညည်းကလည်း အချင်းချင်းတွေပဲဟာ။ ကျုပ်လည်း မြောက်ပိုင်းမှာ အကြွေးသွားကောက်လိုက်ဦးမယ်။ သွားပြီဟေ့ ... တာ့တာ"





လူလေးက ဝေါခနဲ မောင်းထွက်သွားကာ အနိုင်နဲ့ ပိုင်းသွားလျှင် ဒေဝီ တစ်ယောက်ကတော့ လူလေးကို မျိုးစုံပြောဆို၍ ကျန်နေခဲ့ပေတော့သည်။

○✦○

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၇၄(မြေညီ)၊ ဗွေစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

Facebook on "Mae Min Bon"



www.burmeseclassic.com

www.burmeseclassic.com



"အဟား ... ကိုချစ်က အော့ကြောလန်နှစ်ယောက်နဲ့မှ ဆုံလာမိတာကိုးဗျ"

အော့ကြောလန် ...။ သူက ထူးဆန်းသွားတာမို့ စိတ်ဝင်စားမိသွားသည်။

"ပြောစမ်းပါဦးကွ။ ဘယ်လိုအော့ကြောလန်တာလဲ"

"လှလေးက အဘစံကျော့ သမီးလေ။ အရှေ့ပိုင်းမှာနေတာ။ သူက သူဌေးသမီး ဖြစ်ရုံမကဘူး ကိုယ်တိုင်ပါ သူဌေးမ ဖြစ်နေတာလေ"

"ဟုတ်လား ... ဆက်ပါဦးကွ"

"ရွာမှာက လယ်ယာလုပ်ဖို့ အရင်းအနှီးလိုရင် လှလေးက အတိုးနဲ့ချေးတယ်လေ။ ငွေထုတ်ပေးတဲ့ သဘောပေါ့။





တချို့ အရင်းမရှိဘူးဆို လှလေးဆီ သွားရတာလေ။ သူက မတူမတန်အထာပေါ့ဗျာ။ ကိုချစ်က မဟာကံထူး ရှင်နော်။ ဘွားအေးမြေး မြို့သားမို့ သူက အထင်ကြီးနေတာ"

အိမ်စည်က ပြုံးရုံလေး ပြုံးမိသွားသည်။ အော့ကြောလန်ပုံတွေကတော့ စိတ်ဝင်စားစရာပါပဲ။ ဒါပေမဲ့ ရွာကချောပါတယ်ဆိုတဲ့ ကွမ်းတောင်ကိုင် လှလေးလွှန်ဟာ သူလိုလူအတွက်တော့ အလှတရားရဲ့ အမှုန်အမွှား အဆင့်မှာပဲရှိသည်။

"ဟုတ်လား ... အင်း .. ဒါနဲ့ ဟို ... ခင်သန္တာသက်ချို ပြုံးကော ဘယ်လိုဖိုက်တာကြီးလဲ"

သူ ဘာကို ဆိုလိုတယ်ဆိုတာ မဝေးတဲ့ ရွှေကိုနဲ့ ရွှေညီက သဘောတကျ ရယ်နေကြပြီးမှ ...

"ဒီခန္ဓာကိုယ် ဖြစ်သွားတာ နှစ်ဘယ်လောက်မှ မကြာသေးဘူး ကိုချစ်ရ။ ဒေဝီကလည်း ဒီရွာရဲ့ကွမ်းတောင်ကိုင်ပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... လာနောက်နေတယ်"

"တကယ် ... ဒေဝီက အရင်တုန်းက ပိန်ပိန်လေး။ ရွာထဲက သူ့ကို ကျုရှီး ကျုရှီးဆိုပြီး စလွန်းလို့ ရှက်တယ်ဆိုပြီး Appeton weightgain တွေ ဘယ်လောက်သောက်ပစ်သလဲ မသိဘူး။ တစ်ခဏအတွင်း စိုပြည်ဝဖြိုးအသားတိုးလာတာလေ။ သူက ရွာလူကြီး အဘကောင်း သမီးလေ။ သူကကျတော့ ကိုယ့်ကိုယ်ကိုယ် ဘဝင်လေဟပ်ရောဂါပေါ့ ကိုချစ်ရာ ...

အရှေ့ပိုင်းက ဗီဒီယိုရုံက လှလေးနဲ့ ဒေဝီ စပ်တူဖွင့်ထားတာလေ။ သိတဲ့အတိုင်း ရွာက ဗီဒီယိုဝါသနာရှင်တွေဆိုတော့ သူတို့ဗီဒီယိုရုံက အရမ်းကို တန်ဖိုးကြီးနေရာဖြစ်နေတာလေ။ တစ်ခါတလေ သူတို့က ခြိမ်းခြောက်လိုက်သေးတယ်။ ဗီဒီယိုရုံ ပိတ်ရမလား ဘာလားဆိုပြီးတော့လေ။ အဲဒီတော့ သူတို့နှစ်ယောက်က ရွာမှာတော့ ရုပ်ရှင်မင်းသမီး စတားပေါ့။ အဟဲ ... ဟဲ ... celebrity တွေပေါ့ ကိုချစ်ရာ"





"အဟား ... တယ်ဟုတ်ပါလားကွ။ သူတို့က ဒါဆို ဂေါ်တာပေါ့။ ဒါနဲ့ သူတို့က သူငယ်ချင်းလား"

အိမ်စည်ရဲ့ စပ်စုမေးခွန်းကြောင့် ရွှေကိုက အားတက်သရောကို ဖြေနေတာဖြစ်သည်။

"အင်း ... သူငယ်ချင်းပါဘဲဗျာ။ ရွာမှာဆို သူတို့က ဂေါ်လီတွေပေါ့။ သူတို့နှစ်ယောက်က သိပ်တော့မတည့်ဘူး။ ရန်သူတွေတော့ မဟုတ်ဘူးပေါ့ ကိုချစ်ရာ"

ဘာပဲဖြစ်ဖြစ် သူဟာ အဲဒီနှစ်ယောက်အကြောင်းကို ကြားရတာဟာ အပျင်းပြေစရာတစ်ခုပဲဖြစ်သည်။ ရွာရဲ့ ကွမ်းတောင်ကိုင်နှစ်ယောက်ဟာ အင်မတန်မှ ထူးခြားလှပေသည်။ တစ်ယောက်ကတော့ လှတပတဖုံ ထင်ရပေမယ့် အင်မတန်မှ ဇွာကျယ်ကာ စီးပွားရေး သောင်းကျန်းသူဖြစ်ပြီး နောက်တစ်ယောက်ကတော့ ဂင်းနှစ်စံချိန်ဝင်ရလောက်အောင်ပင် အင်မတန်ပြည့်ဖြိုးလှလေသော ခန္ဓာကိုယ်ပိုင်ရှင်က ကွမ်းတောင်ကိုင်ဆို၍ သူ့မှာ အထူးအဆန်းတွေဖြစ်ကာ ဩချရလေသည်။

○✦○



www.burmeseclassic.com

www.burmeseclassic.com



သူ ဒီရွာကိုရောက်ပြီး သုံးရက်မြောက်နေ့လောက်ရောက်မှ ရွာရဲ့အထာတွေကို နည်းနည်းနပ်လာသလိုလို ရှိလာသည်။ စရောက်တုန်းက သူ့မှာ ရေချိုးဖို့ အိမ်သာဝင်ဖို့ တိုင်ပတ်ခဲ့ရသလို နေရထိုင်ရတာဟာလည်း အင်မတိ အင်မတန်မှ ပျင်းရိခြောက်သွေ့ဖွယ် ကောင်းလှပါသည်။ အရမ်းပျော်စရာကောင်းလှပါတယ်ဆိုတဲ့ အဘွားရဲ့ရွာဟာ သူ့အတွက်တော့ ရေလည်စိတ်ညစ်ဖွယ်ပင်ဖြစ်သည်။ အိမ်ထဲကနေ အိမ်ပြင်ထွက်ဖို့ကို အင်မတန် စိတ်ညစ်ရတာကြောင့် သူ အပြင်ကိုလုံးဝမထွက်ဘဲ အိမ်တွင်းပဲ ပုန်းနေရသည်။

ဘာလို့လဲဆိုရင်တော့ ဖော်ရွေပျူငှာလွန်းလှတဲ့ ရွာကလူတွေကြောင့်ပဲ ဖြစ်သည်။ သူ့ကိုတွေ့ရင် ဟိုလူက အိမ်ခေါ်





ထမင်းဖိတ်ကျွေးလိုကျွေး၊ ဘာလိုလဲ ဘယ်သွားမလဲ စသဖြင့် မေးခွန်းများစွာကို မခံနိုင်တော့တဲ့အခါ သူက အိမ်ထဲမှာပဲ အခန်းအောင်းနေနေတာကို အရမ်းငြီးငွေ့နေတာဖြစ်သည်။

"ကိုချစ် ... ဒီမှာ ပဲချောင်းနဲ့ ရေနွေးလေး လုပ်ထားတယ်၊ လာစားပါဦးဗျ"

အိမ်ရှေ့က ခွေကို့ ခေါ်သံကြောင့် သူက ဖျာပေါ်မှာ လဲလျောင်းနေရာကထကာ အိမ်ရှေ့ထွက်လာခဲ့လေသည်။

"ဘယ်လိုလဲ ပျင်းနေပြီလား ကိုချစ်ရဲ့။ ကိုချစ်က အခန်းထဲချည်းပဲ သွားအောင်းနေတာပဲ။ ရွာထဲ ဘာညာသွားရအောင်လေဗျာ။ လှလေးကော ဒေဝီကောက ကိုချစ်ကို တစ်မေးတည်း မေးနေတာဗျ"

အိမ်စည်က စိတ်မပါသလို အံပြုံးဖြင့် ပြုံးလိုက်ရင်း ရေနွေးခွက်ကို ကိုင်မ,ကာ လေမှုတ်အအေးခံပြီးမှ ...

"မင်းတို့ကသာ ဒီမှာ ပျော်စရာကောင်းတယ် ပြောတာ။ ငူး ... တစ်နေ့ တစ်နေ့ ကုန်ဖို့ကို ငါ့မှာ ရေလည်ဖြတ်



www.burmeseclassic.com

www.burmeseclassic.com



သန်းနေရတယ်။ ဟာကွာ ... ရေလည် ဂေါက်တယ်။ အဘွားကလည်း ဘယ်လိုမှကို တောင်းပန်လို့မရဘူး"

"အဲဒါ ကိုချစ်က ရွာထဲမှ သေချာမရောက်သေးတာ။ ညနေဆို ရေဆိပ်မှာ အမိုက်စားလေးတွေ ရှိတယ်ဗျာ။ ပြီးတော့ ကျွန်တော်တို့ရွာက တအားသာယာတာ။ ဟော ညကျရင် ဗီဒီယိုရုံသွားမယ်။ ကာရာအိုကေ သွားဆိုမယ်။ ဘယ်လောက် ပျော်ဖို့ကောင်းလိုက်သလဲ။ ကိုချစ်က သေချာမှ ကျွန်တော်တို့နဲ့ လိုက်မလည်တာ။ တစ်ရက်တော့လိုက်ခဲ့ပါ ကိုချစ်ရာ။ ကိုချစ်နဲ့သာ ရွာတစ်ပတ် ပတ်လိုက်ရင် ကျွန်တော်တို့နှစ်ယောက်လုံး ပိုမျက်နှာပွင့်မှာဗျ ... အဟဲဟဲ"

အိမ်စည်က အဲဒီ ဂေါက်ညီအစ်ကို နှစ်ယောက်ကို စိတ်ပျက်လက်ပျက် ကြည့်လိုက်မိသည်။ ဒီနှစ်ကောင် အဆွယ်ကောင်းတာနှင့် သူက နည်းနည်းစိတ်ပါလာသလို ရှိလာတာကြောင့် ...





"ဟင်း ... ညွှန်းချက်ကတော့ ရှယ်ပဲဟေ့။ ကဲ ... ဖြီးရော ကွာ သွားမယ်လေ။ ဘယ်တော့ သွားရမလဲ"

"အဟား ... ဝမ်းသာလိုက်တာဗျာ။ ကိုချစ် သွားမယ်ဆိုရင် အခုတောင် ထွက်လို့ရတယ်။ ဒီအချိန်ဆို ဟိုမှာ လူစုံနေလောက်ပြီ ကိုချစ်ရ"

"ဟား ဟား ... အေးပါကွာ။ ခဏလေး ... ငါ အဝတ်အစား သွားလဲလိုက်ဦးမယ်"

"ဟုတ်ကဲ့ ... ကိုချစ်။ ဒါဆို ကျွန်တော်တို့လည်း ပြင်လိုက်ဦးမယ်။ ဒီအချိန်က ကာလသားတွေ ရှိုးထုတ်ရတဲ့ အချိန်ပဲဗျ။ ကိုချစ် ဝယ်ပေးထားတဲ့ အထဲက ရှယ်ဝတ်လိုက်ဦးမယ်"

"အေးကွာ ... ကြိုက်တာသာလုပ်"

သူက ပြောပြီးတာနှင့် ထထွက်လာကာ အခန်းထဲဝင်၍ အကျီပြန်လဲရလေသည်။ Baby pink fit တီရှပ်ကို အပြာရောင် အော်လ်တာရှပ်ကို အပေါ်ကနေခံဝတ်ကာ အောက်ကတော့



www.burmeseclassic.com

www.burmeseclassic.com



skinny type ဂျင်းနဲ့ဖြစ်၏။ သူက ပါးပါးလေး ရှိုးစမိုးထုတ်လိုက်ပြီးလျှင်တော့ သူက ဖိနပ်စီးရင်း အိမ်ရှေ့က ကွပ်ပျစ်မှာ ထိုင်စောင့်နေရလေသည်။

"ဟား ... ကိုချစ်ကတော့ လန်းသလား မပြောနဲ့။ ကိုချစ် ကျွန်တော်တို့ကိုလည်း ကြည့်ပါဦးဗျ။ လန်းရဲ့လား"

အိမ်စည်က လှည့်ကြည့်လိုက်လျှင် ရွှေကိုနှင့် ရွှေညီ ဒီဇိုင်းကို သဘောတွေတွေ့ကာ ထရယ်မိလေသည်။ အဟား ဟား ... သူဝယ်ပေးထားတဲ့ Gel ဘူးကို တစ်ဘူးလုံး အကုန်သုံး၍ အစွမ်းကုန် ဖွင့်လာသလား အောက်မေ့ရအောင် ဆံပင်တွေက မိုးထိအောင်ထောင်၍ မျက်မှန်တွေတပ်ကာ ဘာပုံပေါက်နေမှန်းကို မပြောတတ်ပေ။

"ကိုချစ် ... ဘယ်လိုလဲဆို"

"အမ် ... မိုက်ပါတယ်ကွ။ လုံးဝ ဘလင်း ဘလင်းဖြစ်တယ်"

"ဟင် ... ကိုချစ် ဘာလဲဟင် ဘလင်း ... ဘလင်း"





"bling bling ဆိုတာ လက်လက်ကို ထနေတာပဲလို့ ပြောတာပါကွာ"

"ဪ ... ဂလိုလား။ ကိုချစ်က ဒါဆို ပိုဘလင်းဘလင်းဖြစ်တယ်၊ လာ ... လာ ... ကိုချစ် သွားမယ်။ ဖိုးပု ... ဟော့ကောင် ဆိုင်ကယ်ထုတ်ထားဟေ့။ လာ ... ကိုချစ်"

သူက ရွှေကိုနှင့် ရွှေညီ ခေါ်ဆောင်လာရာကို လိုက်လာခဲ့သည်။ ဒီရွာက ကားသာဝင်လို့မရတာ။ ဆိုင်ကယ်တွေကတော့ ပလူကို ပျံထနေတာပဲ။ ဟိုလူကြည့်လည်း ဆိုင်ကယ်နဲ့၊ ဒီလူကြည့်လည်း ဆိုင်ကယ်နဲ့ ခေတ်မီတစ်ဝက် တောစတိုင်လ်တစ်ဝက်ပဲဖြစ်သည်။ အိမ်စည်သည် ရွှေကို့ဆိုင်ကယ်ပေါ် တက်ခွလိုက်ပြီးနောက်မှာ ရွှေကိုက ဆိုင်ကယ်ကို စက်နှိုးကာ သာသာလေးပင် သူ့ကိုတင်ဆောင်၍ မောင်းသွားလေသည်။ ညီအစ်ကိုနှစ်ယောက်က ဆိုင်ကယ် တစ်ယောက်တစ်စီးစီဖြင့် ဂေါ်တာတော့ ဂေါ်နေကြတာပဲဖြစ်၏။ ခက်နေတာက တောဂေါ် ဒီဇိုင်း ပေါက်နေလို့ပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုချစ် ... ဘယ်လိုလဲ၊ ရွာလေးက လှတယ်မှုလား"

"မဆိုးပါဘူး၊ အခု မင်း ဘယ်သွားနေတာလဲ"

"မြစ်ဆိပ်လေ ကိုချစ်ရ။ အဲဒီကိုရောက်ရင် ကိုချစ် ပိုသဘောကျသွားမယ်"

"ကြည့်ရသေးတာပေါ့ကွာ"

အိမ်စည်က ငြိမ်ငြိမ်လေး ဆိုင်ကယ်လိုက်စီးရင်းက ဘေးပတ်ဝန်းကျင်ကို ခံစားမိသွားသည်။

စိမ်းစိမ်းစိုစို လယ်ကွင်းတွေကလွဲရင် ဘာမှ အထူးအဆန်းမရှိပါဘူး။

"ရောက်ပြီ ကိုချစ်"

သူက ဆိုင်ကယ်ပေါ်က ဆင်းလာလျှင် သူ့ကိုဝိုင်းရှုံးနေသည့် မျက်လုံးအစုံကို တစ်ချက်အကဲခတ်လိုက်သည်။ အုန်းရေရောင်းတယ်လို့ ယူဆရသော ဆိုင်နေရာမှာ ထိုင်နေကြသူအားလုံးဟာ ဘဲတွေချည်းပဲ ဖြစ်တာကြောင့် သူက ရွှေကို့ကို ဘာလဲဆိုပြီး မေးတစ်ချက်ဆတ်ပြလိုက်လျှင် ...





"ဒါက ထုံးစံပဲလေ ကိုချစ်ရ။ ကိုတိုးကြီး အုန်းရေဆိုင်က ညနေဆို လူအကျဆုံးပဲ။ သူတို့လည်း လာပိုးကြတာလေ။ ကိုချစ် ... လာ"

"ဟား ... ရွှေညီအစ်ကိုနှစ်ယောက်ပါလား။ အဟော ... ဘွားအေးမြေးလည်း ပါတာကိုး။ ကြွပါခင်ဗျာ ... ကြွပါ။ တိုးကြီးရဲ့ အုန်းရိပ်ညနေဆိုင်လေးက ကြိုဆိုပါတယ်"

သူတို့က ခုံတစ်ခုမှာ ဝင်ထိုင်ရင်း လှမ်းမြင်နေသည့် မြစ်ဆိပ်ကို လှမ်းရှိုးလိုက်သည်။ ဟင်း ... သိပ်တော့လည်း ထူးမခြားနားပါပဲ။ မြန်မာတောကားထဲကလိုမျိုး လုံမပျိုတစ်စုက ရေအိုးတွေရွက်ကာ အိုးလေးလှုပ်ပါဟော့ စတိုင်လ်ဖြင့် ရေခပ်ဆင်းနေကြတာဖြစ်သည်။ တချို့က အှုပ်စုလိုက် လမ်းလျှောက်လာသလို၊ တချို့ကတော့ စတိုင်လ်အုံ့ဖွဲ့နေဖြင့် ဆိုင်ကယ်စီး၍ ရေခပ်လာကြတာဖြစ်၏။ က်၍

"ကိုချစ် ဘယ်လိုလဲ။ ရှုံးစားသွားရပြီမှလား၊ အဲဒါမှ ရွှေချိုးက ရွာသူတွေဗျ ... ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ... လာဖောက်နေတာလား ရွှေညီရာ။ ဒီဒီဇိုင်းတွေက out of date ဖြစ်သွားပါပြီကွာ။ နေညိုချိန် တိမ်တောက်တဲ့အခါ ရွာလမ်းနံဘေးမှာ စာဥတို့သူငယ်ချင်းမတွေ ရေခပ်ဆင်းလို့လာ ဆိုတဲ့ သီချင်းတွေက ကျန်ခဲ့ပါပြီကွာ"

"အဟား ... ကိုချစ်က ဟာသ်ာတထွန်းရင် သီချင်းလည်း ရတာပဲလား"

သူ့ကို အထင်တကြီး ဖြစ်နေတာကြောင့် သူက ကော်လာကို ခပ်ဆဆမရင်းက ...

"ဟင်း ... ဟင်း ... အိမ်စည်ပါကွာ။ ငါ အားလုံးသိတယ်"

"ကိုချစ် ... လာဖျာ[illegible]ဆိပ်ဘက် လျှောက်ရအောင်။ ကိုချစ်သာ ပါလာရင် [illegible]ချာပေါက် ကျွန်တော်တို့ မျက်နှာပွင့်မှာဗျ။ ကူညီပါ ကိုချစ်ရာ ... နော်၊ ကျွန်တော်က ဟော ... ဟိုးက အေးမြကို ပိုးနေတာ။ သူနဲ့စကား





ပြောရတာ အဆင်ပြေအောင် ကိုချစ်ပါမှရမှာ။ ကူညီပါ ကိုချစ်ရာ ... နော် ... နော်"

"ဟုတ်ပါတယ် ကိုချစ်ရာ ... လာပါ။ ကျွန်တော်တို့နဲ့ လိုက်ခဲ့ပါနော်"

သူ့ကို ညီအစ်ကိုနှစ်ယောက်က ဘေးကနေ ဝိုင်းနားပူနားဆာလုပ်သောအခါမှာ သူက နားအေးပြီးရောဆိုသောသဘောဖြင့်ခေါင်းညိတ်ကာ အဲဒီနှစ်ကောင်နဲ့လိုက်လာခဲ့တော့သည်။

"နယ် ... မြို့သား မြစ်ဆိပ်ကိုလာတယ်။ မြို့သား"

"နောက်လည်းလာနော် မြို့သားရဲ့။ ဒါနဲ့ မြို့သားကို ထမင်းစားဖိတ်ထားတာ လာလည်းမလာသေးဘူး"

စသဖြင့် အပျိုတစ်ယောက်၏ စုံစီနဖာ အသံတို့ကြောင့် သူက အားလုံးကို ပြုံးပြနေစဉ်မှာပင် ဟိုနှစ်ကောင်ဟာ သူ့ဘေးကနေ လှစ်ခနဲပျောက်၍ သူတို့ပိုးနေတဲ့ ကောင်မလေးအနားသို့ သွားကပ်လေတော့သည်။ သူ့မှာသာ ဘုမသိဘမသိနဲ့ မချောမျှားစွာ ကိုယ်တစ်ယောက်သာ ဘဝဖြင့် ကျန်နေခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုအိမ်စည် အဲဒီမှာ ဘာလုပ်နေတာလဲ။ လာလေ ... ဒီမှာ လာထိုင်ပါ"

အဲဒီခေါ်သံကြောင့် သူက လှမ်းကြည့်လိုက်လျှင် လှလေးလွန်းကို တွေ့ရလေသည်။ ဘာပဲဖြစ်ဖြစ် သူမသိတဲ့သူတွေကြားမှာ နေတာထက်စာရင် သူနဲ့နည်းနည်းသိတဲ့ သူ့အနားမှာနေတာက ပိုအဆင်ပြေလောက်မယ်ဟု တွေးမိကာ သူက သူမ့အနားသို့ လျှောက်သွားလျှင် သူမက ပြုံးမြမြမျက်နှာထားဖြင့် သူ့ကို ဆီးကြိုနှုတ်ဆက်၍ ...

"ကိုအိမ်စည် ... လာ ထိုင်။ ရွှေကိုနဲ့ ရွှေညီကတော့ အဲဒီလိုပဲ။ ဒီအချိန်ဆို သူတို့က ဒီမှာလာနေပြီး အေးမြတို့ကို ပိုးနေကြလေ။ ကိုအိမ်စည်က အခု ဘယ်သွားမလို့လဲ"

"ဩော် ... ဘယ်ရယ်တော့ မဟုတ်ပါဘူး။ ဒီကောင်တွေ ခေါ်လာလို့လေ။ ဟို ... ပြီးတော့ ကျွန်တော်လည်း ရောက်ကတည်းက တစ်ခါမှ သေချာ မသွားဖြစ်သေးတာနဲ့ လိုက်လာတာ"





"အမယ်လေး ... မြို့သားရယ် ဖြစ်မှဖြစ်ရလေ။ ကျုပ်တို့ရွာက အရမ်းအကျယ်ကြီး မဟုတ်ပါဘူးတော်။ ဆိုင်ကယ်နဲ့ ပတ်လိုက်ရင် ခဏလေးပဲ။ ဘာမှမကြာဘူး။ မြို့သားက အိမ်တွင်းပုန်းနေတာကိုး။ ရွာထဲမှာဆို မြို့သားက သတင်းကြီးနေတယ်ရှင့် သိရဲ့လား"

သူက စိတ်ဝင်တစား ရှိသွားတာကြောင့် မေးတစ်ချက် ဆတ်ပြကာ ...

"ဘာတုန်းဗျ ... ဘာသတင်းများလဲ"

"ဩော် ... ဘွားအေးမြေးက တကယ့်ကို ဘဝင်မြင့်တာတဲ့။ ထမင်းဖိတ်ကျွေးတာတောင် လာချင်မှလာတာတဲ့။ အဲဒီလိုတွေ ပြောနေကြတယ်"

"ဟုတ်လား ... အဲဒီလို မဟုတ်ပါဘူးဗျာ။ ကျွန်တော် မကြုံကြိုက်လိုက်လို့ မသွားဖြစ်တာပါ"

"အဟဲ ... ဟို ... အဲဒါဆို မြို့သားက မာနမကြီးဘူးပေါ့နော် ... ဟုတ်လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



လှလေးလွန်က သူ့ကို ပြုံးကြည့်ပြီး မေးတာမို့ သူကလည်း ပြီးပြီးရော ခေါင်းညိတ်ပြလိုက်လေသည်။

"ဟိ ... ဟိ ... ကျုပ် သိတယ်။ မြို့သား မာနမကြီးဘူးဆိုတာ။ မြို့သားက ဂူဃျန်ဖြိုးနဲ့ တူပေမယ့် ဂူဃျန်ဖြိုးလို မာနမကြီးဘူးဆိုတာ လှလေး သိပြီးသား။ ဘာလို့လဲဆိုတော့ မြို့သားက ဘွားအေးမြေးပဲလေ ... ဟုတ်တယ်မှုလား။ ဘယ်မာနကြီးပါ့မလဲ ...

အဟဲဟဲ ... တစ်လက်စတည်း ကျုပ်လေ မြို့သားကို အကူအညီတစ်ခု တောင်းချင်ပါတယ်တော်"

အိမ်စည်သည် သူက စကားဟုတ်တိပတ်တိမပြောတာတောင် အတင်းကာရောကြီး ဝင်ရောနေတာမို့ ဘာလဲဆိုပြီး ပေစောင်းစောင်း ငဲ့ကြည့်လိုက်သည်။ ဟွန်း ... ကြည့်စမ်းပါဦး။ ဒါဟာ ဒီရွာရဲ့ အလှဆုံး ကွမ်းတောင်ကိုင်ပါတဲ့။ သျှောင်ပေစုးမတတ်ထားတာလေးကလွဲရင် ကျန်တာ တောကိုက်ပါပဲ။ ရွှေတွေကို ညွတ်နေအောင် ဝတ်ထား၍ ဒီဇိုင်းတွေက ချွတ်တားအထာကြီးကိုများ လှနေတဲ့ ကွမ်းတောင်ကိုင်ပါတဲ့။ ရှာမှ ရှားပါပဲ။





"မြို့သား ... ကိုအိမ်စည် ... ကျုပ်ပြောနေတာ အဖတ်လေးလုပ်ပြီး လှည့်ဖြေပါဦးတော်"

"ဘာလဲဗျာ"

"ဒီ ... ဒီလိုလေ ... လှလေး အကူညီတောင်းချင်တယ်ဆိုတာ ကိုအိမ်စည်ကလှလေးတို့အိမ်ကို ထမင်းစားကြွခဲ့ပေးပါလားလို့။ ကူညီပါနော်"

"ဘာဖြစ်လို့လဲဗျ။ ဒီရွာကလူတွေ့က ဧည့်သည်လာရင် ဒီလိုပဲ အလုအယက် ထမင်းစား ဖိတ်ကြတာပဲလား"

သူက စိတ်ပေါက်ပေါက်နဲ့ ထမေးလိုက်လျှင် လှလေးလွန်းက သူ့ကို ဘယ်လိုလူလဲ ဆိုတဲ့ အကြည့်တွေနှင့် ရှုံးပြီးမှ ...

"မြို့သားရယ် ... ဒါက ယဉ်ကျေးမှု၊ ဖော်ရွေမှုလေတော်၊ မြန်မာလူမျိုး ဆိုတာ အင်မတန် ဖော်ရွေပျူငှာတယ်။ အထူးသဖြင့် ကျုပ်တို့လို တောသူတွေက ပိုပြီးတော့တောင် ကူညီဖော်ရွေတတ်သေးတယ် ...



www.burmeseclassic.com

www.burmeseclassic.com



အခု မြို့သားကို ထမင်းစားဖိတ်ရတယ် ဆိုတာက လည်း မြို့သားက ဘယ်သူ့ဆီမှ မသွားသေးတော့ ကျုပ်က အပျိုတစ်သိုက်ကြားမှာ စတားဖြစ်ချင်လို့ရှင့် ... ရှင်းပြီလား"

ဟား ... ပေါ်တင်ပါလားဟေ့။

အိမ်စည်သည် ဘွင်းဘွင်းရှင်းရှင်းကြီးကို လိုရင်းပြောချလိုက်သော သူမကိုကြည့် ကာ ဖျားသွားသည်။

အဟား ... လုံးဝကို ပြတ်ပြတ်သားသားပါပဲလား။

အမှန်တကယ်တော့ သူဟာ ထမင်းစားဖိတ်တာကို မသွားဘူးဆိုတာ တမင်တကာ အထာကိုင်တာလည်း မဟုတ်၊ တစ်ရွာလုံးနဲ့သူဟာ အများနဲ့ မသက်ဆိုင်သောသူ ဖြစ်နေတာကြောင့် သိပ်ရောရောထွေးထွေး မနေချင်တာကြောင့် အကြောင်းအမျိုးမျိုးပြ ငြင်းရှောင်ခဲ့တာဖြစ်သည်။ တော်ကြာ သွားပြီးမှ သူက ကကောက်ကစ လုပ်မိလို့ လွဲကုန်ရင် အဘွားဂုဏ်သိက္ခာ





ထိခိုက်မှာပဲဖြစ်သည်။ အခုတော့ လှလေးလွန်က ပေါ်တင်ကို တောင်းဆိုတော့ သူက သဘောကျသလို ခေါင်းညိတ်လိုက်ရင်းက ...

"OK ... ကောင်းပြီလေ။ ဒါဆိုရင်တော့ ကူညီရတာပေါ့ လှလေးလွန်၊ ပြောပါ ... ဘယ်နေ့လာခဲ့ရမလဲ"

လုံးဝထင်မှတ်ထားဟန် မတူသောကြောင့် သူမ အတော်အံ့အားသင့်သွားပုံ ရပါသည်။ သူ့ကို ပြန်တောင်မဆောင်နိုင်သော တအံ့တသြ မျက်ဝန်းညိုတွေဖြင့် ကြည့်ကာ ဝမ်းသာအားရလေသံဖြင့် ...

"မြို့ ... မြို့သား တကယ်ပြောတာပါနော်"

"ဟုတ်ပါတယ်ဗျာ ... ဒီကိစ္စကို ကျွန်တော် ကူညီပေးပါ့မယ်"

"ဝမ်းသာလိုက်တာတော်။ အဲဒါဆို မနက်ဖြန် ကျုပ်အိမ်ကိုလာခဲ့နော်။ ဒီသတင်းကို သွားကြွားလိုက်ဦးမယ်တော်။ မနက်ဖြန် လာခဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ပြောချင်ရာပြောကာ ထားခဲ့ပြီး ထွက်သွားကာ ဟိုဘက်နားမှာ ရေခပ်နေတဲ့ အမျိုးသမီးတွေဆီသွားကာ ကြွားလုံးထုတ်နေပုံ ရပါသည်။ အိမ်စည်သည် ဒီရောက်မှ အထူး အဆန်းတွေဖြစ်ကာ အားလုံးဟာ သူ့အတွက် အံ့ဘနန်းဖြစ်ရလေသည်။

○✦○





## ၇

"ဗျာ ... ဘယ်လို ... ဘယ်လို ... အဘွား သားများ နား ကြားမှားသလားဟင်"

အိမ်စည်သည် ကိုယ်ကြားခဲ့တဲ့ စကားကို ကိုယ် မယုံနိုင်စွာဖြင့် ဘွားဘွားကို နောက်တစ်ခါ ထပ်မေးရလေသည်။ သို့ပေမဲ့လည်း သူ ကြားခဲ့တဲ့ စကားဟာ လုံးဝမလွဲစွာပင် အဲဒီ အတိုင်းပဲ ဖြစ်လို့နေလေသည်။

"အချစ်ကို ဘွားဘွား မိန်းမပေးစားလိုက်ချင်ပြီ။ မယား တောသူတဲ့။ အဲဒီတော့ ငါ့မြေးကို မျိုးရိုးကောင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



အဘွားက သင့်တော်မယ်ထင်တဲ့သူကို မြေး လက်ထပ်ရမယ်။ တခြားတော့ မဟုတ်ဘူး မြေး။ ငါ့မြေးကို အဘွားကတော့ ရွာအရှေ့ပိုင်းက ဒေဝီလေးနဲ့ပဲဖြစ်ဖြစ်၊ လှလေးနဲ့ပဲဖြစ်ဖြစ် စီစဉ်ပေးချင်တယ်"

"အဟား ... ဘွားဘွားရယ်၊ ရက်စက်လိုက်တာဗျာ။ သားကို အကြံဆိုးကြီးနဲ့ ဒီရွာကို ပို့လိုက်တာပေါ့လေ။ အဘွား ကျွန်တော် ဒီတစ်ခါတော့ လုံးဝလက်သင့်မခံနိုင်ဘူး။ ဒီတောသူတွေနဲ့ ကိုယ့်မြေးနုနုထွတ်ထွတ်ကို စဉ်းစားရက်ပါ့ ဘွားရယ်"

"မြေးရယ် ... အဲဒီလိုမျိုး မပြောပါနဲ့။ ဒေဝီကော လှလေးကော ကွမ်းတောင်ကိုင်တွေ။ ပညာလည်းတတ်ကြတယ်။ ပိုက်ဆံလည်းရှိ။ ကလေးမလေးတွေက ကိုယ်ပိုင်အရည်အချင်းလည်း ရှိကြတဲ့သူတွေပါ"

သူက ဟူးခနဲ လေပူမှုတ်ထုတ်ရင်းက အိမ်ရှေ့ကွပ်ပျစ်မှာ ဆောင့်ကြောင့်ထိုင်ရင်း ခေါင်းတွေပါ ရှုပ်ဖွလိုက်ကာ ...





"အဘွားရာ ... ကျွန်တော် တကယ်ညစ်လာပြီနော်။ ဘယ့်နှယ်ဗျာ၊ သား အဘွားစိတ်ချမ်းသာပါစေတော့ဆိုပြီး အဘွားနေစေချင်တဲ့ နေရာမှာ ဒုက္ခသုက္ခခံပြီး လာနေတယ်။ အဲဒါတောင် မကျေနပ်သေးဘဲ အခု မိန်းမပေးစားဦးမယ်တဲ့။ အဘွား ... သားလုံးဝ against လုပ်တယ်နော်။ ဘယ်လိုနည်းနဲ့ လက်သင့်မခံနိုင်ဘူး ဘွားဘွား ...

ရက်စက်လိုက်တာဗျာ။ ခင်ဒေဝီ ဆိုတာ ဟသလောက်ကြီး သားဘဝကြီးတော့ ပစ်စလက်ခတ် ပျက်သွားမှာပေါ့။ ပြီးတော့ လှလေးလွန် ... ဟား၊ အင်မတန်စကားများ အတင်းပြော၊ ဟာ ... ဘယ်လိုမှ လက်မခံနိုင်ဘူး အဘွားရာ"

"ဟား ဟား ဟား ... ငါ့မြေးရယ် ... ရောက်တာဖြင့် တစ်လတောင် မကြာသေးဘူး။ အကြောင်းတွေ စုံနေအောင် သိလှချည်လား။ အဲဒီကတည်းက ငါ့မြေး စိတ်ဝင်စားနေတယ်ဆိုတာ သိသာတယ်ဟော့"



www.burmeseclassic.com

www.burmeseclassic.com



ဘွားဘွားက သူ့ကို ပြောတဲ့စကားတွေက လုံးဝ အနင့်စားကြီးတွေ ဖြစ်တာကြောင့် အိမ်စည်သည် တော်တော်လေးကို စိတ်ဆင်းရဲသွားရပါသည်။

အဲ ... နေဦး၊ အဲဒါထက် အရေးကြီးတာ ရှိသေးတယ်။

"အဘွား ... အဘွား ... သားကို အဲဒီဟာတွေနဲ့ ရည်ရွယ်တယ်ဆိုတဲ့ကိစ္စ သူတို့ကာယကံရှင်နှစ်ယောက်ကို ပြောပြီးသွားပြီလားဟင်"

"ဘာလဲ ... ပြောစေချင်လို့လား။ ဒါဆို ဘွား ခုပဲပြောလိုက်မယ်လေ"

"ဟား ဟ ... မလုပ်ပါနဲ့ ဘွားဘွားရယ်။ ရှိကြီးခိုးပါရဲ့။ အဲဒီလိုသာ အဘွားက ကြေညာမောင်းခတ်လိုက်ရင် သား သေပြီပေါ့ဗျာ"

"ဒါဆိုရင် မြေးက သူတို့နှစ်ယောက်တည်းကတစ်ယောက်ယောက်နဲ့ လက်ထပ်မယ်လို့ ကတိပေးသလား"





"ဟာဗျာ ... ဘွားဘွားကလည်း။ ဒီမှာဓား၊ ဒီမှာအဆိပ် ကြိုက်တာရွေး လုပ်ခိုင်းနေပြန်ပြီ။ ဘာပဲဖြစ်ဖြစ် သေမှာပဲ ဟာကို။ မလုပ်ပါနဲ့ အဘွားရယ်။ နည်းနည်းလေး စဉ်းစား ကြည့်ပါဦးဗျာ။ အဲဒီလို တောမှာနေတဲ့ တောသူတွေနဲ့ သားလိုလူမျိုးက လုံးဝလားလားမှ မသက်ဆိုင်ပါဘူး ဘွားရယ် ...

သား ဒီမှာနေနေရတာတောင် ဘယ်လောက် စိတ်ဆင်းရဲရတယ်မှတ်လဲ။ ရေချိုးခန်းဆိုတာ ဘယ်ဆီမှန်းမသိဘူး။ အိမ်သာတစ်ခါသွားချင်ရင် တစ်လံလောက်လျှောက်ရတယ်။ ဘယ်မှာလဲ Bathtub ၊ ဘယ်မှာလဲ ဘိုထိုင်၊ ဘာမှမရှိဘူး။ ပြီးတော့ ကျန်သေးတယ်။ သား လုံးဝနေရတာပျင်းတယ်။ ကျေးဇူးပြုပြီးတော့ သားကို အိမ်ပြန်ခေါ်ပါတော့ ဘွားရယ်။ သား တောင်းပန်ပါတယ်"

အိမ်စည်က သူ့ရင်ထဲက ခံစားချက်တွေ အစစ်တွေကို ရင်ဖွင့်လေလျှင် ဘွားဘွားက သဘောတကျဖြင့် တဟားဟား ရယ်မောနေပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... ကလေးကျနေတာပဲ အချစ်ရယ်။ မင်းကိုယ်မင်း သိထားရမှာက မင်းအဘွားကော၊ အဖေကော ဒီရွာမှာ ကြီးပြင်းလာခဲ့တယ် ဆိုတာကိုပဲ။ ပြီးတော့ မင်း ထင်သလို သုံးနိုင်နေတဲ့ ပိုက်ဆံတွေကလည်း ဒီရွာက လယ်တွေ ယာတွေက ရလာတဲ့ ပိုက်ဆံတွေပဲ။ ဒီပိုက်ဆံတွေရဖို့ ဘယ်လောက် ပင်ပန်းတယ်ဆိုတာ မင်းသိဖို့ အလုပ်ကို လက်ကြောတင်းဖို့အတွက် မင်းကို ဒီလွှတ်လိုက်တာ။ ဒီရွာကလူတွေအားလုံးရဲ့ ကျေးဇူးတွေ မင်းအပေါ်ရှိတယ်"

"ဘုရား ... ဘုရား။ အားလုံး ကိုယ့်ထမင်းကိုယ်စားနေကြတာချည်းပဲ ဘွား။ စိတ်ညစ်တယ်။ ကိုယ့်မြေးလေးကို ဘွား တကယ်ပဲ ရက်စက်တော့မှာလား။ သား ကား service ဖွင့်မယ် ဆိုတော့လည်း အဘွားက သဘောတူလို့လား"

"ဒါကတော့ မိရိုးဖလာအလုပ်မှ မဟုတ်တာ။ မင်းက မင်းကားကို သချင်လို့ ဖွင့်ချင်တာမှလား"





"ဒါဆို သားက ဒီမှာပဲနေပြီး တောင်သူဦးကြီးလုပ်ရမှာလား။ လယ်စိုက်ရမှာလား"

"ဟား ဟား ... ဒီလောက် မလိုသေးပါဘူး အချစ်ရယ်။ ကဲ ... ကဲ ... လောလောဆယ်တော့ မင်းခေါင်းထဲမှာ ကြည်အောင်ထားပြီး အဘွားဆန္ဒကို လိုက်လျောပေးနိုင်အောင် ကြိုးစား၊ ဟုတ်ပါလား ... ငါ့မြေး"

အဘွားက ဖုန်းချလို့သွားသောအခါ မတ်တတ်ကြီး မေ့ခဲ့သူက သူပင်ဖြစ်ပါသည်။ ကျစ် ... ဘွားကတော့ စားပြီကွာ။ အိမ်စည်သည် ကွပ်ပျစ်ပေါ်မှာထိုင်ကာ စဉ်းစားခန်းဖွင့်နေမိသည်။ သူ တစ်ခုခုတော့ လုပ်မှပါ။ သူ့ဘဝကို ပရုတ်လုံးတော့ အဖြစ်မခံနိုင်ဘူး။ ဘာလုပ်ရမလဲ။ ဘာလုပ်ရမလဲ။

ဟာ။ အိမ်စည်က အခုမှ မှတ်မိသွားကာ လက်ဖျောက်တစ်ချက် တီးလိုက်ပြီးမှ အိမ်ထဲက ရွှေကိုနဲ့ ရွှေညီကို လှမ်းခေါ်ရသည်။

"ရွှေကိုနဲ့ ရွှေညီ လာဦးကွ"



www.burmeseclassic.com

www.burmeseclassic.com



"လာပြီ ... ကိုချစ် ဘာခိုင်းမလို့လဲ။ ကိုချစ် လှလေးဆီ အခုသွားတော့မလို့လား"

ရွှေကို့အမေးကြောင့် အိမ်စည်က မျက်နှာအနေအထားကို ခပ်နွမ်းနွမ်းဟန်ဖြင့် အိုက်တင်ချိန်းလိုက်ပြီး ဟပ်ချိုးဆိုပြီး ဖိန့်ဖိန့်တစ်ချက် လုပ်လိုက်ကာ ပြီးတော့မှ ဇာတ်လမ်းဆက်လေသည်။

"မနေ့က ငါ မြစ်ဆိပ်က ပြန်လာပြီး ဒီမှာ ရေချိုးတာ အအေးပတ်သွားလား မသိဘူးကွာ။ ဖျားချင်သလို ဖြစ်နေလို့။ အဲဒါ ငါ လှလေးလွန်းတို့အိမ်ကို သွားနိုင်မှာ မဟုတ်ဘူး။ ငါ မလာဖြစ်တဲ့အကြောင်းကို မင်းတို့သွားပြောပေးကွာ ... ဟတ် ... ဟတ် ... ဟတ်ချိုး"

"ဟာ ... အဲဒါဆို ကိုချစ် ငန်းဆေးလေး သောက်ထားလိုက်ပါလား။ ဘာမှမပူနဲ့ ကိုချစ်။ ကျွန်တော် အခုပဲသွားပြောလိုက်မယ်။ ရွှေညီ ... မင်း ကိုချစ်ကို ဂရုစိုက်လိုက်ဦး။ ငါ လှလေးတို့ဆီ သွားပြောပြီးရင် အဘဆီ သွားပြောလိုက်ဦးမယ်"





"ဟား ... ဟာ ... အဲဒီလောက်တော့ မလိုပါဘူးကွာ။ ဘကြီးကို အလကားသက်သက် စိတ်ပူအောင်။ မင်းတို့နှစ်ယောက်လည်း ရှိတယ်။ ပုတုလည်း ရှိတာပဲဟာ။ မလိုဘူး။ ဘကြီးကို သွားမပြောနဲ့ ကြားလား"

"ဟုတ်ကဲ့ ကိုချစ်"

"ရွှေညီ ... မင်းကကော ဘာလုပ်နေတာလဲ။ လိုက်သွားလေ။ ကိုယ့်အစ်ကို တစ်ယောက်တည်းဥစ္စာ"

"ဟုတ် ... ဟုတ်ကဲ့ ကိုချစ်"

ညီအစ်ကိုနှစ်ယောက်က ယောင်နနဖြင့် လှလေးလွန်းရဲ့အိမ်ကို သွားကြပြီမို့ သူဟာ အကြံအစည်အတိုင်း အိမ်ထဲက မပုတုကို လှမ်းခေါ်လိုက်ရသည်။

"မပုတု ... မပုတု ... ဒီခဏလာပါဦးဗျ"

"ရှင် ... လာပြီ ကိုချစ်။ လာပြီ"

မပုတုက အပြေးအလွှားဖြင့် သူ့ဆီးလုံးလုံးဖြင့်ရောက်ချလာလျှင် အစွမ်းကုန် ပြုံးနေသော မပုတု မျက်နှာကြောင့် သူဟာ နည်းနည်းတော့ ဖြုံသွားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုချစ် ... ပုတု ဘာလုပ်ပေးရမလဲ"

"ဟင် ... ဘာ ... ဘာမှလုပ်ပေးစရာ မလိုပါဘူး။ မပုတုကို မေးစရာနည်းနည်းလေးရှိလို့ ... ဟဲ ဟဲ"

"မေးစရာ ... ဟုတ်လား။ မေး ... ဘာဖြေရမလဲ ကိုချစ်"

မပုတုပုံစံကို ကြည့်ရတာ ဘာလားပဲမို့ သူက ရင်နည်းနည်းတုန်သွားပေမယ့် ဖြူးလုံးမျက်နှာနဲ့ပင် သူသိချင်တာကို မေးရတော့သည်။

"အဟဲ ... ဟဲ ... ဒီလိုပါ၊ မေးချင်တာကတော့ ဟို ... ရွာအရှေ့ပိုင်းက လှလေးလွန်းရဲ့အကြောင်းပါ"

"ရှင် ... ဘယ်သူ ... ဘယ်သူ"

"လှ ... လှလေးလွန်းလေ။ သူ့ကို မပုတုနဲ့ တတွဲတွဲတွေ့မိတယ်လေ။ အဲဒါကြောင့် မေးကြည့်တာပါ"

မပုတုက ဘကြီးမိန်းမရဲ့ တူမဖြစ်ကာ ပေါ်တောတောမို့ သူက အချိုသပ် မေးကြည့်ရတာဖြစ်သည်။ အစတုန်းကတော့ မပုတုက သူ့ကို လှလေးလွန်းအကြောင်း ပြောချင်ပုံမရ





ပေ။ အင်တင်တင် လုပ်နေတာမို့ သူက မက်လုံးထပ်ပေးရလေသည်။

"ပြောပြပါဗျာ။ မပုတု ... ကျွန်တော့်ကို လှလေးလွန်းအကြောင်း ပြောပြမယ်ဆို၊ ဟိုနေ့က မပုတု မွေးတယ်လို့ပြောတဲ့ရေမွှေး လက်ဆောင်ပေးမယ်လေ"

"ဟယ် ... တကယ်။ အဲဒါဆို ပြောမယ်လေ။ ကိုချစ်က ဘာကိုသိချင်တာလဲ။ လှလေးက အရှေ့ပိုင်းက ဘကြီးမိုးရဲ့သမီးလေ။ ဗီဒီယိုရုံ ဖွင့်ထားတယ်။ ကျုပ်တို့ထက် သူက တအားတော်တာတော့"

"ဟို ... အဲဒါမေးချင်တာ မဟုတ်ပါဘူး။ ကျွန်တော်မေးချင်တာက လှလေးက ဒီရွာရဲ့ကွမ်းတောင်ကိုင်ပဲ။ သူ့မှာ ရည်းစားတော့ ရှိမှာပေါ့"

"ဟင် ... ကိုချစ်က အဲဒါသိချင်တာလား"

သူ့ကို မပုတုက တအံ့တသြ မျက်လုံးတို့ဖြင့်ငေး ကြည့်တာကြောင့် သူက ဟက်ခနဲ တစ်ချက်ရယ်လိုက်ပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါပဲ သိချင်လို့၊ ဒါနဲ့ မပုတု ... အဲဒီရေမွှေးက အရမ်းကောင်းတာဗျ။ ရန်ကုန်မှာဆို နာမည်ကြီးမင်းသား တွေ မင်းသမီးတွေပဲ သုံးတာနော်"

အိမ်စည်က မပုတုကို မရိုးမရွဖြစ်အောင် ထပ်ဆွ ပေးလိုက်လျှင် သူ ဆက်မေးမစရာ မလိုတော့ဘဲ သူသိချင်တာ ကို ပြည့်ပြည့်စုံစုံ ဖြေပေးလေသည်။

"လှလေးကို ရွာမှာ ပိုးပန်းနေတာတွေက တစ်ပုံကြီး ကိုချစ်ရဲ့၊ သိတယ်မှလား လှလေးတို့က လုံးဝစိတ်ဝင် စားတာ မဟုတ်ဘူး"

"ဒါဆို သူက ယောက်ျားတွေကို လုံးဝစိတ်မဝင်စားတာ ပေါ့ ဟုတ်လား"

"အယ် ... အဲဒီလိုတော့ မဟုတ်ဘူးပေါ့။ လှလေးကလည်း ချစ်တတ် ကြိုက်တတ်ပါတယ်။ သူ မင်းသားတွေကို ကြိုက်တယ်လေ။ ပြီးတော့ ... အဟီး ပုတုတို့ တစ် ရွာလုံးက ရွာသူတွေက ကိုချစ်ကို စိတ်ဝင်စားကြတာပဲ ဟာ"





မပုတု စကားကြောင့် သူက ကျောရိုးထဲက စိမ့် ခနဲတောင် ဖြစ်သွားရလေသည်။ မြတ်စွာဘုရား ... သူ့ကိုစိတ် ဝင်စားကြလေသတဲ့။ မဖြစ်ဘူး။ အဲဒီအတိုင်းဆိုရင် သွားဘွားသာ ဆန္ဒစောပြီး လှလေးလွန် ဒါမှမဟုတ် ဟိုတစ်ယောက် ခင်ဒေဝီ ကိုသာ သူနဲ့စိစဉ်ချင်ပါတယ်ဆိုပြီး သွားပြောလိုက်လို့ကတော့ သူတော့ သေပြီ ... သေပြီပဲ။

ဟင်း ... မဖြစ်ဘူး ... မဖြစ်ဘူး။

အိမ်စည်သည် သိပ် idea ကောင်းပြီး ဩဇာစက် ပြင်းတဲ့ ဘွားဘွားထက် လက်ဦးမှုရဖို့ လိုပြီဆိုတာ သူ သဘော ပေါက်လိုက်လေသည်။

○✦○



www.burmeseclassic.com

www.burmeseclassic.com



"ကိုအိမ်စည် အတွက် ကြက်စွပ်ပြုတ် လာပို့တာ။ ကိုအိမ်စည် ဖျားနေသေးလား။ ကျုပ်ဖြင့် စိတ်ကိုပူနေတာပဲတော်။ ရော့ ... ရော့ ... ပူတုန်းလေး သောက်လိုက်ပါဦး"

အိမ်စည်က ဖျားနေပါတယ်ဆိုပြီး ဖိန့်ဖိန့်လုပ်ထားတာကြောင့် လှလေးလွန်းက ဖုတ်ပူမီးတိုက် သူ့ဆီရောက်လာကာ သူ့အတွက် ကြက်စွပ်ပြုတ် ပန်းကန်ကို လက်ထဲထည့်ပေးလာတာမို့ သူက အားနာတာကြောင့် တစ်ဇွန်းယူသောက်လိုက်လေသည်။

"သောက်လို့ကောင်းရဲ့လား ကိုအိမ်စည်။ ကြက်သားလေး စားကြည့်လိုက်ပါဦး။ ခုနကတင် အိမ်ကြက်ကို ရိုက်ချက်ပြီး မြို့သားအတွက် စပါယ်ရှယ် ချက်လာတာတော့"





"အဟွတ် ... အဟွတ် ... ဟွတ်"

"ဟယ် ... ဟယ် ... ကိုချစ် သီးသွားပြီတော့။ ရေ ... ရေ လုပ်ပါဦး ... ကိုချစ် ... ရော့ ... ရော့"

မပုတုက သူ့ကို ရေတိုက်တာကြောင့် သူက သောက်လိုက်လျှင် အဲဒီတော့မှ ပိုဆိုးတော့တာဖြစ်သည်။ အားလားလား ပူလိုက်တာ။ ဖွီးခနဲ မှုတ်ထုတ်ကာ ထွေးပစ်လိုက်ရသည်။

"ဟယ် ... ဟယ် ... ကိုအိမ်စည်။ မပုရယ် ... နေတော့ တော်တော်ပြဿနာရှာတာပဲ။ သီးသွားတဲ့သူကို ညည်းက ရေနွေးတိုက်ရသလားဟဲ့။ တော်တော်ပူသွားလား မြို့သားဟင်။ ဒုက္ခပါပဲတော်"

"ဟွတ် ... အဟွတ် ... ဟွတ် ... ရ ... ရပါတယ်"

"အဲဒါ ... အဲဒါဆို စွပ်ပြုတ်လေး ..."

"အာ ... တော်ပါပြီဗျာ။ စားချင်စိတ်လည်း မရှိတော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ...တော့။ နည်းနည်းဖြစ်ဖြစ် စားပါဦးလား။ နည်းနည်း ..."

"ရတယ် ... ရတယ်၊ ကျွန်တော် ပြီးတော့မှ စားပါ့မယ်"

အိမ်စည်က စိတ်ညစ်စွာဖြင့် လေပူတစ်ချက် မှုတ်ထုတ်ပစ်လိုက်တော့သည်။ ဟား ... စိတ်ပျက်လိုက်တာကွာ။ အပြောအဆိုကလည်း။ အဘွားပြောသလို သဘောဖြူတဲ့ တောသူဆိုသလို ပွင့်လင်းဖြောင့်ကျလိုက်ပါဘိ။ အခု ကြက်စွပ်ပြုတ်အတွက် ခုနကတင် ကြက်ကိုရိုက်ပြီး ချက်လာတာတဲ့။ သူက ဘယ်စိတ်နဲ့ ဘယ်လိုမျိုးကျွေးပါ့မလဲ။

"မိပု ... မြို့သားစားချင်တဲ့အချိန် စားလို့ရအောင် သွားနွှေးထားနော်။ မြို့သား ငန်းဆေးလေး သောက်ပြီးပြီလား"

"ရတယ် ... ကျွန်တော် အဲဒီလောက် မဟုတ်ပါဘူး။ နေလည်း ကောင်းသွားပါပြီ။ တစ်နေ့ တစ်နေ့ အိမ်ထဲမှာပဲ နေနေတော့ နည်းနည်းပျင်းလာတာဗျ။ ဟို ... လှလေးတို့က ဗီဒီယိုရုံ ဖွင့်ထားတာမှလား။ ကျွန်တော် လာကြည့်လို့ကော ရလား"





"ဟယ် ... တကယ်၊ တကယ် ပြောတာလား မြို့သား"

အဟင်း ... အရမ်းကြီး အံ့သြသွားပြီ။ အိမ်စည်သည် ခေါင်းတစ်ချက် ဆတ်ပြလိုက်ပြီးမှ ...

"ပြောတာကတော့ တကယ်ပဲ။ ကျွန်တော် ပြောတာ မေ့နေတယ် ထင်တယ်။ အဲဒီလို မြို့သား မြို့သား ဆိုတာချည်း မခေါ်ပါနဲ့ဆို"

"အပီး ... ဟုတ်သားပဲ။ ကျုပ်တို့က ဘွားအေးမြေး မြို့သားဆိုပြီးပဲ ပြောနေကြဆိုတော့ နှုတ်ကျိုးနေလို့တော့။ ကိုအိမ်စည် ... တကယ် ဗီဒီယိုရုံ လာမှာနော်"

"အင်း ... လာမှာပေါ့။ ဘယ်အချိန် ပြမှာလဲ"

"ဗီဒီယိုရုံက ဗီဒီယိုက ညခုနစ်နာရီလောက်ဆို စပြပြီ။ ဒါပေမဲ့ ရုံက တစ်နေကုန် ဖွင့်တယ်။ ညနေ ငါးနာရီလောက်ဆို ဖွင့်ပြီလေ။ ရွာမှာ ကာရာအိုကေ ဆိုကြသေးတာ"

"ကာရာအိုကေ ... ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဟုတ်တယ် ကိုချစ်ရဲ့။ သုံးပုဒ်ငါးရာနဲ့ ကျုပ်တို့က ဟဲနေကြတော့"

"ဩော် ... ဩော်"

ကာရာအိုကေဆိုလို့ သူက စိတ်ဝင်စားလို့ မေးကြည့်မိတာပါ။

သုံးပုဒ်ငါးရာနဲ့ ဆိုရတာတဲ့။ ဩော် ... ဒီရွာမှာလည်း မိုက်ခဲတွေ များတာပဲ။ တစ်ဆက်တည်းမှာပင် သူဟာ ဘော်ဒါတွေနှင့် ဟဲခဲ့ဖူးသည့် music box ကို သတိရလို့ သွားလေသည်။

"ကိုချစ် ... ကိုချစ် ဘယ်တော့သွားမှာလဲလို့"

"အင် ... သွားတာပေါ့။ အင်း ... မနက်ဖြန်ညနေ ကျွန်တော်တို့ လာခဲ့မယ်"

"တကယ်နော်။ အဟိ ... ဝမ်းသာလိုက်တာတော်။ တကယ်လာနော် မြို့သား၊ ကျုပ် စောင့်နေမှာ သိလား"

"အင်း ... လာခဲ့မှာပေါ့ လှလေးရဲ့"





အိမ်စည်က ကိုယ့်အတွေးနဲ့ကိုယ် သဘောကျစွာ ပြုံးမိတာက လှလေးလွန်ကို Welcome လုပ်သည့်အပြုံး ဖြစ်လို့နေပါသည်။

○ ✦ ○



www.burmeseclassic.com

www.burmeseclassic.com



## ၈

အယ်တော့ ... ကြည့်စမ်းပါဦး။ ချောလိုက်တာများ မှန်ညက်လို့။ ပန်းရောင်နဲ့ခရမ်းရောင် အစပ်ရောထားတဲ့ အကွက်ကျဲရှပ်အင်္ကျီကို လက်ခေါက်ဝတ်ကာ ဂျင်းဘောင်းဘီအနက်နဲ့ အရမ်းကို ဝတ်တတ်စားတတ်သော မြို့သားပင် ဖြစ်လေသည်။ အဘွားအေးမြေး အိမ်စည်ကိုကိုချစ် ဆိုသောမြို့သားဟာ တကယ့်ကို ချောတာဖြစ်သည်။ ချောတာမှ ကိုရီးယားမင်းသားလေး အတိုင်းပဲ။

မြို့သားသည် သူ့ညီဝမ်းကွဲ နှစ်ယောက်ဖြစ်တဲ့ ရွှေကို၊ ရွှေညီ ပြီးတော့ မိပုပါ သူနဲ့အတူ တွဲပါလာတာကြောင့်





ကြည့်ရသည်မှာ ရွှေမင်းသားနဲ့ ကိုယ်ရံတော် အပေါင်းအပါများကို တွေ့နေရသလို ခံစားရလေသည်။

"အစ်ကိုက ချောလိုက်တာဟယ်"

လှလေးသည် စိတ်ထဲကနေ မြို့သားကို သဘောတကျဖြင့် ချီးကျူးမိနေတုန်းမှာ ဘေးကနေ အသံထွက်လာတာကြောင့် လှလေးက ကြည့်တတ်ရန်ကောဆိုတဲ့ သဘောဖြင့် ဒေဝီကို မျက်စောင်းကဲကြည့်လိုက်ရင်း ... ။

"ဟင်း ... ဟင်း ... ဒါကျတော့ သိပ်မြင်တတ်တာပဲနော်"

"အိုး ... ဒါတော့ မြင်တတ်တာပေါ့ လှလေးမရဲ့။ ညည်းနော် သိပ်ကို လက်သွက်ခြေသွက် ရှိနေတယ်ပေါ့ ဟုတ်လား။ ဟင်း ... လာပြီး ကျော်တယ်ပေါ့"

"အမယ်လေးဟယ် ... ညည်းကလည်း အခု မြို့သားဗီဒီယို ရုံလာမယ်ဆိုတာ ကျုပ် ညည်းကို ပြောတာပဲဟာ။ ကဲပါဟယ် ... လာစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



လူလေးက သွက်သွက်လက်လက်ပင် ထွက်လာကာ မြို့သားကို ခရီးဦးကြို ပြုလေသည်။

"ကိုအိမ်စည် လာပါ ... လာပါ။ ကြိုဆိုပါတယ်"

"ဟုတ်ကဲ့"

"ဒီမှာ ထိုင်လေ"

မြို့သားက လူလေး ထိုင်ခိုင်းစေတဲ့ ပလတ်စတစ်ခုံပြာလေးမှာ ဝင်ထိုင်ကာ ပတ်ဝန်းကျင်ကို အကဲခတ်နေဟန်တူသည်။ ချက်ကြီးတို့ အုပ်စုက "တောဂေါ်လီ"ဟစ်နေတာတောင် မြို့သားရောက်လာ၍ အရှိန်လျော့သွားတာကြောင့် မြို့သားကဝင်ပြောလေသည်။

"အဟား ... ဘော်ဒါတို့ ဆက်ဆိုကြပါ။ မိုက်တယ်ဗျ ... မိုက်တယ်"

"တကယ်ပြောတာလား မြို့သားရ"

"သြော် ... တကယ်ပြောတာပါဗျာ။ ဒါကြောင့်မို့လည်း ကျွန်တော်က လာအားပေးတာပေါ့ ... ဟဲ ဟဲ။ ဆက်ဆိုကြပါ"





မြို့သားစကားကြောင့် လူလေးက မြို့သားကို အပြုံးတစ်ခုဖြင့် ပြုံးပြီးကြည့်နေတုန်းမှာ မြို့သားကလည်း လူလေးကို ပြန်အကြည့်နဲ့ ဆုံတာကြောင့် ရင်ထဲတစ်မျိုးကြီးတော့ ဖြစ်သွားလေသည်။ မျက်လုံးချင်းဆုံ၍ မြို့သားက ပြုံးပြလိုက်လျှင် လူလေးမှာ ခြေဖျားလက်ဖျားတွေတောင် အေးစက်သွားလေသည်။ အို ... အပြုံးလေးက အေးချမ်းလိုက်တာ။

"အားလုံးတက်ကြ xxx ငါ့ထော်လာဂျီ xxx ငါ့ကို မိန်းကလေးများ xxx အော့ကြောလန်သည် xxx ရွာမြောက်ဘက်ပိုင်းကတော့ xxx သိပ်မကြည် xxx ငါ့နာမည်က တောဂေါ်လီ"

"မဆိုးဘူးနော်။ လူလေးတို့ ဗီဒီယိုရုံက တော်တော်တွက်ခြေကိုက်တာပဲ။ ရွာမှာ မိုက်ခဲတွေ တော်တော်များတာပဲ"

"ဟယ် ... မရှိပါဘူး ကိုအိမ်စည်ရဲ့။ ရွာက ဒုစရိုက်ကင်းရန်ဖြစ်တဲ့ အမှုကင်းလို့ စံပြရွာအဖြစ် သတ်မှတ်ခြင်းခံရထားတာ။ မိုက်ခဲတွေ လူမိုက်တွေ မရှိပါဘူး ကိုအိမ်စည်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ... မဟုတ်ဘူး ... ကျွန်တော် ဆိုလိုချင်တာက မိုက်ခဲဆိုတာ သီချင်းဆို ဝါသနာပါကြတယ်၊ မိုက်ကရိုဖုန်းမြင်ရင် ကိုင်ပြီးဆိုချင်ကြတယ်လို့။ အဲဒါကိုဆိုလိုချင်တာပါ"

"ဩော် ... ဒါကို ပြော်တာလား။ မသိပါဘူးတော်"

လှလေးက မြို့သားနဲ့ စကားဖွဲ့ရတာ အဆင်ပြေနေတုန်းမှာ သာသနာပျက်ဒေဝီမက ရေနွေးအိုးနဲ့ မုန့်ဗန်းကိုကိုင်လာကာ မြို့သားကို ကပ်ဖားနေတော့တာ အသိသာကြီး။

"လှလေး ... ဟိုဘက်ဖယ်စမ်းပါအေ။ အစ်ကို သုံးဆောင်လိုက်ပါဦး။ ဒါက ငှက်ပျောကောက်ညှင်းထုပ်လေ။ အရမ်းကောင်းတာ။ စားလိုက်ပါဦး။ ဟဲ့ ... လှလေး၊ ဟိုမှာချောပို့တို့ အုပ်စုဆိုဖို့ အလှည့်ရောက်ပြီ။ နင် သီချင်းခွေ သွားလဲပေးလိုက်။ အစ်ကို ... စားလေ အစ်ကိုရဲ့"

ဟင်း ... အပိုတွေ အပိုတွေ။ အရင်ဆို သူပဲလုပ်တာ။ မြို့သားလာမှ ငါ့ကို လာလုပ်နေတာ။ သူ့ခန္ဓာကိုယ်နဲ့မှ





မလိုက် လေသံကဖျစ်ချွဲလို့ အစ်ကိုတွေ ဘာတွေခေါ်လို့။ ရုံကလည်း ဒီနေ့မှ လူဝင်မဆံ့ဖြစ်နေတာကြည့်ဦး။ အဆိုးဆုံးကတော့ ရွာရဲ့ဂေါ်လီမတွေဖြစ်သည်။ ချောပိုမတို့ဆိုတာ ညနေ လေးနာရီမထိုးခင်ကတည်းက ဒီရောက်နေတာ။ ရေခပ်တောင် မသွားဘူး။ လှလေးက စိတ်ကိုလျှော့လိုက်ပေမယ့် အလုပ်ကတော့ မလုပ်ချင်ဘဲဖြစ်သည်။ မြို့သားနဲ့ ဒီ့ထက်ရင်းနှီးရမယ့်ဟာကို။

"ချောပို၊ မိပု၊ အေးမ ညည်းတို့နော် ... ဆိုတာတွေက များနေပြီ။ ကဲ ... ပြောပြော၊ အခု ဘာဖွင့်ပေးရမှာလဲ။ ရှင်ငရဲကြီးလိမ့်မယ်လား။ ချမ်းမြေ့ပါစေလား"

"မဟုတ်ဘူး ... မဟုတ်ဘူး၊ သီချင်းပြောင်းဆိုမယ်။ ကိုကိုချစ်လေ ကိုကိုချစ် အဲဒီသီချင်းဆိုမယ်"

ဟင် ... ကြည့်စမ်း။ ကောင်မတွေ။ သိပ်ကိုလက်သွက်နေကြတာပေါ့။ ကိုကိုချစ် ဆိုတာ ဘယ်သူရှိလို့ ဘာကိုရည်ရွယ်တယ်ဆိုတာ မြွေမြွေချင်း ခြေမြင်နေသောကြောင့် မဲ့ကာရွဲ့ကာသော မျက်နှာဖြင့် ဘူးခံလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မရှိဘူး အဲဒီအခွေ"

"ဟယ် ... ဘာဖြစ်လို့ မရှိရမှာလဲ၊ နင်ပဲ ဟိုမနေ့က ကော်နီ အခွေဖွင့်ပြပြီးတော့။ ဟဲ့ ... ငါတို့က ပိုက်ဆံပေးဆိုတာ။ ဖွင့်ပေး"

ခါတိုင်းဆို လှလေးတို့ ဒီနေရာမှာတင် ဝက်ဝက်ကွဲသွားအောင် သောင်းကျန်းပြမှာဖြစ်ပေမယ့် ဒီနေ့တော့ မြို့သားရှိဖြစ်နေတာကြောင့် အတင်းကို ဒေါသတွေ ဖျစ်ညှစ်ထိန်းချုပ်ကာ ဆောင့်ကြီးအောင့်ကြီး ဖွင့်ပေးလိုက်သည်။ အသံသေး အသံသြှောင်တွေနဲ့ မြို့သားကိုများ ရှိတ်ချင်သေးတယ် ဟွန့်။

"နည်းနည်းလေး ချစ်တာမလောက်လို့ xxx များများကြီး ချစ်ပါဦးလို့ xxx ဒီလိုပြောတဲ့ အချစ်ကို xxx တို့က နာမည်လေးတစ်ခုပေးမယ် ကြားလား xxx စကားလေး များပြောရင် xxx ချစ်လို့ xxx ပြောတိုင်းလည်း xxx အမြဲ ပါတတ်လို့ xxx ဒီလိုဆိုးတဲ့ အချစ်ကို တို့က နာမည် တစ်ခုတော့ ပေးချင်သား xxx





ကိုကိုချစ်ရေ xxx ဒီလိုအမြဲ တို့ကတော့ xxx ခေါ်မှာပဲကွယ် xxx ထာဝစဥ်လေ မင်းကြိုက်သလို ချစ်မယ် မင်းကြိုက်သလိုချစ်မယ် xxx ချစ်တယ် xxx ကိုကိုချစ်ရေ xxx ကိုကိုချစ်ရေ"

မြို့သားက သဘောတကျဖြင့် ကြည့်နေတာကြောင့် ချောပိုမတို့က ဒီဘက်ကနေ ပိုဆပ်စလူး ထနေကြတာဖြစ်သည်။

"ဒီရွာက အဆို ကောင်းတာပဲ။ သီချင်းလည်း ကောင်းတယ်"

အယ် ... ကြည့်စမ်း။ မြို့သားက ကိုကိုချစ် သီချင်းကို ကြိုက်တယ်တဲ့။ လှလေးက စိတ်ထဲကနေ ကျိတ်မှတ်ထားလိုက်သည်။

"အစ်ကို ... အစ်ကိုနဲ့ ဒေဝီနဲ့ သီချင်းဆိုကြလား။ အင်း ... ဟို 'လိုက်ဖက်တဲ့ဘဝ'ဆိုမယ်လေ ... ဟင်း ဟင်း"

"ဟင် ... အဟဲဟဲ ... ကျွန်တော် မရဘူးဗျ။ ကိုယ့်ဘာသာပဲဆိုပါ"



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတယ် ဒေဝီမ မှတ်ကရောပဲ။ ဒီတစ်ခါတော့ လှလေး အလှည့်။

"ကိုအိမ်စည် ရွာထဲအနှံ့ရောက်ပြီးပြီလား။ ရွာဦးဘုရားက အရမ်းသပ္ပာယ်တယ်နော်။ ရှေ့လဆို ဘုရားပွဲရှိတယ်လေ၊ အဲဒီကျရင် ဒို့ထက် ပျော်ဖို့ကောင်းတယ် သိလား"

"ဟုတ် ... ဟုတ်လား။ အင်း ... ကဲ ... သီချင်းဆိုကြည့်ရတာလည်း ကောင်းတယ်။ ပြန်လိုက်ဦးမယ်"

"ဟင် ... မပြန်ပါနဲ့ဦးတော့။ ဗီဒီယိုက ခဏနေရင် ပြတော့မှာ ကြည့်သွားတာ မဟုတ်ဘူး"

"ရတယ် ... ရတယ်။ ဟို နောက်ရက်တွေလည်း လာကြည့်မှာပဲဟာ။ ရွှေကို ... ရွှေညီ ပြန်မယ်"

မြို့သားက ပြန်ဖို့လောဆော်နေလျှင် လှလေးကော ဒေဝီကော ဆွဲထားချင်ပေမယ့် ပြန်ပါ့မယ် ဖြစ်နေတာကြောင့် မတတ်နိုင်ချေ။

"မြို့သား ... နောက်နေ့တော့ အကြာကြီးလာတော်"





"ဟုတ်တယ် အစ်ကို။ ဒေဝီက မျှော်နေမှာနော်"

"စိတ်ချပါ ... လာခဲ့မှာပေါ့။ အားလုံးပဲ သွားပြီနော်"

"မြို့သား ... ကျုပ်တို့အိမ်ကို ထမင်းစား လာခဲ့ဦးနော်"

"မြို့သား ... နောက်ရက်လည်း ကျုပ်တို့ မျှော်နေမှာနော်"

ချောပိုမတို့ကပါ မြို့သားကို အတင်းဝင်လုံးနေတာကြောင့် မြို့သား ထွက်သွားလေလျှင် လှလေးနဲ့ ဒေဝီမှာ ခါးထောက်ကာ မျက်လုံးကို ဝင့်ကြည့်၍ ...

"ဟဲ့ ... ညည်းတို့ ဇာတ်လမ်းတွေ အကုန်သိတယ်နော်။ ဘာကိစ္စ ညည်းတို့ ကိုကိုချစ် သီချင်းဆိုတာလဲ သိတယ် ဟင်း"

"အိုအေ ... ဘာမှမတိုနေနဲ့။ ကျုပ်တို့လည်း ကျုပ်တို့နည်း ကျုပ်တို့ဟန်နဲ့ မြို့သားကို သဘောကျကြောင်းပြတာပေါ့"

"ဟင်း ... ဂေါ်လီတော့ လာမလုပ်နဲ့နော်။ ကောင်မတွေ ညှိသည်ကို နှောင့်ယှက်လို့ကတော့ ကျုပ်အဖေကို တိုင်လိုက်မှာ"



www.burmeseclassic.com

www.burmeseclassic.com



အရပ်လူကြီးသမီး ဒေဝီက ခပ်တည်တည်နဲ့ဟောက် စားလုပ်လိုက်လျှင် ငြိမ်သွားတော့သည်။ ရွာထဲမှာတော့ လှလေးနဲ့ ဒေဝီ့ကို ကျော်နိုင်တဲ့ အမျိုးမရယ်လို့ မရှိသေးချေ၊

○✦○





"ကိုချစ် ... ကိုချစ် ဘယ်သွားချင်သေးလဲ"

"ဘာလုပ်မလို့လဲ။ မင်းတို့က"

အိမ်စည်က စိတ်ရှုပ်ရှုပ်နဲ့ ဟောက်လိုက်လျှင် ရွှေညီ က ခပ်ကုပ်ကုပ်ပုံစံဖြင့် သူ့အနားကပ်ကာ တိုးတိုးပြောလေသည်။

"ကိုချစ် ထန်းရေကြိုက်လား"

ထန်းရေ ...။ သူက နည်းနည်းတော့ စိတ်ဝင်စား သွားရသည်။ ဒါပေမဲ့ ဟန်ကိုယ့်ဖို့သုံးကာ ခပ်တည်တည်မျက်နှာ ကြောထား၍ မေးလိုက်၏။

"မင်းက ဘာလုပ်ဖို့လဲ"

"မနက်က အဘက ဒီနေ့ည လယ်ထဲမှာ အိပ်မယ်ပြော သွားတယ်လေ။ အဲဒါ အဘလစ်တုံးလေး ထန်းရေသွား



www.burmeseclassic.com

www.burmeseclassic.com



သောက်မလို့။ ထန်းရေက သိပ်သောက်လို့ ကောင်းတာ ကိုချစ်ရ။ အမြည်းအတွက် မပူနဲ့နော်။ ချက်ဖောင်းကို ကြက်ကြော်ခိုင်းထားပြီးသား။ သွားမလား ကိုချစ်"

အိမ်စည်က ထန်းရည်ဆို၍ ဂလုဆိုပြီး တံတွေးတစ်ချက် မျိုချလိုက်မိသည်။ ဒါဟာ အခွင့်အရေးကောင်းပဲ။ သူဟာ ဘီယာမသောက်ရတာကြာလို့ ငေါင်နေတာ ထန်းရည်လောက် သောက်ရတော့မယ် ဆိုရင်တော့ မဆိုးပါဘူး။

"အင်းလေ ... မင်းတို့ သွားချင်တယ် ဆိုရင်တော့ သွားတာပေါ့"

"အဟား ... ဝမ်းသာလိုက်တာ ကိုချစ်ရာ။ ကဲ ... ဒါဆို သွားစို့။ ဟိုးရှေ့အလွန်လောက်ဆို ရောက်ပြီ"

"အေး ... သွားတာပေါ့ကွာ"

အိမ်စည်က အဲဒီနှစ်ကောင်နဲ့အတူ ထန်းရည်ဆိုင် လိုက်သွားရလေသည်။ ရွာထန်းရည်ဆိုင် ဖြစ်ပေမယ့် ဆိုင်လေးက သပ်သပ်ရပ်ရပ်ဖြင့် လုံးဝသဘာဝဆန်ဆန် တည်ရှိလေသည်။





စားပွဲဝိုင်းလေး တစ်ဝိုင်းချကာ ခွေးခြေပုထိုင်ခုံလေးမှာ ထိုင်၍ ထန်းရည်သောက်ရသော အရသာကတော့ အကောင်းဆုံးပဲ ဖြစ်လေသည်။ ကြက်ကြော်၊ မြေပဲ၊ ဆိတ်သားခြောက် စသဖြင့် အမြည်းက စုံလင်စွာ ရှိတာကြောင့် ထန်းရည်အရသာက ပို၍ တစ်မူထူးလေသည်။

"မင်းတို့ဆီက ဘယ်ဆိုးလို့လဲကွ။ အားလုံး အစုံအလင် ရှိတာပဲ"

"အဟဲဟဲ ... ကျွန်တော်တို့ ပြောတာပေါ့။ ကိုချစ် ရွာမှာ ပျော်သွားပါ့မယ်ဆို။ အခုတော့ ကိုချစ် ပျော်သွားပြီမှုလား။ ဒါပဲ ဖြစ်ရမယ်လေ"

"ဟား ဟား ... မဆိုးပါဘူးကွာ။ ငါ မင်းတို့ဆီရောက် တဲ့အချိန်ကနေစပြီး ဒီနေ့အထိ ပျော်တာဆိုလို့ ဒီတစ်ရက် ပဲ ရှိသေးတယ်"

သူက ဆိတ်သားခြောက် စားရင်းကမှ တစ်ခုသတိ ရမိသွားတာကြောင့် ရွှေကိုနဲ့ ရွှေညို့ကို ဖမ်းစကားအစ်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ မင်းတို့ ညီအစ်ကိုနှစ်ယောက် ဒီတစ်သက် ဂေါ်မစွဲတွေ လုပ်တော့မှာလား။ မယူသေးဘူးလား၊ ဝါဝင်တော့မယ်နော်။ ယူစရာရှိ မြန်မြန်ယူလေကွာ။ မင်းတို့ ဘယ်သူ့ကိုကြိုက်လဲ။ ဟို ... လှလေးလွန်တို့၊ ခင်ဒေဝီတို့ကိုကြိုက်နေတာမှလား မင်းတို့"

သူလိုချင်တာကို ဦးတည်သွားလိုက်ပြီမို့ သူက ဂိတ်ဆုံးထိရောက်အောင် ပို့မှာဖြစ်သည်။ သူ့အစီအစဉ်အတိုင်းဖြစ်ပါစေ။

"အာ ... ဘယ်က သူတို့ကို ကြိုက်ရမှာလဲ။ သူတို့ကို ကိုချစ်နဲ့ ဘွားအေးက စီစဉ်ပေးချင်နေတာ။ ကျွန်တော်တို့ကိုလည်း အဘက ကိုချစ် မင်္ဂလာဆောင်ပြီးမှ ပေးစားမယ်လို့ ပြောထားပြီးသား"

"ဘာ"

သူက ဘာ့,ဆိုပြီး အကျယ်ကြီး ထအော်မိသွားသည်။ ထွေတေတေ သူ့ရဲ့အာရုံတွေတောင် ပွင့်ထွက်ကုန်၍ ရင်တွေတုန်





ကာ မီးတွေဖြန်းဖြန်းပွင့်ထွက်ကုန်၏။ ဟား ... ဒါကို ... ဒါကို ရှေ့ကိုနဲ့ ရှေ့ညီတောင် သိနေတယ်။

"မင်းတို့က ဘယ်လိုသိတာလဲ"

"အာ ... ကိုချစ်ကလည်း ဘွားအေးက ရွာလာတိုင်း အမြဲပြောပြောနေကြ ဒီကိစ္စက တစ်ရွာလုံးသိတယ်။ ဘွားအေးက လှလေးနဲ့ ဒေဝီကို သိပ်ချစ်တာ။ မြေးတော်ချင်တယ်လို့ အမြဲပြောနေကြလေ"

"အဲဒါ ... အဲဒါ ဗကယ်ပြောနေတာလား"

"ဩော် ... ဂယ်ပါဆို ကိုချစ်ကလည်း။ ကဲ ... သောက်ပါ ကိုချစ်ရာ"

ကြွက်တွင်းလို နှစ်ကောင်ကတော့ ဆက်စကားမပြောတော့ဘဲ အမြည်းလေးစားလိုက် ထန်းရည်လေးသောက်လိုက်ဖြင့် အကြိုက်ကို တွေ့နေတာဖြစ်သည်။ ဟား ... သေချင်တာပါဘဲကွာ။ ဒီကိစ္စကို အဘွားက ပြောပြောနေကြတဲ့။ တစ်ရွာလုံးသိတယ်တဲ့။ သူဟာ စိတ်ညစ်ညစ်နဲ့ ထန်းရည်တွေကို တစ်ခွက်



www.burmeseclassic.com

www.burmeseclassic.com



ပြီးတစ်ခွက် ဆင့်ဆင့်မော့နေတာ တော်တော်လေး များလာသော အခါ လူက ရေလည်မှန်နေပြီဖြစ်သည်။

"ကိုချစ် ... ကို ... ချစ် ... ပြန်မယ်ဗျ"

ရွှေကိုနဲ့ ရွှေညီက ယိုင်တိယိုင်တိုင်ဖြင့် သူ့ကိုဆွဲထူမ,လျှင် သူက ချာလည်လည် ဖြစ်နေလျက် ဒယီးဒယိုင်ဖြစ်နေတာ ဖြစ်သည်။

"ဟေ့ ... ကောင် ... တွေ ... မတွဲနဲ့။ မတွဲနဲ့ ... ငါ ဘာသာသွားမယ်။ မင်း ... တို့ ညီအစ်ကို,ကိုတော့ အ ... ရမ်း ... ချစ်သွားပြီ ... အာ ... ဘွား ... ဟား ... ဟား။ အမယ်လေး"

"ဟား ... ရွှေကို ... ကို ... ချစ်ကို ... တွဲဦး။ ဟိုမှာ ပြုတ်ကျသွားပြီ"

ရွှေကိုနဲ့ ရွှေညီက သူ မူးပြီး ခုံနဲ့ခလုတ်တိုက်တာကို လာတွဲရင်း သူတို့ပါ ဒယိမ်းထိုးနေကြတာမို့ သုံးယောက်သားဟာ ကိုယ့်အရှိန်နဲ့ကိုယ်တော့ လိမ့်နေတာဖြစ်သည်။





"မဖြစ်ဘူး ... မဖြစ်ဘူး။ လှည်းနဲ့သွားမှ ဖြစ်မယ်။ ဟေ့ကောင် ... ရွှေညီ။ ချက်ဖောင်းကို လှည်းနဲ့လိုက်ပို့ခိုင်း"

ရွှေကိုက ကိုချစ်ကိုထိန်းရင်း ဆွဲရင်းက ချက်ဖောင်းလှည်းပေါ် တင်လေသည်။

"မယူဘူး ... မယူဘူး။ ငါ လုံး ... ဝ ... မယူနိုင်ဘူး"

အိမ်စည်သည် လှည်းပေါ်သို့ ပက်လက်လှန်လှဲချလိုက်ရင်းက ကယောင်ကတမ်းဖြင့် ရေရွှတ်ညည်းတွားရင်း စိတ်ပင်ပန်းမှုများခြင်းတွေကြောင့် မူးနေတဲ့အရှိန်ဟာ ပိုပြီးတော့တောင် ချာချာလည်လိုက်နေပါတော့သည်။

○✦○



www.burmeseclassic.com

www.burmeseclassic.com



## ၉

လူလေးသည် ဒီနေ့ ကိုမောင်တိုးတို့က အဘနဲ့အတူ ပွဲစားနဲ့ သွားတွေ့တာမို့ မြို့ကို ဆန်အိတ်ပို့ဖို့ တာဝန်က လူလေး တာဝန်ပဲ ဖြစ်သွားလေသည်။ မြို့ပေါ်ကို သွားရမှာမို့ လူလေးက ခဲရောင်မှာ အနက်တုံး အကွက်လေးတွေပါတဲ့ ရှပ်အင်္ကျီကို တံတောင်ဆစ်နားထိ လက်ခေါက်တင်ဝတ်ကာ ဂျင်းဘောင်းဘီ ဝတ်၍ လုံးဝအလန်းဖြစ်လို့သွားလေသည်။ ပြီးလျှင်တော့ ဆံပင်ကိုနှစ် ပက်ခွဲ၍ ကျစ်ဆံမြီးခွဲကျစ်ကာ မျက်နှာကို puff ထပ်ရိုက်ပြီးတော့ အားလုံးမိုက်လို့ သွားချေပြီဖြစ်သည်။





အားလုံးပြင်ဆင်ပြီးသွားရင်တော့ လူလေးရဲ့ခါးပတ်အိတ်လေးကိုယူ၍ ခါးမှာ ချိတ်ပတ်ကာ ဖုန်းကို အိတ်ထဲထည့်ပြီးနောက် သွားဖို့က အဆင်သင့်ပင်ဖြစ်၏။

“အရီးလေးရေ ... အရီးလေး၊ ကျုပ် ကိုပါတို့ဆီ ဆန်အိတ်တွေ သွားပို့လိုက်ဦးမယ်တော့။ အရီး ဘာမှာဦးမလဲ၊ ဘာဝယ်ခဲ့ရဦးမလဲ”

“အမယ်လေး ... တော်ပါပြီအေ။ မမှာတော့ဘူး။ ဟဲ့ ... အရမ်းလည်း ကိုပါတို့ကို စွတ်ပြောမနေနဲ့ဦးနော်။ ပိုက်ဆံကိစ္စက ညည်းအဘနဲ့ ရှင်းလိမ့်မယ်။ ညည်း ဆန်အိတ်လာပို့မယ်ဆိုတော့ ဟိုက အကြွေးတောင်းမှာ လန့်နေလို့တဲ့”

“အမယ်လေး ... သိပါတယ်တော်။ အဘတို့ကလည်းလေ အဲဒီလို အားနာတတ်လို့ ဒီလူတွေက ရောင့်တက်နေတာ။ ဆန်ဖိုး၊ ပဲဖိုး အကြွေးတွေ မပေးဘဲထားတာ”

“ဩော် ... ဒီကလေးနဲ့တော့။ ညည်းအဖေအလုပ် ညည်းအဖေသိတာပေါ့ဟဲ့။ သူ့ဘာသာကိုက်လို့ လုပ်နေတာပေါ့။ ညည်း အားမနာ လျှာမကျိုးနဲ့ ပြဿနာမရှာနဲ့။ သွား ...



www.burmeseclassic.com

www.burmeseclassic.com



ပို့စရာရှိတာ သွားပို့တော့။ ညည်းအဖေ ဆန်အိတ်တွေ ထော်လာဂျီပေါ် တင်ထားတယ်"

"ဟုတ် ... သွားပြီ"

လှလေးက အရီးလေးကို နှုတ်ဆက်ကာ အိမ်ရှေ့က အဘရဲ့ဝါးခမောက်ကို ယူဆောင်းပြီး ထော်လာဂျီစက်နှိုးကာ ထော်လာဂျီသံ တဖုန်းဖုန်း တဒိုင်းဒိုင်းကို ရိုးအီစွာဖြင့် သာသာယာယာပင် ကျွမ်းကျင်စွာ မောင်းထွက်လာခဲ့လေသည်။ ထော်လာဂျီနောက်တွဲထဲမှာ မြို့ကဈေးထဲ ပို့ဖို့အတွက် ဆန်အိတ်ငါးအိတ်ကို အဘက တင်ထားပြီးသားမို့ လှလေးက ထော်လာဂျီမောင်းရုံသာ။

"ဟယ် ... မြို့သား၊ အဲ ... အဲ ... ကိုအိမ်စည် ... ကိုအိမ်စည် ... ဘယ်သွားမလို့လဲ"

တော်လာဂျီသံ ကြားထဲကနေ တိုးပေါက်အောင် ခေါ်လိုက်တဲ့ လှလေးရဲ့အသံကြောင့် မြို့သားက လှည့်ကြည့်ချိန်မှာ ရွှေကိုကလည်း ဆိုင်ကယ်ကို အသာမှေး၍ လှလေးကို လှမ်းနှုတ်ဆက်သည်။

"ဝေး ... လှလေး၊ ဘယ်သွားမလို့လဲဟ"





"အဘ မြို့ကို ဆန်အိတ်ပို့ခိုင်းလို့ သွားပို့မလို့။ ဘာမှာဦးမလဲ။ ကျုပ် နေ့ခင်းပြန်ရောက်မှာ"

"မမှာတော့ဘူး။ မမှာတော့ဘူး"

"ဟို ... ကိုယ် လိုက်လို့ကော ရလား လှလေး"

"ရှင် ... ရတယ် ... ရတယ်လေ"

လှလေးက လမ်းဘေးချရပ်၍ ထော်လာဂျီကို ရပ်လိုက်ပြီးမှ ထော်လာဂျီပေါ်က ဆင်းလာလိုက်သည်။

"မြို့သား တကယ်ပြောတာလား၊ လိုက်မယ်ဆိုတာ"

ရွှေကိုကော မြို့သားကော ဆိုင်ကယ်ပေါ်မှ ဆင်းလာလေသည်။

BURMESE CLASSIC .com

"အင်း ... မြို့ဆိုတာက ..."

"ဪ ... ဒီကနေ ငါးမိုင်လောက်သွားရင် မြို့ရှိတယ်လေ။ ကိုချစ် လက်ဖက်ရည်ဆိုင် ထိုင်ခဲ့တာ ချောင်းဦးအထွက်က ဆိုင်လေးလေ။ ကိုချစ် လိုက်ရင်လိုက်သွားပါလား။ မြို့ထဲဈေးမှာ ကိုချစ်လိုတာ ဘာညာ ဝယ်လို့ရတာပေါ့။ ထော်လာဂျီလည်း ကြုံနေတာပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ ကိုအိမ်စည်ရဲ့၊ လိုက်ခဲ့ပါလားတော့"

မြို့သားက လှလေးကို တစ်ချက်လှမ်းကြည့်ရင်းက ခေါင်းအသာဆတ်ပြလေသည်။

"အင်း ... လိုက်တာက ဟုတ်ပါပြီ။ ကျွန်တော်က ဘယ်နေရာကနေ လိုက်ရမှာလဲဟင်"

"ဪ ... ကိုချစ်ကလည်း အနောက်မှာထိုင်လေ။ ဆန်အိတ်ပေါ်မှာဒိမ်ပဲ။ ထိုင်သွားပေါ့"

"ဟာ ... ဆန်အိတ်ဟာကို"

လှလေးက ဒီမြို့သားအလန်းလေးကိုသာ လှလေးရဲ့ ထော်လာဂျီပေါ် ခေါ်တင်သွားနိုင်လို့ကတော့ ရွာမှာ စွပါစတား ဖြစ်မှာ အသေချာပဲ။

"ဪ ... ရပါတယ် ... ရပါတယ် ကိုအိမ်စည်ရဲ့။ လာပါ ... လိုက်လို့ရပါတယ်"

"အင်းလေ ... ဒါဆိုလည်း သွားတာပေါ့။ ဟော့ကောင် ... ရွှေကို အဲဒါဆို ငါ လိုက်သွားလိုက်ဦးမယ်နော်"





အယ် ... အယ် ... မြို့သား ... မြို့သားက တကယ်ကြီး လိုက်မယ်ပေါ့။ လှလေးက ပျော်လွန်းလို့ ခြေထောက်နဲ့ မြေကြီး ထိတယ်တောင် မထင်ချေ။ မြို့သားက ကိုးရိုးကားရား ဖြင့်ပင် နောက်မှာ သွားထိုင်နေလေသည်။ သူ့ကြည့်ရတာ မြို့ကို လိုက်ချင်ပေမယ့် သူ တစ်ခါမှ စီးဖူးပုံမပေါ်သည့် ထော်လာဂျီကို စီးရတော့မှာမို့ ရင်ခုန်စိတ်လှုပ်ရှားနေပုံ ရပါသည်။ လှလေးက ဂေါက်ယူကာ အရင်ဆုံးစက်နှိုးလိုက်ပြီးနောက် မြို့သားကို လှမ်းပြုံးပြကာ ...

"အဟဲ ... မြို့သား၊ အဲဒါဆို သွားတော့မယ်နော်။ သေချာကိုင်ထားနော် မြို့သား"

"ဆေးဆေးပါဗျာ"

"ကဲ ... ရွှေကိုရေ သွားပြီဟေ့"

လှလေးက ရွှေကိုကို လက်လှမ်းပြ နှုတ်ဆက်ကာ မောင်းထွက်လာခဲ့တော့သည်။ လှလေးက စိတ်မချနိုင်စွာဖြင့် နောက်ကို ခဏ ခဏ လှည့်ကြည့်ကာ လှမ်းလှမ်းမေးရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဆင်ပြေလား ကိုအိမ်စည်။ မထိုင်တတ်မှာ စိုးတယ်"

"ရတယ် ... ရတယ် ... ဒီလောက်တော့ ရှိတာပေါ့ဗျာ။ ဒါနဲ့ လှလေးက ဘယ်ဆိုးလို့လဲ။ ဒေါ်လှကြည် ... အဲ ... အဟဲ ... ဆောရီး ... ထော်လာဂျီလည်း မောင်းတတ်တာပဲနော်"

မြို့သားရဲ့ချီးကျူးစကားကြောင့် လှလေးမှာ မိုးထိအောင် မြောက်တက်လို့ သွားချေသည်။

"အဟင်း ... ဒီလိုပဲပေါ့တော်။ ကျုပ်တို့က တောသူဆိုတော့ တောမှာမောင်းတဲ့ ထော်လာဂျီပဲ မောင်းတတ်တာပေါ့တော့။ မြို့သားတို့ မြို့ကြီးပြကြီးလို ကားတွေမရှုပ်တော့ ထော်လာဂျီလောက်က အေးဆေးမောင်းတတ်တာပေါ့။ အိမ်မှာက အားကိုးစရာ သားထောက်သမီးခံဆိုလို့ ကျုပ်တစ်ယောက်တည်း ရှိတာလေ။ အဟဲ ... ဒီတော့ စီးပွားရေး၊ လူမှုရေး ကျုပ်ပဲလေ"

"အင်း ... ကောင်းတာပေါ့။ လှလေးလွန်က ထက်မြက်တဲ့ မိန်းကလေးဆိုတာ မြင်ရုံနဲ့ သိနိုင်တာပဲ"





လှလေးက မြို့သားရဲ့စကားကြောင့် တကယ်ပဲ ရင်ခုန်ရလေသည်။

အိုး ... အိပ်မက်လား၊ ဒါ ... တကယ်လားကွယ်။ အိမ်စည်ကိုကိုချစ် ဆိုတဲ့ ပျိုတိုင်းကြိုက် နှင်းဆီခိုင် ရွှေမင်းသားလေးက လှလေးကို ချီးကျူးတယ်ဆိုတော့ ...။ အို ... ...။

လှလေးသည် ထော်လာဂျီသံ ဆူဆူညံညံကြားမှာ ချီးကျူးလေတဲ့ ချီးကျူးသံလေးကို နားထောင်ကာ ထော်လာဂျီကိုပဲ အာရုံစိုက် မောင်းလာခဲ့တော့သည်။

မြို့ထဲဈေးဆိုင်တန်းမှာ ဆန်အိတ်ချပြီးတာနဲ့ မြို့သားနဲ့ လှလေးဟာ ဈေးပတ်ကြတာဖြစ်သည်။ လှလေးကို သိနေကြတဲ့ တချို့ တချို့က မြို့သားနဲ့ တွဲတွေ့တာမြင်လျှင် ဘာလိုလို မေးကြတာမို့ ကျိတ်ပီတိဖြစ်ရင်းက ဖြေရှင်းရတာဟာ လှလေးပဲ ဖြစ်သည်။

"ဟော့ ... လှလေး၊ နှစ်ယောက်တွဲလာတယ်ပေါ့လေ။ ငါတို့ကို ဘာမှတောင် သံချောင်းမခေါက်ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"အို ... မဟုတ်ရပါဘူး တော်၊ ဒါ အဘွားအေးရဲ့မြေးပါတော့၊ ရန်ကုန်ကနေ အလည်လာတာ၊ တော်တို့ကလေ ဘာမှန်းညာမှန်းမသိ စွတ်ပြောတာပဲ"

"ဩော် ... မသိပါဘူး၊ လှလေးတို့က အရင်တစ်ယောက်တည်း လာနေကြဆိုတော့ အခုတစ်မျိုးထင်သွားတာပေါ့၊ ဒါ အဘွားအေးမြေးလား"

"ဟုတ်ပါ့ ... အိမ်စည်ကိုကိုချစ်တဲ့၊ မှတ်ထားဦး၊ ကဲ ... သွားပြီတော်၊ ကိုအိမ်စည် ... လာလေ"

မြို့သားက လှလေးနဲ့တူယှဉ်တွဲကာ ဟိုကြည့်သည်ကြည့် လျှောက်ကြည့်ရင်းက မောလာတော့ ဒေါ်သာအေးထမင်းဆိုင်မှာ ထမင်းဝင်စားကြသည်။ သိတယ်မှလား ... မြို့သားကတော့ လက်နဲ့စားရမှာအထာမကျတော့ ဇွန်းခက်ရင်းပေါ့။ ကျုပ်ကတော့ မြန်မာပီပီ လက်နဲ့ အားပါးတရ စားရမှ အားရမယေ့ မြို့သားရှိနေတော့ ဇွန်းနဲ့ပဲ စားရတာပေါ့။

"ကိုအိမ်စည် စားနော်၊ ဒီဆိုင်က နာမည်ကြီးသိလား"





"ဟုတ်ကဲ့ ... မြို့လေးက မဆိုးဘူးနော်၊ ရွာနဲ့နီးတာပဲ"

"ဟုတ်တယ် ကိုအိမ်စည်ရဲ့၊ ဒါပေမဲ့ ရွာမှာက ပစ္စည်းအစုံအလင်ရှိတော့ ဒီကို သိပ်မလာဖြစ်ဘူးလေ၊ ဆန်တို့၊ ပဲတို့ကျတော့ ရွာကပဲယူပြီး ရောင်းရတာလေ"

"အင်း ... ဟုတ်တယ်၊ အင် ... ဒါနဲ့ စကားမစပ် လှလေးဒီနေ့ တော်တော်လှနေတယ်နော်"

သူ့ပြောစကားကြောင့် လှလေးက ဟဲခနဲ တစ်ချက်ရယ်မိသွားသည်။ ဟုတ်တာပေါ့။ ဒီနေ့ မြို့သား ပြောသလို လှလေးက Country style နဲ့ တကယ်လှနေတာကိုး။

"ဟိ ... ဟိ ... ကျေးဇူး ... ကျေးဇူး ကိုအိမ်စည်"

"အင်း ... စားပြီးရင် ပြန်ကြရအောင်လေ၊ ဒီဝိုင်းကို ကျွန်တော် ရှင်းမယ်နော်"

"အဟယ် ... ဘယ်ဟုတ်ပါ့မလဲ၊ ကျုပ် ရှင်းပါ့မယ်၊ မြို့သားက ဧည့်သည်ပဲဟာ၊ ကျုပ်မြို့သားကို ထမင်းကျွေးချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"မလုပ်ပါနဲ့၊ ကိုယ်ကလည်း လှလေးကို တကယ့်ကို ကျေးချင်လို့ပါ၊ အဲဒါလေးတော့ ကူညီပါနော်"

ကဲ ... မြို့သားဆိုတာ အင်မတန်ချော၊ အင်မတန် သဘောကောင်းပြီး စကားပြောညက်ညောတယ်ဆိုတာ လက်တွေ့ တွေ့ရပြီဆိုတော့ လှလေးသည် ဆက်မငြင်းတော့ဘဲ ခေါင်းညိတ် ပြလိုက်တော့သည်။ အဲဒီလိုနှင့် မြို့သားနဲ့ လှလေးက ပြန်ဖို့ အတွက် လှလေးက ထော်လာဂျီနှီးကာ မောင်းထွက်လာလျှင် မြို့သားက နောက်တွဲကနေ ထိုင်လိုက်လာရင်းက လှလေးကို လှမ်းအော်ပြောလေသည်။

"ဗျို့ ... လှလေးလွန် ခဏရပ်လိုက်ပါဦးဗျ၊ ပြောစရာရှိ လို့"

သူ့စကားကြောင့် လှလေးက အေးကပ်ကာ ထော် လာဂျီကိုရပ်ကာ အောက်ဆင်း၍ သူ့ကို လှမ်းကြည့်ကာ မေးရ သည်။

"ဘာ ... ဘာဖြစ်လို့လဲ ကိုအိမ်စည်"





"ဟို ... ဟိုဟာ ကျွန်တော် ခေါင်းမူးလို့ဗျ၊ ခင်ဗျား ထော် လာဂျီက စက်သံတဖုန်းဖုန်း၊ အငွေ့တမွှန်မွှန်နဲ့ မူးတာပေါ့ ဗျ၊ လေကောင်းလေသန့်ရအောင် ခဏ ဒီမှာထိုင်ရအောင်"

မြို့သားက သက်သောင့်သက်သာပုံစံဖြင့် ထော်လာ ဂျီနောက်မှာ ခြေဆန့်ဆင်းထိုင်ရင်း ပတ်ဝန်းကျင်ကို ငေးမော ကြည့်ရင်းက လှလေးကို ပြုံးပြလိုက်ကာ ...

"ဒီနေရာတွေက တော်တော်သာယာတာပဲနော်၊ ဒီဘက်တွေ ဆို ရှာပြင်လို့ ခေါ်မှာပေါ့၊ ဟုတ်လား ... လှလေး"

"အင်း ... အဲဒီလိုပြောလည်း ရပါတယ်၊ ဒါပေမဲ့ ကျုပ်တို့ ကတော့ မြို့အထွက်ကိုပဲ ခေါ်ကြတာ၊ ဒါနဲ့ ကိုအိမ်စည် ကျုပ်တို့ရွာကလေးကို သဘောကျနေပြီတူတယ်"

"အဟင်း ... ဆိုပါတော့ဗျာ၊ ရွာကိုကော ရွာသူရွာသားတွေ ကကော ချစ်စရာကောင်းတော့ ကျွန်တော် သဘောကျပါ တယ်၊ အဘွားကလည်း ဒီရွာလေးကို သိပ်ချစ်တာဗျ၊ သူက ဘယ်ရောက်နေနေ ဒီရွာကိုတော့ ဘယ်တော့မှမမေ့ ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



မမေ့ဘူးတဲ့။ လှလေးသည် ဘွားအေးရွာရောက်တိုင်း ပြောပြောနေကြစကားတချို့ကို နားထဲပြန်ကြားယောင်ကာ အသာပြုံးမိသွားလေသည်။

"အဘွားက ကျွန်တော့်ကို ဒီရွာသူနဲ့ပဲ အိမ်ထောင်ပြုစေချင်တာလေ၊ အဲဒါကို လှလေး သိတယ်မဟုတ်လားဟင်"

လှလေးရဲ့ရင်ခုန်သံက တဒိန်းဒိန်းဖြစ်လာချေသည်။ ဘုရားရေ... သူ ဘာသဘောနဲ့ ဒီစကားပြောရတာပါလိမ့်။ မြို့သားက လှလေးကိုများ ...။ လှလေးက ပဲကလေးနည်းနည်းထုတ်ကာ မြို့သားကို မျက်စောင်းကဲကြည့်လိုက်ပြီး ...

"မြို့သားနော် ... ဘာတွေ ပြောနေတာလဲတော့၊ ကျုပ်က ဘယ်လိုလုပ် သိမှာလဲလို့"

"သိပါတယ်ဗျာ၊ လှလေး သိပါတယ်၊ အဘွားက ဒီရွာသူတွေထဲမှာတောင် လှလေးနဲ့ပဲ သဘောတူတယ်ဆိုတာ လှလေးသိပါတယ်၊ ဘယ်လိုလဲ လှလေး၊ အဲဒါလေးကို လက်ခံရဲ့လား"





"မြို့ ... မြို့သား ... တော် ... တော်နော် ... ကျုပ်ကို လှပျိုစကားပြောနေတာလားလို့"

လှလေးရဲ့ မေးမြန်းသံတွေက မေးရိုက်သံဖြင့် တဆက်ဆက် တုန်နေလေသည်။ တကယ်ကို ဘယ်လိုမှ ထင်လည်း မထင်ထားတာကြောင့် လုံးဝကို တုန်လှုပ်ကာ ရင်ခုန်သံတွေ မြန်လာတာဖြစ်သည်။

"ဒါပေါ့ လှလေးရဲ့၊ ကျွန်တော်က လှပျိုလေ၊ လှပျိုစကားပြောတာပေါ့၊ လှလေး လက်ခံမယ်မဟုတ်လား"

အို ... ဒါ ... ဒါဆိုရင် ကိုအိမ်စည်က လှလေးကို ချစ်တယ်ပေါ့၊ လှလေးသည် ပျော်လွန်းလို့ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိတော့အောင်ဖြစ်ကာ နားထဲက လေတွေတောင်ထွက်၍ အူနေပါသည်။ မြို့သားကို ပညာတတ်လူရည်မွန် ချောချောလှလှက လှလေးကို ရည်းစားစကား ပြောတယ်ဆိုတဲ့အတွက် လှလေးမှာ ဆိုဖွယ်ရာမရှိ ဝမ်းမြောက်ဝမ်းသာဖြစ်သည်။ လှလေးသဘောထားက ဘာမှပြောနေစရာကိုမလိုချေ။ မြို့သားကို စတွေ့တဲ့နေ့ကတည်းက ချစ်သွားခဲ့တာ။ ပြီးတော့ မြို့သားကို သွားကြိုတဲ့နေ့



www.burmeseclassic.com

www.burmeseclassic.com



က ဒါ ဘွားအေးက ငါနဲ့ သဘောတူ ကြည်ဖြူပါတယ်ဆိုတဲ့ အိမ်စည်ဆိုတာ သိကတည်းက လှလေးဘက်က မြို့သားကို အချစ်ပို စေတနာတွေ ပိုခဲ့ရတာ ဖြစ်လေသည်။

"လှလေး ... ဘယ်လိုလဲ၊ ဘွားဘွားပြောတာကို လှလေးက လက်ခံတယ်မှုလားဟင်"

မြို့သားရဲ့ နောက်တစ်ခါထပ်အမေးကြောင့် လှလေးက ဟန်မဆောင်ချင်တော့တာကြောင့် ဟန်ဆောင်ကာမှုပို ဖြေလိုက်ရလေသည်။

"ဟင် ... ဘွားအေးစကားကိုဆို ကျုပ်က လက်ခံပြီးသားပါတော်"

"ဟာ ... ဒါဆိုရင် လှလေးက ကျွန်တော့်ကို Yes ဆိုတဲ့ သဘောပေါ့နော်"

လှလေး ချစ်ရတဲ့သူက ချစ်စဖွယ်အပြုံးနဲ့ သေချာအောင် ထပ်မေးလေလျှင် လှလေးက မဖြေသေးဘဲ အရင်ဆုံး ထော်လာဂျီကို အားကုန်လှည့်၍ စက်နှိုးလိုက်သည်။ ပြီးတော့မှ လှလေးကို သူ့ကို စက်သံကြားထဲကနေ လှမ်းပြောလိုက်သည်။





"Yes မို့ ခေါင်းညိတ်တာပေါ့ ကိုကိုချစ်ရဲ့"

"ဟင် ... ဘယ်လိုခေါ်လိုက်တယ်"

"ကိုအိမ်စည်ဆိုတာကြီးက စိမ်းတယ်လေ၊ ကျုပ်ခေါ်ချင်တဲ့နာမည်လေးကို ခေါ်လိုက်တာပါ"

မြို့သားက အပြုံးတစ်ခုဖြင့်ပင် ခေါင်းဆတ်ပြကာဘာမှ ဆက်မပြောတော့ချေ။ လှလေးသည် ဒါ ကျုပ်ချစ်သူဆိုပြီး တရားဝင်ပြောခွင့် ရှိသွားပြီဖြစ်သလို မြို့သားက လှလေးကို ချစ်တယ်ဆိုလို့ အရမ်းကြီးကို အံ့ဩမိရလေသည်။ ဘာပဲဖြစ်ဖြစ် ဒါဟာ မြို့သားရဲ့အချစ်စစ်ပါ။ လှလေးရဲ့အချစ်တွေကို မြို့သားမြင်လို့ ပြန်ချစ်တာလည်း ဖြစ်နိုင်တာပဲ။

ဘာပဲဖြစ်ဖြစ် လှလေးရဲ့ရင်ထဲက ကိုကိုချစ်ဆိုတာကတော့ မြို့သား ဒီရွာလေးကို မရောက်ခင်ကတည်းက စွဲလမ်းခဲ့ရတဲ့ နာမည်လေးပဲ ဖြစ်လေသည်။

○✦○



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

"တို့များတောရွာမှာကွယ် xxx ချိန်ညနေစောင်းကလေး
မယ် xxx အပေါင်းအသင်းနဲ့ ရေခပ်လာတယ် xxx ထုံးစံ
ပါ ရွာမှာကွယ် xxx

ဟိုရှေ့ကခင်ပျိုရယ် xxx ရုပ်အဆင်းက ချောလှ
တယ် xxx တောရုပ်မှာ မနေနဲ့ကွယ် xxx မြို့ကိုသာမောင်
ခေါ်မယ် xxx သမီးရည်းစား စကားလာမပြောနဲ့ xxx
တောသူမ ဘာထင်တယ် xxx ရှိသေစွာလင့်ဝတ္တရားနဲ့ xxx
အများကြီးသိတယ်"





လှလေးသည် ကိုတိုးကြီးဆိုင်က ဖွင့်ထားတဲ့ သီချင်းသံကြောင့် စိတ်တို့က ပိုလို့တောင် မြူးကြွလို့ သွားလေသည်။ ဒီညနေ ရေခပ်ဆင်းချိန်လေးဟာ ဘဝရဲ့ အလှပဆုံးသော၊ အကြည်နူးဆုံးသော အချိန်ကာလပဲ ဖြစ်ပေလိမ့်မည်။ ကာလသားများစွာရဲ့ ချစ်ခြင်းကိုခံရသော လှလေးလွန်ဟာ ဒီနေ့ ဒီအချိန်ထိ ဘယ်သူ့ကိုမှ စိတ်မဝင်စားခဲ့သော်လည်း ဘွားအေးမြေး မြို့သားကိုတော့ မြင်ကတည်းက မေတ္တာသက်ဝင် ချစ်ခင်ခဲ့တာဖြစ်သည်။ အခုဆို မြို့သားလူချောနဲ့ လှလေးတို့က ချစ်သူတွေလည်းဖြစ်သွားပြီ။ ပြီးတော့ ဒီနေ့မှာ မြို့သားက မြစ်ဆိပ်ကို လာခဲ့မယ်ဆိုတော့ လှလေး တစ်ယောက်ဟာ ဟိုဒေဝီမကို အပြတ်အသတ်ကျောနိုင်ပြီပေါ့။

လှလေးရင်ထဲက ကိုကိုချစ်က ဒီကိစ္စကို Top secret နော်လို့ ပြောထားတာကြောင့် လှလေးက တစ်ရွာလုံးကို မောင်းတီးပြီး ကြေညာချင်တဲ့စိတ်ကိုလျှော့ကာ အလှတွေပြင်၍ ရေခပ်ဆင်းလာတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ … လှလေး ဘာတွေ ဂနာမငြိမ် ဖြစ်နေတာလဲ၊ ညည်းကြည့်ရတာ ဒီနေ့ ယောက်ယက်ခတ်နေသလိုပဲနော်၊ ပြောစမ်း … ဘာဖြစ်နေတာလဲ လှလေးမ"

ဒေဝီက လှလေးရဲ့လက်မောင်းကို ဖျတ်ခနဲရိုက်ကာ စပ်စပ်စုစု မေးလေလျှင် လှလေးက ဟဲခနဲ ရယ်ပြလိုက်ကာ ပခုံးအသာတွန့်ပြလိုက်ပြီး …

"ဒီလိုပဲပေါ့ဟယ်၊ ညည်းကလည်း သိပ်စပ်စုတာပဲနော်"

"အမယ်လေးတော် … ရန်စွာလှချည်လား၊ ဟင်း ဟင်း … လှလေးမနော် … ညည်း လေသံတွေ မဟုတ်သေးဘူး၊ ငါ့အဘကို လာတိုင်ရမလား"

"ဟေး … လှလေး"

လှလေးက ဒေဝီကို ပြန်ပြောဖို့ ပါးစပ်အပြင်မှာပဲ လှလေးရဲ့နာမည်ခေါ်သံကြားတာကြောင့် လှလေးက ရင်ခုန်ပျော်ရွှင်စွာဖြင့် လှမ်းကြည့်လိုက်သည်။ အယ်တော့ … ချစ်စရာကောင်းလိုက်တာ။ အစိမ်းနုရောင် တီရှပ်လေးနဲ့ ဂျင်းဘောင်းဘီ မိုးပြာရောင်လေးကို ဝတ်ဆင်ထားတာက တစ်ရွာလုံးနဲ့ယှဉ်ရင်တောင် ဒီမြို့သားရဲ့ချောမောပုံနဲ့ မင်းသားတွေလို ဝတ်တတ်စားတတ်ဖက်ရှင်ကျလိုက်ပုံက ဘယ်သူမှကို ယှဉ်မရပေ။

အဲဒါ … အဲဒီ သူဟာ လှလေးရဲ့ချစ်သူ ဖြစ်လေသည်။

"ဟယ် … အစ်ကို လာတယ်"

"အဟင်း … ဟုတ်တယ်ဗျ၊ လှလေး ရေခပ်ဆင်းပြီးသွားရင် လှလေးကို အကူအညီတောင်းစရာ ရှိလို့လေ"

"ပြောလေ ကို … အဲ … ကိုအိမ်စည်ရဲ့"

"ကျွန်တော် လှလေးတို့ ထော်လာဂျီကို မောင်းကြည့်ချင်လို့လေ"

"ဟယ် … ရတယ်လေ၊ လာ … အဲဒါဆို သွားမယ်လေ"

လှလေးက တက်ကြွလွန်းနေလျှင် ဘေးက ဒေဝီက မကျေမချမ်းဖြင့် မျက်စောင်းကဲကြည့်ကာ …

"ညည်း ရေမခပ်တော့ဘူးလား"







www.burmeseclassic.com

www.burmeseclassic.com



"အယ် ... ဟုတ်သားပဲ၊ ဪ ... ရပါတယ်၊ ရွှေညီ ... ကျုပ်ကို ကူညီပေးမယ် မဟုတ်လား"

လှလေးက မြို့သားနားက ရွှေညီကို လှမ်းအကူအညီတောင်းလိုက်လျှင် ရွှေညီက အားတက်သရော ကူညီပေးလိုက်တာကြောင့် လှလေးနဲ့ မြို့သားက အတူတူယှဉ်တွဲ ထွက်လာခဲ့လျှင် ကာလသားတွေကော အပျိုမတွေကပါ သို့လော သို့လော အတွေးတွေဖြင့် ကျန်နေခဲ့တာကြောင့် လှလေးက အကျေနပ်ကြီး ကျေနပ်လို့ နေရတာဖြစ်သည်။

အိမ်က ထော်လာဂျီကို အနောက်ဘက်ကွင်းပြင်ထဲသို့ မောင်းချလာကာ ကွင်းပြင်ထဲရောက်မှ မြို့သားက ထော်လာဂျီကို မောင်းကြည့်နေတာဖြစ်သည်။

မြို့သားက သူ့စိတ်ကြိုက် ကွင်းတစ်ပတ် မောင်းကြည့်ပြီးသောအခါ ထော်လာဂျီကိုရပ်လိုက်ပြီး ကွင်းထဲသို့ ဆင်းကာ လက်နှစ်ဖက်ကို ဆန့်တန်းကာ ဝါးခနဲ အော်ချလိုက်ပြီးမှ လှလေးဘက်သို့လှည့်လာကာ ...





"ဒီနေရာလေးက တော်တော် လေကောင်းလေသန့်ရတာပဲနော်၊ ထော်လာဂျီမောင်းရတာလည်း ဖီလင်တစ်မျိုးပဲနော်"

"ဟင်း ဟင်း ... ဒီလိုပဲဖြစ်ရမှာပေါ့၊ ကျုပ်တို့ရွာက ပျော်စရာကောင်းပါတယ်ဆို၊ လက်ခံသွားပြီမှုလား ကိုကိုချစ်ရဲ့"

လှလေးက ရင်ထဲရှိတဲ့အတိုင်း ခေါ်ကြည့်ပြီးမှ သဘောကျစွာ အသာပြုံးမိသွားလေသည်။

"အဟား ... အဲဒီလိုခေါ်တာကလည်း မိုက်တာပဲဗျ၊ ဒါနဲ့ လှလေး ရန်ကုန်ရောက်ဖူးလား"

"ရောက်ဖူးတာပေါ့ ကိုကိုချစ်ရဲ့၊ ရန်ကုန်ကို နှစ်ခါ အဲ ... မဟုတ်ဘူး၊ သုံးခါတောင် ရောက်ဖူးတယ်၊ ဒီနောက်ပိုင်းတော့ မရောက်ဖြစ်တော့ဘူး ကိုကိုချစ်ရဲ့၊ အဘ အလုပ်တွေကို ကျုပ်က ဦးစီးလုပ်ပေးနေရတော့ မရောက်ဖြစ်တော့ဘူး"

"ဒါဆို လှလေးက ဒီမှာပဲ တစ်သက်လုံး အခြေချတော့မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



လှလေးကိုလှည့်ကြည့်ကာ မေးနေတဲ့ပုံက တကယ့်ကို လေးလေးနက်နက် ရှိတာကြောင့် ရင်ထဲမှာ ကြည်နူးမိသွားရလေသည်။ လှလေးရဲ့ ကိုကိုချစ် စိတ်သဘောတွေ အခုတလောမှာ တကယ်ကို ပြောင်းလဲသွားကာ လှလေးကို သူ တကယ်ချစ်မိသွားပုံပဲဖြစ်လေသည်။

လှလေးက ထော်လာဂျီပေါ်မှာထိုင်ကာ သူ့မျက်နှာကို တစိမ့်စိမ့်ငေးရင်း ဖြေလိုက်သည်။

"ရွာမှာက လှလေး တစ်သက်လုံး ကြီးပြင်းနေထိုင်ခဲ့တာလေတော်၊ ကျုပ်ဆီမှာက ရွာကလွဲပြီး ကျန်တဲ့နေရာမှာ အမျိုးအဆွေမှ မရှိတာ"

"ဘာလို့ အမျိုးအဆွေ မရှိရမှာလဲ လှလေးရဲ့၊ လှလေးက ကိုယ့်ချစ်သူ မဟုတ်ဘူးလား၊ ကိုယ်က ရန်ကုန်မှာနေတဲ့သူဆိုတော့ လှလေးမှာလည်း ရန်ကုန်မှာ အမျိုးအဆွေရှိတာပဲပေါ့ မဟုတ်ဘူးလား"

"အင်း ... ဟုတ်တယ်နော်"





"ကိုယ်နဲ့ ရန်ကုန်လိုက်လည်မလား လှလေး၊ ကိုယ်ထင်တယ်ကွ ဘွားအေးသာ မင်း ရန်ကုန်လိုက်လာတာ သိရင် အရမ်းဝမ်းသာမှာ၊ သွားမလား လှလေး"

လှလေးက အံ့သြလွန်း၍ ဘာမှကို ဆက်မပြောနိုင်တော့ချေ။ မြို့သားက ရန်ကုန်ကို လိုက်ခဲ့ပါလားတဲ့။ လှလေးဘယ်လိုပြန်ဖြေရမှန်း မသိသေးခင်မှာ လှလေးရဲ့မြင်ကွင်းထဲသို့ တိုးဝင်လာသည်က ညိုမှိုင်းကြီးကို ဖြစ်သည်။ ညိုမှိုင်းကြီးက အရမ်းကို ထိန်းကျောင်းရခက်သည့် နွားရိုင်းကြီးဖြစ်သည်။ သူ့သခင် ကိုရင်မောင်နဲ့ပဲ လက်ပွန်းတတီးရှိကာ ကျန်တဲ့သူတွေဆို လိုက်ခွေ့တတ်လွန်းလို့ အမြဲ ချည်တိုင်မှာချည်ထားနေကြ။ အခု ... အခု ညိုမှိုင်းကြီး ဦးတည်လာတဲ့နေရာက မြို့ ... မြို့သားဆီကို။

"မြို့ ... မြို့သား ဘာမှ ပြန်မမေးနဲ့၊ ကျုပ်တို့ မြန်မြန်ပြေးရမယ်၊ ဒါ ... ဒါပေမဲ့ ... ယောက်ယက်ခတ်လို့ မဖြစ်ဘူးနော်၊ အသာလေး ... အသာလေး"

"ဘာ ... ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အနောက်မှာ နွားရိုင်းတစ်ကောင် ရောက်နေတယ်၊ သူက မျက်စိရှုပ်တာနဲ့ လိုက်ခွေ့တော့တာပဲ၊ လှလေးတို့ ထော်လာဂျီနဲ့တော့ ပြေးလို့မရတော့ဘူး၊ လာ ... လာ ... မြို့သား"

လှလေးက မြို့သားလက်ကို လှမ်းဆွဲကာ ခြေကိုဖွဖွနင်းကာ အသာပြေးထွက်လာခဲ့တော့သည်။ လှလေးအတွက်တော့ ဒါက ရိုးနေပြီ ဖြစ်ပေမယ့် မြို့သားပုံကြည့်ရတာတော့ အကြောက်လွန်နေပုံ ရပါသည်။

"ဘာမှမကြောက်ပါနဲ့ ကိုကိုချစ်ရယ်၊ ညိုမှိုင်းကြီး မလိုက်လာနိုင်တော့ပါဘူး"

"အင်း ... ဒါနဲ့ ဟို ... ထော်လာဂျီကို ဘယ်လိုလုပ်မလဲ"

"ရတယ် ... အိမ်ကတစ်ယောက်ကို သွားယူခိုင်းလိုက်မယ်၊ ကိုကိုချစ် ကြည့်ရတာ တော်တော်လန့်သွားပုံရတယ်၊ လှလေး အိမ်ပြန်လိုက်ပို့ပေးရမလား"

"ဟင် ... ရတယ် ... ရတယ် လှလေးရဲ့၊ အဲဒါဆို ကိုယ်ပြန်တော့မယ်လေ"





"အင်း"

လှလေးက ခေါင်းတစ်ချက်ဆတ်ပြလိုက်လျှင် မြို့သားက ခေါင်းညိတ်ပြလိုက်လေသည်။ မြို့သားထွက်သွားလေလျှင် လှလေးသည် မြို့သားရဲ့ ကျယ်ပြန့်ညီညာပြန့်ပြူးနေတဲ့ ကျောပြင်ကို ငေးကြည့်မိသွားသည်။ လှလေး မြို့သားကို အရမ်းချစ်လေသည်။ ဒီကာလ အတောအတွင်းမှာ လှလေးအပေါ် ဆက်ဆံရေးတွေ နွေးထွေးလာသော ဒီမြို့သားဟာ ရန်ကုန်ကို လိုက်ခဲ့ပါဆိုတော့ လှလေးမှာ ငြင်းဆန်ဖို့ရာ စိုးစဉ်းမျှသော အင်အားကို မရှိခဲ့ပါ ချေ။

○✦○



www.burmeseclassic.com

www.burmeseclassic.com



သင်ဖျူးဖျာချောပေါ်မှာ ဝမ်းလျားမှောက်၍ ခွဲခေါင်းအုံးကြီးကိုခွကာ တရှူးရှူးဖြင့် နှစ်နှစ်ခြိုက်ခြိုက်ကို အိပ်မောကျနေသူက အိမ်စည်ပင် ဖြစ်လေသည်။

ညက ဘယ်လိုမှ အိပ်မရတာကြောင့် ဂိမ်းထိုင်ဆော့နေခဲ့တာ မနက် ၁ နာရီခွဲလောက်မှ အိပ်ပျော်သွားတာဖြစ်တာမို့ အိပ်ပျော်သွားချိန်တွင်တော့ နှစ်နှစ်ခြိုက်ခြိုက်ပင်ဖြစ်၏။

“ရွာလည်က ကြေးစည်သံ xxx ဘာသံအထင်ရှိကြပါလိမ့် xxxမြန်မာမှန်ရင် သိကြပါတဲ့ xxxအလွှမ်းမနေ့ရ တဲ့ စိတ်အကြံအပျော်ရန် xxxဘွန္တေ့ခဆိုတဲ့ xxxနိဗ္ဗာန်ဆော်သံ xxxရှင့် xxx





လင်းကြက်တွန်သံက ဟန်ပါပါ xxx သံစာစာကြေးစည်သံ xxx ကိုချက်ကြီးတို့ရဲ့ နိဗ္ဗာန်ဆော်သံ xxxလာပြီ သာကာစီ xxxဆွမ်းတော်ချက်ရန် xxxဆွမ်းတော်ချက်ရန်”

နားထဲသို့ ဟာရိကိန်းမုန်တိုင်း ဝင်ချလာသလို ဝုန်းဒိုင်းကြဲ Beatကြောင့် သူဟာ အလန့်တကြားပင် အိပ်ရာက ထထိုင်ရလေသည်။ ဟ ... ဘာလဲ။ ဘာဖြစ်တာလဲဟ။ သူဟာ အသံကို ထပ်နားထောင်ကြည့်လိုက်ပြန်သည်။

“မြည်တွန်သံ xxxဆူဆူညံ xxx အိုးခွက်သံ xxxဆွမ်းချက်သံ xxx အအိပ်ကြီးလွန်းတဲ့ အပျိုပေါက်စ xxxညိုမြကျော့ပြင် xxx ဗျောတင်ကြိမ်လုံးသံ xxx တစ်အိမ်လုံးညံ xxxတစ်ရွာလုံးနိုးတဲ့ နိဗ္ဗာန်ဆော်သံ xxxကုသိုလ်ရေး xxx လက်မနှေးကြရန် xxx ဆော်ဩတတ်ကြပါတဲ့ xxxမြန်မာ့ရိုးရာ ဘာသာသာသနာ xxxတောတကာ မြို့တကာ ချစ်စရာ့ဓလေ့ထုံးစံ xxx ရှင့် xxx



www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းတော်ချက်ရန် XXXထတော်မူပါ XXXဘွန္တော

သပုရိသအပေါင်း သူတော်ကောင်းတို့”

တကယ့်ကို သာယာနာပျော်ဖွယ် ကောင်းသော ကျက်သရေမင်္ဂလာကို နှိုးဆော်သည့် သီချင်းသံပဲ ဖြစ်လေသည်။ ဒါကြီးကို ဘာလို့ နားပေါက်မတတ် ကျယ်လောင်စွာ ထဖွင့်ရတာလဲ။ မိုးတောင်မလင်းသေးဘူး။ သူဟာ ဖုန်းကနာရီကို ဖွင့်ကြည့်လိုက်တော့ သုံးနာရီခွဲ။ ဟား ... ဒီလောက် အစောကြီးကွာ။ သူက နားပိတ်ထားလည်း ကြားနေမှာသေချာသည့် လော်စပီကာကနေ ကျယ်လောင်စွာ နှိုးဆော်နေသည့် ‘ဘွန္တော’ကို အံမတုနိုင်စွာ အိပ်ရာမှထ၍ အပြင်ထွက်လာလျှင် တစ်အိမ်လုံးက ပြင်ပြင်ဆင်ဆင်နဲ့ ထတောင်ထနေကြပြီ။

“ဘကြီး ... ဒီလောက် အစောကြီး ဘယ်သွားမလို့လဲ”

“ဟ ... ဆွမ်းလောင်းရမယ်လေ၊ ရွာဦးကျောင်း ဆရာတော်က မနက်လေးနာရီ ဆွမ်းခံကြွမယ်လေ၊ သွား ... မျက်နှာသွားသစ်၊ အရုဏ်ဆွမ်းလောင်းကြမယ်”





“ဟား ... ဘကြီး တစ်ရွာလုံး ထပြီး ဆွမ်းလောင်းကြတာလား၊ ဖွင့်ထားတဲ့ နိဗ္ဗာန်ဆော်သံကလည်း ဆူညံနေတာပဲ၊ အိပ်နေတဲ့လူတွေကို အားနာစရာ”

သူက သူပြောချင်တဲ့စကားကို သူများနဲ့တိုင်တည်ပြီး ပတ်ရမ်းလိုက်လျှင် ဘကြီးက သူ့ကို သဘောတကျဖြင့် တဟားဟား ရယ်မောကာ ...

“ဟား ဟား ... ကိုချစ်ရယ်၊ မင့်း အိပ်ရေးမဝတာနဲ့ပဲ လော်စပီကာသံကို ပြဿနာရှာနေတာပဲ၊ လှလေးတို့ ဒေဝီတို့က နိဗ္ဗာန်ဆော်တဲ့အနေနဲ့ ဓမ္မဒါနလုပ်နေတာကွ၊ တို့ရွာက လူအားလုံးက ကျန်းမာတယ်၊ ချမ်းသာတယ်၊ စောစောအိပ် စောစောထတဲ့ သူချည်းပဲ၊ မင်း နောက်နေ့ကစပြီး မနက်တိုင်း ဒီအချိန်ထရမယ်၊ ဝါတွင်းသုံးလ ဆွမ်းပတ်မပြီးမချင်းပေါ့ကွာ၊ ကဲ ... သွား ... သွား ... မျက်နှာသစ် ကိုယ်လက်သန့်စင်တော့၊ အောက်က စည်ထဲမှာ ရေကို အပြည့်ပဲ၊ သွား”



www.burmeseclassic.com

www.burmeseclassic.com



ဘကြီးက သူ့ကို တွန်းလွှတ်တာကြောင့် အိမ်စည်က ရှုံ့မဲ့မဲ့မျက်နှာ ယိုင်တိယိုင်တိုင် ဒီဇိုင်းဖြင့် အခန်းထဲဝင်ကာ သွားပွတ်တံ၊ Facial Foamယူကာ အနောက်က တိုင်ကီဆီသို့သွားပြီး ကိုယ်လက်သန့်စင်ရလေသည်။

လင်းကြက်တွန်သံနဲ့အပြိုင် မနက်ရောင်နီဦးကာလမှာ အားလုံးကိုနိုးအောင် နှိုးပေးတဲ့ ဓမ္မဒါန လော်စပီကာပိုင်ရှင် လှလေးလွှန်ရဲ့အကြောင်းကို ခေါင်းထဲထည့်စဉ်းစားမိသွားလေလျှင် ချက်ချင်းပင် ရယ်ချင်လို့ သွားလေသည်။ ကျွန်မရည်းစားမြို့ကြီးသားဆိုပြီး ဒီအချိန်မှာ ပီတိဖြာဝေကာ သူ့ကို 100 % ယုံကြည်နေသော လှလေးလွှန်ကို twist ရိုက်ရတာဟာ လုံးဝကို ပါးပါးလေးပဲ ဖြစ်လေသည်။ သူဟာ သေသေချာချာကို Plan တွေဆွဲပြီးမှ ဒီအကွက်ရွှေ့ထားတာမို့ လုံးဝကို ညက်ညောမှုရှိရှိနဲ့ ဒီအချိန်မှာ လိမ္မာပြနေသူလေးလည်း ဖြစ်ပေသည်။

အိမ်စည်က ကိုယ့်အတွေးနဲ့ကိုယ် သဘောတကျဖြင့် တွေးနေရင်းက အခန်းထဲပြန်ဝင်လာကာ အိတ်ထဲက အင်္ကျီ





ထုတ်နေတုန်း ဖုန်းက ထမြည်လာတာကြောင့် သူက ကြောင်တောင်တောင် ဖြစ်သွားရလေသည်။ ဟ ... ဘယ်သူတုံးဟ အဲဒါ။ အိမ်စည်က ဖုန်းနံပါတ်ကြည့်လိုက်လျှင်လည်း သူမသိတဲ့နံပါတ်မို့ အံ့အားတသင့် ဖြစ်စွာပင် ဖုန်းကိုင်လိုက်လေသည်။

"ဟယ်လို"

"ကိုကိုချစ် ... ကျုပ်ပါတော့၊ လှလေး ... လှလေး"

နားထဲသို့ စူးခနဲဆောင့်ဝင်လာတဲ့ အသံကြောင့် သူက နားနဲ့ဖုန်းကို ခွာလိုက်ကာ ထိတ်လန့်တကြားဖြင့် နံပါတ်ပြန်ကြည့်မိသည်။

ဟိုက် ... မတ်ချွာဘုရား ... သူ့ဖုန်းနံပါတ်ကို ဘယ်ကနေ ဘယ်လိုရ,ရတာတုံး။

"ဟယ်လို ... ကြားလား ... ကြာလား ... မြို့သား"

သူဟာ ကြာကြာစဉ်းစားချိန် သိပ်မရတော့ဘဲ ဖုန်းကို အမြန်ပြန်ထူးလိုက်ရလေသည်။

"အင်း ... အင်း ... အင်း ... လှလေး ပြော"



www.burmeseclassic.com

www.burmeseclassic.com



"အဟီး ... အံ့ဩနေတယ်မှလား ကိုကိုချစ်ရဲ့၊ ကိုကိုချစ် ဖုန်းနံပါတ်ကို ဘွားအေးကိုယ်တိုင် ကျုပ်ကို ပေးတာလေ၊ အံ့ဩတယ်မှလား ... အံ့ဩတယ်မှလား ဟင် ... ကိုကိုချစ်"

သူဟာ အလုံးလိုက်ဆို့နေကာ စက္ကန့်ပိုင်းလောက် အသက်ရှူရပ်သွားတယ်လို့ ထင်ရပါသည်။ ထပ်ပြီး ဘုရားတရ ပြန်ပြီ။ ဖုန်းနံပါဟ်ကို အဘွားက ... အဘွားက ပေးလိုက်တာ တဲ့။

"အင်း ... အင်း ... အံ့ဩတာပေါ့ လှလေးရဲ့"

"အဟီး ဟီး ... အဲဒါဆို ဒါပဲနော်၊ ဘုန်းဘုန်းတို့ကို ဆွမ်း လောင်းပြီးရင် တော်တို့အိမ်ကို ဘရိတ်ဖတ်စ် လာပို့မယ်၊ အဲဒီကျရင် ပိုပြီး အံ့ဩစရာတွေ ကြားရမယ်၊ ဒါပဲနော်"

"ဟယ် ... ဟယ်လို"

လှလေးလွန်က ဖုန်းချလို့သွားလေသည်။ အိမ်စည် သည် ဟယ်လိုဆိုပြီး အကျယ်ကြီး ကုန်းအော်မိကာ ငုတ်တုတ်မေ့ သွားပါသည်။ အဟား ... ဘာတွေက ဘယ်လောက်တောင်





အံ့ဩစေလို့ လှလေးလွန်တစ်ယောက် ဒီလောက်ထိ ဘလင်း ဘလင်း ဖြစ်နေရတာပါလိမ့်။ အိမ်စည်သည် သူမ ဘရိတ်ဖတ်စ် လာပို့မယ်ဆိုတာကြောင့် အသည်းအသန်ပင် အင်္ကျီလဲ ဘောင်းဘီ တစ်ထည်ကောက်စွပ်ကာ အိမ်ရှေ့သို့ အမြန်ထွက်လာခဲ့တော့ သည်။ ပြီးတော့ အိမ်ခြံဝင်းရဲ့အပြင်ဘက်မှာ အရဏ်ဆွမ်းလောင်း နေသော ဘကြီးနားသို့ကပ်ကာ ဘုန်းဘုန်းကို ဆွမ်းလောင်းပြီး သောအခါ ဘကြီးကို တိုးတိုးတိတ်တိတ် တီးခေါက်ရသေး သည်။

"ဘကြီး ... ဘကြီး ... ဟို ... အဘွားနဲ့ ဖုန်းပြောဖြစ် သေးလား"

"အေး ... ဟိုနေ့ကပဲ ငါ့ကို မင်းအကြောင်း လှမ်းမေးသေး တယ်လေ၊ အချစ်တစ်ယောက် လယ်ထဲဆင်းပြီလားတဲ့၊ မဆင်းသေးဘူး ပြောလိုက်တယ်လေ၊ ဘာလဲ ... မင့်ဆီကို ဖုန်းဆက်ပြီး ဆူလိုက်ပြီမှလား၊ အဲဒါကြောင့် လိမ္မာပြီး ဒီနေ့ ဘကြီးနဲ့ လယ်ထဲလိုက်ခဲ့မယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သေပါပြီကွာ။ သူက မေးချင်တာကတခြား။ ဘကြီးက သူပြောချင်တာတွေပြောကာ သူ့ကိုပါ လယ်ထဲအပါခေါ်လေလျှင် သူက စကားလမ်း လွှဲရလေတော့သည်။

"မဟုတ်ရပါဘူး ဘကြီးရာ၊ အဟဲ ဟဲ ... ဘကြီးကို သားက အလုပ်ဝိုင်းကူပေးချင်ပါတယ်၊ ဒါပေမဲ့ ဒီနှစ်ကောင်လေ ရွှေကိုနဲ့ ရွှေညီက ရွာထဲကို လှည့်လည်နေတော့ သားပါလိုက်နေရတာ၊ ဟဲ ... ဘကြီး ဒီနေ့တော့ လယ်ထဲသွားမှာလား"

"ဒီနေ့မသွားဘူး၊ ဟိုဘက်ရွာက ပဲခင်းတွေဘက် သွားရမှာ"

ဘကြီးက စကားပြောနေတုန်းမှာ လှလေးက ခြံထဲသို့ဝင်လာကာ အသံစာစာဖြင့် လှမ်းအော်လေတော့သည်။

"ဗျို့ ... ဘထွေးရေ ... ဘထွေးတို့အတွက် ဆီထမင်းနဲ့ ငါးကြော် လာပို့တာတော့"

"ဟာ ... စားရချည်ရဲ့၊ အပေါ်တက်လာလေ လှလေး"





လှလေးလွန်က လွှားခနဲ လွှားခနဲ အပေါ်ကို တက်ချလာကာ ပုတုကို ချိုင့်လှယ်ဖို့ ပေးလိုက်ပြီး သူ့ဘေးဝင်ထိုင်လာလျှင် သူ့ရင်ထဲမှာ ဒိန်း ... ဒိန်း ... ဒိန်း ... တဒိန်း ... ဒိန်းဂျား ဖြစ်လို့သွားလေသည်။

"ဘထွေးကို ပြောစရာရှိလို့တော့၊ ဘွားအေး မနေ့ညနေက ကျုပ်ကို ဖုန်းဆက်တယ်၊ မြို့သားနဲ့အတူ လှလေးပါ မြို့ကို လိုက်ခဲ့ရမယ်တဲ့"

"ဟင် ... အဘွားက အဲလိုပဲ ပြောတယ်"

"ဟုတ်လား ... အေး ... ကောင်းတာပေါ့၊ အဲ့ ... နေဦးဟ၊ ဖုန်းလာနေတယ်၊ ဟယ်လို ..."

ဘကြီးက ဖုန်းပြောဖို့ ထထွက်သွားလေလျှင် နေရာမှာ သူနဲ့လှလေးပဲ ကျန်လေလျှင် အိမ်စည်ဟာ အသည်းအသန်ပင် လှလေးကို မေးရလေသည်။

"လှလေး ... လှလေး ... မင်း တကယ်ပြောနေတာလား၊ ငါ့ကို သေချာပြောပြစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"အို ... ကိုကိုချစ်ကလည်းတော် ... ဖြည်းဖြည်းအံ့သြပါတော့၊ ကျုပ် ပြောပြပါ့မယ်၊ ဒီလို ... ဒီလို ... ညက ဘွားအေးက ဝါတွင်းဆွမ်းပတ်အတွက် အလှူငွေကိုလှူကြဲထည့်ပေးလိုက်တာ ဖုန်းဆက်ရင်းနဲ့ တော့်နဲ့ကျုပ်အကြောင်းမေးတော့ ကျုပ်တို့ပတ်သက်မှုကို ပြောပြလိုက်တယ်လေ၊ ပြီးတော့ ကိုကိုချစ်က လှလေးကို ရန်ကုန်လိုက်လည်စေချင်တဲ့အကြောင်းပါ ပြောပြလိုက်တော့ ဘွားအေးကလေဝမ်းသာနေလိုက်တာမှ အရမ်း အရမ်းပဲ၊ ကိုကိုချစ်နဲ့ကျုပ်ကို မြို့ကိုအလည်ခေါ်ဖို့ စီစဉ်လိုက်မယ်တဲ့၊ ဘယ်လောက်ဝမ်းသာစရာကောင်းသလဲတော်၊ ဝမ်းမသာဘူးလား မြို့သားရဲ့"

အကျေနပ်ကြီးကျေနပ် အပျော်ကြီးပျော်နေကာ သူ့ရင်ဘတ်ကို ချစ်စနိုးဖြင့်ထုရင်း မေးလိုက်တာဟာ သူ့ရင်ဘတ်ကို ကိုးပိဿာစီး ဓားမကြီးနဲ့ ခုတ်ချပစ်လိုက်သလို ခံစားရစေပါသည်။ သွားပြီ။ လွဲကုန်ပါပြီကွာ။ သူရည်ရွယ်ထားတာက လှလေးကို





ရန်ကုန်အလည်ခေါ်သွားမယ်။ ပြီးတော့ သူ့ဘော်ဘော် မိုးခင်ရဲ့အိမ်မှာထားမယ်။ အနုနည်းနဲ့ စိတ်ဆင်းရဲအောင် ပါးပါးလေးစီ သူတို့ရဲ့ big happy family နေတတ်တဲ့ စတိုင်လ်ကိုပြမယ်။ ပြီးတော့ သူ့ကို စိတ်ပျက်ကာ ရွာဝင်လမ်းသို့ အောင်ဖျာလိပ် တပ်ခေါက်သွားအောင် lesson ပေးမယ်ဆိုပြီး အကွက်ချထားတာဖြစ်သည်။ အခုတော့ ကံတရားသည် အင်မတန်ရက်စက်လှပေသည်။ သူစီစဉ်ထားသည်က အိမ်စည်ကိုကိုချစ်ဆိုတာနဲ့ လုံးဝကို ဟင်ခနဲဖြစ်သွားအောင် လက်ဆင်ပေးဖို့ဖြစ်၏။ အခုတော့ကွာ ... တော်တော်လျှာကြောရှည်တဲ့ တောသူမ။ သူနဲ့ ရည်းစားဖြစ်နေပါတယ်လို့ အဘွားကို အာသွားချောင်မှတော့ သူ သေပြီပေါ့။

"ကိုကိုချစ် ... ဘာဖြစ်တာလဲ၊ ဘာဖြစ်သွားတာလဲ"

သူက စိတ်ဆိုးမာန်ဆိုးနဲ့ ထအော်မယ်ကြံကာရှိသေးဘကြီးရဲ့အသံဝါကြီးက စည်ခနဲ ထွက်ပေါ်လို့ လာလေသည်။

"ဝေး ... ကိုချစ်ရေ ... မင်းဘွားအေးက မင်းကို စကားပြောမလို့တဲ့၊ လာပြောဦး"



www.burmeseclassic.com

www.burmeseclassic.com



ဟား ... အဘွား။ အိမ်စည်သည် ဘကြီးလက်ထဲက ဖုန်းကို ဆတ်ခနဲ ဆွဲယူကာ အဘွားကို ဖုန်းပြောဖို့အတွက် လှလေးလွန်တို့ ဘကြီးတို့နဲ့ဝေးရာခြံထဲက ကုက္ကိုပင်နားသို့ သွားကာ အသည်းအသန်ကို ရှင်းချက်ထုတ်ရလေသည်။

"ဘွား ... ဘွား ... ဟို လှလေးလွန်ပြောတာတွေက ဘာတစ်ခုမှမဟုတ်ဘူးနော်သိလား၊ သားနဲ့သူ ဘာမှမဆိုင်ဘူး"

သူက ပါးစပ်သေနတ် ရက်ပ်ရွတ်သလို တွတ်တွတ်၊ တွတ်တွတ် ပြောသော်လည်း အဘွားက အင်မတန်မှ သဘောတူကြည်မွေ့နေသောအသံဖြင့် သဘောတကျရယ်ကာ ...

"ဟား ဟား ... အချစ်ရယ်၊ ငါ့မြေးက အရေးထဲ ရက်နေသေးတယ်၊ ဘွားက ငါ့မြေးကို နဂိုကတည်းက သဘောတူပါတယ်ဆို၊ ဘာတွေ လျှိုနေရတာလဲ၊ အဘွားကတော့ မြေး အခုလို ဘွားစကားကိုနားထောင်တဲ့အတွက် သိပ်ပျော်တာပဲကွယ်"





"ဟား ... မဟုတ်ဘူး အဘွား၊ သားပြောတာ နားထောင်ပါဦး"

"ကဲ ... ရှက်မနေပါနဲ့ မြေးရယ်၊ ဘွားပြောတာ နားထောင်ဦး၊ ငါ့မြေးတို့ ရန်ကုန်ပြန်လာခဲ့၊ အဘွား မောင်သောင်းတို့ကို မနက်ဖြန် အခေါ်လွှတ်ပေးမယ် ဟုတ်လား၊ မြေးနဲ့ လှလေး လိုက်ခဲ့၊ လှလေးကို မြို့ကို အလည်သဘောထည့်လိုက်မှာပါ၊ ဘွားစကားကိုဆို သူတို့က နားထောင်ကြတယ်၊ ကဲ ... ကဲ ... အဘွား စီစဉ်ပြီးရင် ဖုန်းဆက်လိုက်မယ် ဟုတ်လား ... အေး ... အေး"

အဘွားက သူဖြစ်ချင်တာတွေချည်း ပြောသွားကာ သူ့ကို ဖုန်းချသွားလေသည်။ ဟား ... ရန်ကုန် ပြန်လာလို့ရပြီတဲ့။ ဒါပေမဲ့ ...။

"ကိုကိုချစ် ... ဘွားအေးက ဘာတဲ့တုံးတော့"

သူတို့ကို အလွန်အမင်း သိချင်စွာ မေးလေတော့ ဗျာပါဆံနှစ်ဖက်နှင့် ပါးကွက်ကွက်ထားသော လှလေးလွန်ကို ကြည့်ကာ ငလေးဖင့်သောအသံဖြင့် ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဘွားက ရန်ကုန်လာဖို့ ကားလွှတ်ပေးမယ်တဲ့"

"ဟယ် ... တော့ ... တကယ် ... ဒါ ... ဒါဆို ကိုကိုချစ်နဲ့ ကျုပ် မြို့ကို သွားလည်ရတော့မှာပေါ့နော်၊ ဟုတ်လား ... ဟင် ... ကိုကိုချစ်"

"အေး ... ဟုတ်တယ်၊ မပျော်ဘူးလား လှလေးရယ်"

တစ်စက်မှကို မျက်နှာရိပ်မျက်နှာကဲ မကြည့်တတ်တဲ့ ဒီတောသူမကို သူက အငေါ့တူးမေးလည်း တစ်စက်မှမသိဘဲ ပျော်ရွှင်မြူးတူးစွာဖြင့် ခုန်ပေါက်ကာ ...

"ပျော်တာပေါ့တော်၊ တော့်လို မြို့ကြီးသား အချောအလှနဲ့ ရည်းစားဖြစ်ခွင့်ရပြီး မြို့ကို လိုက်လည်ခွင့်ရတာဟာ တစ်ရွာလုံးမှာ ကျုပ်ကုသိုလ်ထူးလို့ပေါ့တော့၊ ကိုကိုချစ်ရေ ... ကျုပ် အောင့်မထားနိုင်တော့ဘူးတော်၊ မြို့သားနဲ့အတူ ရန်ကုန်လိုက်လည်မယ့်အကြောင်းကို မောင်းတီးပြီး သွားပြောလိုက်ဦးမယ်၊ သွားပြီ ...သွားပြီ ... ဩော် ... ဩော် ... ဆီထမင်းနဲ့ငါးကြော်လေး စားလိုက်ဦးနော် မြို့သား၊ သွားပြီ ... သွားပြီ"





လှလေးလွန့် တစ်ယောက်ဟာ လျှာခလုတ်တိုက် မတတ်ပြောသွားကာ သူ့ကိုကောင် တိုက်မိတော့မတတ် ခါယမ်း၍ အပြေးထွက်သွားလေတော့သည်။ ဟား ...သေချာတာပဲ။ အဲဒါမှ တကယ့်ပလပ်တွေကော၊ ဝါယာတွေကော၊ ထရန်စဖော်မာတွေကော အကုန်ကျွတ်ထွက်ကုန်တာ။ တစ်ရွာလုံးရဲ့ လေးစားရာ ဒေါ်အေးချစ်ရဲ့ တစ်ဦးတည်းသောမြေးဖြစ်သူ အိမ်စည်ကိုကိုချစ်နဲ့အတူ ရန်ကုန်ကို ရွာရဲ့ကွမ်းတောင်ကိုင် တောရဲ့ အချောအလှ လှလေးလွန်က လိုက်ပါလာမယ် ဆိုပါစို့။

ဘုရား ... ဘုရား။

အိမ်စည်သည် ဒူးရင်းသီးအလုံးလိုက် မျိုချနေရသလို တစ်ဆို့ကြီးနင်နေကာ သေတော့မယ့်မျက်နှာနဲ့ အာရုံမှာ တရစ်ရစ် ထင်ပေါ်လာသည်က ဒီရွာကလူတွေ ကာရာအိုကေမှာ ဆိုနေကြ သီချင်းတစ်ပိုင်းတစ်စကို ဖြစ်လေသည်။

"ဟိုရှေ့ကခင်ပျိုရယ် xxx ရုပ်အဆင်းကချောလှတယ် xxx တောအရပ်မှာမနေနဲ့ကွယ် xxxမြို့ကိုသာ မောင်ခေါ်မယ်"

○✦○



www.burmeseclassic.com

www.burmeseclassic.com



## ၁၁

ထင်ထားတဲ့ အတိုင်းထက်တောင် ပိုကျော်လွန်ကာ သတင်းပျံ့နှံ့မှုအားသည် အနီးအနားကရွာတွေကိုပါ တောမီးပမာ ပျံ့နှံ့သွားပြီး တကယ်ကြီး သူတို့ ရန်ကုန်ပြန်မယ့် အချိန်မှာ လိုက်ပါပို့ဆောင်ပြီး ရွာပြန်လက်ဆောင် ထည့်ပေးကြသည်မှာ ခြင်းကြီး ခြင်းငယ် အသွယ်သွယ်နဲ့ ဖြစ်လေသည်။ သိတဲ့အတိုင်း ရွာထဲ ကားဝင်လို့ မရတာကြောင့် ရွာထိပ်ကိုသွားဖို့အတွက် ဒီတစ်ခါတော့ လူအုပ်ကများတာမို့ ဆိုင်ကယ်နဲ့ မသင့်တာကြောင့် traditiand ဆန်ဆန် နွားလှည်းနဲ့ ရွာထိပ်ကို သွားကြရတာ ဖြစ်လေသည်။





လှလေးလွန်ရဲ့ အုပ်ထိန်းသူတွေထံ နှစ်ပတ်မျှ ခွင့်တောင်းကာ ရန်ကုန်အလည်လိုက်လာသော လှလေးဟာ ရွာမှာ ရေရေလည်လည်ကို Celebrity ကြီးဖြစ်နေကာ ရွာထိပ်လိုက်ပို့ကြပါသော သောင်းသောင်းဖျဖျ ရွာသူရွာသားအပေါင်းတို့ကို အပြုံးကုဋေကုဋာဖြင့် လက်ပြနှုတ်ဆက်ကာ အဆင်ကိုပြေနေသူပဲ ဖြစ်လေသည်။

"စိတ်ချပါတော်၊ ညည်းတို့မှာတာတွေအားလုံး ကျုပ်ဝယ်လာခဲ့မယ်"

"ဟဲ့ ... ဟဲ့ ... လှလေးမ၊ ကျုပ်မှာတာ မမေ့နဲ့နော်၊ ပြီးတော့ ဝယ်လာလို့ရရင် ရွှေပုစွန်က ဖွာလူဒါ ဝယ်ခဲ့စမ်းပါအေ ... သိလား"

အားပါးတရကို ပီပီသသထွက်ချလိုက်တဲ့ ဖာလူဒါတောင် အမှာတော်ပါးလိုက်တာတွေကို တခုတ်တရ မှတ်နေရတာကတစ်မျိုး။ လက်ပြနှုတ်ဆက်ရတာက တစ်မျိုးဖြင့် လှလေးမှာ



www.burmeseclassic.com

www.burmeseclassic.com



လှည်းပေါ်ကနေ ငြိမ်ငြိမ်ကို မထိုင်နေချေ။ သူ့မှာတော့ ဒီရှာရောက်တုန်းက ထန်းရေမူးတုန်းက တစ်ခါသာ နွားလှည်းစီးဖူးထားတာဖြစ်လို့ အတွေ့အကြုံမရှိသူပီပီ ထိုင်ရတာဟာ အတော်ခက်ပါသည်။ အိပ့် အိပ့်နဲ့ သွားနေတာကပဲ တစ်ကမ္ဘာလောက်ကြာသလို ခံစားရလေသည်။

သူကပါ သွားအဖြသားနဲ့ လှလေး နှုတ်ဆက်သလိုလိုက်နှုတ်ဆက်ရင်း တစ်ချီမှာတော့ ဘီးက ချိုင့်အကျနဲ့ သူကကိုင်ထားတဲ့တိုင်ကို လက်အလွတ် ကွက်တိသွားကျကာ အခန့်မသင့်တာမို့ ဟန်ချက်ကပျက်ကာ သူဟာ လှည်းပေါ်ကနေ အဝတ်ထုပ်တစ်ထုပ် ပြုတ်ကျသလို ဖုတ်ခနဲ မြေပြင်ပေါ်သို့ပစ်ကျလေသည်။

"ဟယ် … အမယ်လေး … လုပ်ကြပါဦး။ မြို့သား …"

သူထိုင်မိတာကလည်း လှည်းရဲ့အစွန်အဖျားနားမှာဖြစ်တာမို့ ချိုင့်ဆောင့်လိုက်တာနဲ့ လူက ဟန်ပျက်ကာ အောက်





ပြုတ်ကျတာဖြစ်သည်။ ဖင်ထိုင်ရက်ပြုတ်ကျကာ လှည်းအနောက်ကပါလာတဲ့လူတွေက မီသလောက် ဆွဲလိုက်တာဖြစ်တာကြောင့်ဘာမှ ထိခိုက်ဒဏ်ရာမရပေမယ့် ဖင်ထိုင်ရက်ပြုတ်ကျတာမို့ သူဟာ မြီးညောင်ရိုးတော့ တော်တော်အောင့်ကာ အီစလံဝေသွားရလေသည်။

သူပြုတ်ကျတာမို့ တစ်ရွာလုံးက ရုတ်ရုတ်သဲသဲဖြစ်ကုန်ကာ အဆိုးဆုံးကတော့ ပျာကလပ်စိန်တွေဖြစ်ကြတဲ့ ပုတုတို့၊ လှလေးလွန်တို့၊ ခင်ဒေဝီတို့က သူ့လက်ကို ပြုတ်ထွက်မတတ်ဆွဲယူကာ အုံးအုံးကြွက်ကြွက် မေးနေတာကြောင့် သူဟာ နာတာထက် ရှက်တာကပိုနေကာ လူးလဲထ၍ လှည်းပေါ်ပြန်တက်ထိုင်ကာ …

"ဘာမှမဖြစ်ဘူး … ကျွန်တော် ဘာမှမဖြစ်ဘူး"

"ရရဲ့လား … ဘယ်နားထိသွားလဲ"

"မြို့သား … ဖြစ်မှဖြစ်ရလေ၊ ဘယ်နာသွားလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ... ဘာမှမဖြစ်ဘူး၊ လှည်းဆရာ ဆက်မောင်း ဘာမှ မဖြစ်ဘူး"

သူက မဖြစ်ဘူးဆို၍ လှည်းဆရာက သူ့နွားနှစ်ကောင်ကို ဟဲ့ဆိုပြီး ကြိမ်းကာ ဆက်မောင်းလာလေလျှင် ထုံးစံအတိုင်း နောက်ကလူအုပ် တစ်ပြုံတမက လိုက်လာစမြဲပင်။ ဒီတစ်ခါတော့ လှလေးလွန်လည်း ပါးစပ်ပိတ်ကာ ဘလင်း ဘလင်း မဖြစ်တော့ချေ။ သူ့မျက်နှာကြီးက တင်းထားလို့ လှလေးလွန်က ဆက်မမေးရဲတော့ပေမယ့် သူ့ကိုပဲ ကားဆီရောက်တဲ့အထိ တကြည့်ကြည့်နေတာမို့ သူ့မှာ နာတဲ့ဝေဒနာအပြင် စိတ်ကပါ ဆင်းရဲရပါသေးသည်။

"ကဲ ... အားလုံးပဲ သွားပြီဟေ့။ ရန်ကုန်ရောက်ရင် ဖုန်း ဆက်လိုက်မယ်။ အဲဒီတော့မှ လိုချင်တာရှိရင် ထပ်မှာနော်၊ အဘ ... အရီးလေး ကျုပ်သွားပြီတော့"

ဒီဝါကျွတ်ရင် မောင်ဂလာဆင်မယ်လို့ သတင်းဝါ တွေပါ ဖြန့်ထားကြတာမို့ အိမ့်စည်သည် အနာရောဂါ(၉၆)ပါး





စလုံး စုပြုံကာ အပူလုံးမလှတဲ့ ဝေဒနာတွေ ခံစားရတဲ့အပြင် လှည်းပေါ်ကပြုတ်ကျတဲ့ နာကျင်မှုကို ရင်မှာပိုက်ကာ တောအရပ်က ခင်ပျိုကို သူနဲ့အတူ မြို့သို့ ခေါ်လာခဲ့ပြီဖြစ်သည်။

○✦○

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉(မြေညီ)၊ ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်၊

**Facebook on "Mae Min Bon"**



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... ကြည့်စမ်းပါဦး။ ငါ့မြေးလေးနဲ့ မြေးမလေးက သိပ်လိုက်ဖက်တာပဲကွယ်။ မြေးမလေး မတွေ့တာကြာတော့ လှပေါ့ ချောပေါ့ ဖြစ်နေပါလား။ ကြည့်ရတာ ရင်ထဲကို အေးချမ်းသွားတာပဲကွယ်"

လှလေးသည် ဘွားအေးရဲ့ ချီးကျူးစကားကြောင့် မနေတတ်စွာပင် ပြုံးလိုက်မိသည်။ လှလေးက တကယ်ပဲ ကိုကိုချစ်နဲ့ လိုက်ဖက်တယ်တဲ့။ ဟိ ဟိ ... ဟုတ်မှာပေါ့။ လှလေးကလည်း ရွာရဲ့ထိပ်ဆုံးကွမ်းတောင်ကိုင်ပဲဟာ။ သနပ်ခါးပါးကွက်ကျားလေးကို ခပ်ပါးပါးလိမ်းကာ ဆံပင်နှစ်ဖက်ခွဲ၍ ကျစ်ဆံမြီးလေးကျစ်ကာ ရိုးရိုးလေး ပြင်ဆင်ထားပုံလေးကို ဘွားအေးကချစ်တာဖြစ်သလို လှလေးရဲ့ တက်တက်ကြွကြွနဲ့ ထက်ထက်မြက်





မြက် ရှိတာလေးကို ချစ်တာလည်း ဖြစ်သည်။ အခုလည်း ဘွားအေးနဲ့ တွေ့မှာမို့ ပြာလွှင်လွှင် အပွင့်ရိုက်ရင်ဖုံးနဲ့ ထဘီဝမ်းဆက်ကို ဝတ်ဆင်ထားကာ အဘဆင်ပေးထားတဲ့ တစ်ကျပ်သားရွှေဆွဲကြိုးကိုဆွဲကာ မောင်နှံခုနစ်ဖော်လက်ကောက်ဝတ်၍ ရွှေအဆင်တန်ဆာတို့ကြောင့် ပိုပြီးကျက်သရေရှိလေသည်။ ဘွားအေးတို့လောက် မချမ်းသာပေမယ့် လှလေးတို့ကလည်း ရွာမှာ လူချမ်းသာစာရင်းဝင်တွေမို့ တူတူတန်တန် ဝတ်နိုင်စားနိုင်ပါသည်။ ရွာရဲ့ဂုဏ်သရေရှိ အသိုင်းအဝိုင်းက လှလေးဟာ မြို့သားလိုလူမျိုးနဲ့ ဖူးစာဆုံရတဲ့အတွက် ဘွားအေး ပြောသလိုပင် တကယ်ပဲ လိုက်ဖက်ညီနေတာ ဖြစ်လေသည်။

"မြေးမလေး ... လှလေး၊ ဒီမှာ ကိုယ့်အိမ်ကိုယ့်ယာလို သဘောထား ပျော်သလောက်နေ ... ဟုတ်လား။ ဘွားကိုယ်တိုင်လည်း လှလေးကို နေရာစုံ လိုက်ပို့ပေးမယ်။ မြေးလေး ... လှလေးကို မြို့အနှံ့စုံအောင် လိုက်ပို့ပေးရမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... အဘွား"

"အဘွားကလေ အချစ်ကို မြေးမလေးနဲ့ပဲ စိတ်ချတယ်။ လုလေးနဲ့အချစ် အခုလို အဆင်ပြေတာ ဘွား တကယ် စိတ်ချမ်းသာတယ်။ ငါ့မြေး မင်္ဂလာဆောင်ကို စပါယ်ရှယ် စီစဉ်မယ်။ ရန်ကုန်မှာတစ်ပွဲ၊ ရွာမှာတစ်ပွဲ ဆောင်မယ်။ အဘွားကတော့ ဝါမြန်မြန်ကျွတ်စေချင်လှပြီ"

ဘွားအေးရဲ့ တက်ကြွပျော်ရွှင်နေမှုကြောင့် လုလေးက ပိုလို့တောင် ကြည်နူးပီတိ ဖြစ်ရလေသည်။ လုလေးကတော့ ကိုယ့်ကိုယ်ကိုယ် အင်မတန်မှ ကံကောင်းတယ်လို့ သတ်မှတ်လေသည်။ ကိုကိုချစ်နဲ့ ချစ်သူတွေ ဖြစ်ခွင့်ရသလို ဘွားအေးကလည်း အရမ်းကို လိုက်လိုက်လဲ့လဲ့ သဘောတူလေသည်။ မြို့သား ရတ်တရက်ကြီး ရည်းစားစကား ပြောတုန်းကဆို လုလေးမှာ ရင်ခုန်ရလွန်းလို့ အသက်ရှူတွေတောင် မမှန်တော့တဲ့အထိ အံ့သြ ပျော်ရွှင်မိခဲ့ရတာဖြစ်သည်။

"မနက်ကျရင် ဘွားတို့မြေးအဘွားတွေ ရွှေတိဂုံတက်ကြ မယ်လေ။ မကောင်းဘူးလား မြေးမလေး"





"ဟုတ် ... ကောင်းတာပေါ့ ဘွားအေးရဲ့။ လုလေးက လည်း ဘုရားစုံဖူးချင်နေတာတော့။ မြို့ရောက်တုန်း ဘုရား ကို အစုံသွားဖူးမယ်။ ဟော ... ပြီးတော့ ဈေးတွေလည်း အစုံသွားရမယ် ဘွားအေးရဲ့။ ရွာက အပျိုမတွေမှာတဲ့ ပစ္စည်းတွေလည်း ဝယ်ရမှာလေတော့"

"အမယ်လေး ... ကြိုက်တဲ့နေရာသွား။ မြေးလေး ... လုလေးကို ပျော်အောင် ထားရမယ်နော်"

"ဟုတ်ကဲ့ ... အဘွား။ လုလေးက ပျော်ပါတယ်"

မြို့သားက လုလေးနဲ့ မျက်လုံးချင်းဆုံ ပြောလိုက် တာမို့ လုလေးရင်ထဲ ဒိတ်ခနဲ တိုးခတ်လှုပ်ရှားသွားလေသည်။ အို ... ချစ်လိုက်တာ ကိုကိုချစ်ရယ်။ လုလေး ကြည့်ဖူးတဲ့ F4 ချစ်သူကားထဲက ဂူမျှန်ဖြိုးလိုပဲ တော်ဟာ အစစအရာရာ မြင့်မြတ် ကြီးကျယ်တဲ့ မြို့ကြီးသားပါပဲတော်။

○✦○



www.burmeseclassic.com

www.burmeseclassic.com



## ⊰ ၁၂ ⊱

"နေနိုင်လိုက်တာ အိမ်စည်ရယ်။ ကက်နဲ့ လုံးဝကိုကွန်တက်ဖျက်ထားတယ်။ အိမ်စည့်ဘော်ဒါတွေ မေးကြည့်တော့လည်း ဘာမှရေရေရာရာ မသိရဘူး။ အိမ်စည်က ဝေသက်တို့ဆီတောင် ဖုန်းမဆက်တာ ဘာသဘောလဲ"

"ဟုတ်တယ် ... ကိုယ် ဘယ်လိုမှ သူတို့ကို ဆက်လို့မရတာ။ ကိုယ့်ညီနှစ်ကောင်က ever checking ရိုက်နေတော့ ကိုယ် ဘယ်လိုမှ လစ်လို့မရဘူး ဖြစ်နေတာ။ ကိုယ်လည်း ကက်ကို သတိရနေတာပါ ကက်ရယ်။ ကက် ပြန်ရောက်လာလိမ့်မယ်လို့ ကိုယ် တကယ်ထင်မထားမိဘူး"





သူက ကက်သရင်းရဲ့လက်ဖဝါးနှစ်ဖက်ကို ထွေးဆုပ်ကိုင်ထားရင်းက ကက်သရင်းရဲ့မျက်နှာလေးကို တစိမ့်စိမ့်ကြည့်မိလေသည်။ မတွေ့ရတာကြာလို့ ကက်တို့ ပိုချောလာပေသည်။ မသိရင် လုံးဝကို အနောက်တိုင်းသူလို့ ထင်ရလောက်အောင်ပင် အသားအရေက ဖြူဥနေကာ လူပုံစံက အရမ်းစမတ်ဖြစ်လေသည်။ သူ့ရဲ့ girl friend လေး ကက်သရင်းဟာ ဒီလောက် ချစ်စရာကောင်းနေပါရက်နဲ့ သူ့အဘွား မချစ်တာဟာ ဘာလို့လဲတော့ သူ မသိချေ။ သေချာတာကတော့ ကက်သရင်းဟာ သူမဖခင်က ဂျာမန်သွေး အနည်းငယ်နှောတာကြောင့် ကပြားမလေး ဖြစ်နေသော ကက်ကို ဘွားဘွားက လုံးဝသဘောမတူတာပဲ ဖြစ်လိမ့်မည်။ ဂျာမနီမှာနေလိုက်၊ စ,လုံးမှာနေလိုက်နဲ့ ဘဝကို Bravo အပြည့် နေနိုင်သော ကက်ကို သူကတော့ အဲဒီမာကြွပ်ကြွပ်ဒီဇိုင်းလေးကို သဘောကျနေတာဖြစ်၏။ မြန်မာပြည်ကို ပြန်လာဖြစ်ချင်မှ လာဖြစ်မယ်ဆိုတဲ့ ကက်က သူ တောသွားနေတဲ့အချိန် ဒီရောက်လာကာ သူ့ရဲ့ pu date တွေကို စုံစမ်း



www.burmeseclassic.com

www.burmeseclassic.com



တယ် ဆိုကတည်းက ကက် သူ့ကိုချစ်တယ်ဆိုတာ သေချာပေပြီ။

"အိမ်စည် ကက်ကို စ,လုံးမှာ လာတွေ့လို့ ဒဏ်ပေးခံရတာဆို။ အဲဒီရွာမှာ အဆင်ပြေရဲ့လား"

"ဘယ်လိုလုပ် ပြေမှာလဲ ကက်ရယ်။ အခု ကိုယ် ဒီကို ပြန်လာရတာ အဘွားသဘောတူတဲ့ ကောင်မလေးလည်း ပါလို့ ပြန်လာခွင့်ရတာ"

"ဟင် ... ဒါဆို အိမ်စည်က မိန်းမယူတော့မှာပေါ့"

"မယူပါဘူး ကက်ရယ်။ ကိုယ့်မှာ အခက်အခဲတွေမှ ပုံနေတာပဲ။ အဲဒါ ထားလိုက်ဦး။ အခု ကက် ဒီကိုပြန်လာတာ ကိစ္စရှိလို့လား"

ကက်သရင်းက သူ့ကို ညို့ရီရီစိုက်ကြည့်ကာ ပြုံးပြလေသည်။ ပြီးတော့မှ ခေါင်းတစ်ချက်ဆတ်ပြလေကာ သူ့မေးခွန်းကို ပြန်ဖြေလေသည်။

"ကက်က အိမ်စည်နဲ့တွေ့ချင်လို့ ပြန်လာတာပါ"





ဟား ... အိမ်စည်ဟာ ဒီစကားတစ်ခွန်းနဲ့တင် ညစ်သမျှတွေ ပြေပျောက်သွားသလို ခံစားရလေသည်။ ကက်သရင်းကို သူ စိတ်ဝင်စားတယ်။ သူ့ရဲ့ပုံစံကို ချစ်တယ်။ အခု သူ့အတွက် supporter ရှိလာပေပြီ။ ကက်ဟာ တကယ်ပဲ သူ့ချစ်သူဖြစ်လေသည်။ သူ တစ်ခုခုကို ရွေးချယ်သင့်တယ်လို့ ယူဆတာကြောင့် ကက်ကို သူ ချစ်သူအဖြစ် ပတ်သက်မှုကို လူလေးလွန်သိဖို့ လိုအပ်ပေသည်။

○ ◆ ○



www.burmeseclassic.com

"မင်းအိမ်က တောသူလေးက မိုက်ပါတယ်ကွာ။ ခေတ်သစ်တောသူ ဂေါ်လီတောသူပါကွ။ မင်းပြောသလောက်လည်း မဆိုးဝါးသေးပါဘူး။ ခံစားကြည့်လို့ရပါတယ်ကွာ"

ဂေါ်လီတောသူတဲ့။ အေးလေ ... ဟုတ်လောက်ပါတယ်။ လှလေးလွန်ဟာ ဂေါ်ချင်တဲ့ နေရာကျတော့ ဂေါ်တယ်။ ဂွမ်းချင်တဲ့ နေရာကျတော့လည်း ဂွမ်းပြန်ရော။ ဒီနေ့မှာ သူ့ဘော်ဒါတွေက အိမ်လာလည်ရင်း စကားစမြည် ပြောကြဆိုကြရင်းက လှလေးလွန် အကြောင်းကို ပြောနေတာကြောင့် သူဟာ အိမ်ထဲမှာ အိမ်သန့်ရှင်းရေး လုပ်နေသော လှလေးလွန်ကို လှမ်းကြည့်မိသွားသည်။





"လှလေးလွန်က မဆိုးပါဘူး။ ချောပါတယ်ကွာ။ မင်းနဲ့လိုက်ပါတယ်"

ဝေသက်ကော ကျော်လေးကပါ နှစ်ယောက်လုံးထောက်ခံနေကြတာမို့ အိမ်စည်က သဘောတကျ ရယ်မောမိသွားလေသည်။

"မယူပါဘူးကွာ။ မင်းတို့ကလည်း တစ်မျိုး။ ငါက မင်းတို့ကို အရေးတကြီး တိုင်ပင်စရာရှိလို့ကွ။ ငါပြောတာနားထောင်စမ်းပါဦး"

"ဘာတုံးကွ ... ပြောစမ်းပါဦး"

"ကက်သရင်းလည်း ဒီပြန်ရောက်လာပြီကွာ။ ငါနဲ့သူနားလည်မှုလည်း ရသွားပြီ။ အဲဒီတော့ ငါ ကက်သရင်းနဲ့ လက်ထပ်ဖို့ ဆုံးဖြတ်ပြီးသွားပြီကွာ"

"ဘာ ... ဟာ ... မင်းပဲ မင်းအဘွား သဘောတူတဲ့ လှလေးလွန်ကို လက်ထပ်ပါတော့မယ်ဆို။ မင်းကွာ ... အဘွား သနားပါတယ်ကွာ၊ ပြီးတော့ ဟိုကောင်မလေးလည်း သနားပါတယ်"

www.burmeseclassic.com



အိမ်စည်က ခေါင်းကို အသာခါယမ်းလိုက်ပြီးမှ...

"ငါ ကက်ကို လက်ထပ်ဖို့ စဉ်းစားဖြစ်တာ အဲဒီ လှလေး လွှန်ကို မယူချင်လို့ပဲ။ ဒီတော့သူမကို ဘယ်လိုမှ စိတ်မ ဝင်စားဘူးကွာ။ အဲဒီတော့ ငါလုပ်ရမှာက အဘွားလည်း စိတ်ဆင်းရဲစရာ မလိုတော့အောင် လှလေးလွှန် သူ့ရွာသူ ပြန်တပ်ခေါက်သွားဖို့ပဲ"

"ဒါဆို မင်းက ဘာလုပ်မှာလဲ"

"ရိုးရိုးလေးပါကွာ။ လှလေးနဲ့ ကက်သရင်းကို ဆုံပေးဖို့ ပဲ လိုတယ်"

"ဟာ ... ဟော့ကောင် ဖြစ်ပါ့မလားကွာ။ လှလေးလွှန် ကြည့်ရတာ မင်းကို တော်တော်ကြွေနေပုံပဲ။ မလုပ်ပါနဲ့ အိမ်စည်ရာ"

"ဟား ... တော်စမ်းပါကွာ။ မင်းတို့ကလည်း ငါနဲ့အသွင် မတူတဲ့လူဟာ ငါ့ချစ်သူ ဘယ်လိုမှ ဖြစ်လာမှာ မဟုတ် ဘူး။ အဲဒီတော့ လုပ်သင့်တာကို လုပ်ရမှာ ငါ့တာဝန်ပဲ။ မင်းတို့ ငါ့ကို မကူညီချင်နေ လာမနှောင့်ယှက်နဲ့"





"ကျစ် ... မင်းတော့ မဟုတ်တော့ဘူး အိမ်စည်။ နည်း နည်း cross ဖြစ်လာပြီ။ ဟော့ကောင် ... သွားမယ်။ မင်း ဘာသာမင်း ကြိုက်တာသာလုပ် သားကြီး"

ဟိုနှစ်ကောင်က သူ့ရဲ့ cross တိုက်စကားကြောင့် ဖုသွားကာ လစ်သွားတော့သည်။ လှလေးလွှန်က ရိုးလို့တဲ့။ လှလေးလွှန်က လိမ္မာလို့တဲ့။

အကောင်းဆုံးသော ဝိသေသတွေ ပေါင်းစပ်ထား တဲ့ လှလေးလွှန်ဟာ လုံးဝဂေါ်လီဖြစ်နေတာကြောင့် သူဟာ လုံးဝကို ဖြတ်ပစ်ချင်နေပါသည်

○✦○



www.burmeseclassic.com

www.burmeseclassic.com



ဘရိတ်ဖတ်စ် စားပြီးသွားသောအခါ သူဟာ လုလေး လွန်ကို ပြုံးကြည့်မိရင်းက အကြံထုတ်မိသည်။ ဒီကနေ့ဆို လုလေးလွန် ရန်ကုန်ရောက်တာ သုံးရက်ရှိသွားပြီဖြစ်သည်။ ပြီး ခဲ့တဲ့ ရက်တွေက အဘွားနဲ့အတူ နေရာအနှံ့အပြားသို့ သူမကို လိုက်ပို့ခဲ့ပြီးပြီ။ ဒီကနေ့တော့ သူ့အလှည့်ပဲ။

"လုလေး ... ဒီနေ့ အဘွားက ပွဲရုံသွားရမှာဆိုတော့ အိမ်မှာနေရင် လုလေး ပျင်းနေမှာပေါ့"

"ဒါဆို ကိုကိုချစ်က မြို့အနှံ့ လိုက်ပို့ပေးမှာလား။ ကျုပ် ကြည့်ဖူးတဲ့ ဗီဒီယိုတွေထဲမှာဆို ချစ်သူသမီးရည်းစားတွေ က အင်းလျားတို့၊ ကန်တော်ကြီးတို့မှာ သွားထိုင်ကြတာ လေ"





"လုလေးကကော သွားချင်လို့လား"

"သွားချင်တာပေါ့တော့။ တော်နဲ့ ကျုပ်က ရည်းစားတွေ ပဲဟာကို"

အိမ်စည်က တကယ်ကို သဘောတကျ ရယ်မောမိ သွားသည်။ အေးပေါ့ ... အေးပေါ့ ... သူမအမြင်မှာ သူဟာ သူမရဲ့ ရည်းစားပဲဟာကို။

"OK လေ ... သွားတာပေါ့။ ဒါပေမဲ့ ကန်တော်ကြီး သွား မယ်ဆို ဒီအချိန်က နေပူတယ်။ ညနေလောက်မှ သွားမယ် လေ။ အခု မင်းကို shopping လိုက်ပို့ပေးမယ်။ ဩော် ... ရန်ကုန်မြို့ရဲ့ Shopping Mall တွေဆိုတာ အလန်းတွေ ချည်းပဲ ရှိတာနော်။ လုလေးလွန်ကလည်း အဘွားတို့ရွာ က ကွမ်းတောင်ကိုင်၊ ပြီးတော့ ကိုယ့်ရည်းစားမှလား။ ဂေါ်နေအောင် ပြင်ခဲ့နော်"

"ဟုတ် ... အဲ ... အဲ ... နေဦး ကိုကိုချစ်ရဲ့။ ဂေါ်နေ အောင် ဆိုတာ ဘာကိုပြောတာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



တောဂေါ်လီမလေးလည်း မြို့သားနဲ့တွေ့ရင် ဂေါက်သွားပြီ မဟုတ်လား။ လုလေးလွန် နားမလည်တဲ့ definition အတွက် သူက ကော်ဖီဝိုင်းမှ ထခါနီးမှာ ရှင်းပြလိုက်ရလေသည်။

"ဂေါ်တယ်ဆိုတာ ဂေါ်လီကို ပြောတာလေ။ လုလေးက လုပြီးသားပဲဟာ။ ပြင်ထားနော်။ ခဏနေ သွားတာပေါ့"

သူက ပြောပြီးတာနဲ့ ဝိုင်းကထွက်သွားကာ အခန်းထဲဝင်၍ ရေချိုးလိုက်သည်။ လုလေးလွန် စိတ်ပျက်သွားစေဖို့ ကြိုးစားပိုင်ခွင့် နှစ်ပတ်အချိန်ရလေတာ အခု သုံးရက်ရှိသွားပြီဖြစ်သည်။ သုံးရက်မြောက်နေ့မှာ တစ်ချက်တည်းနဲ့ အသေသတ်ပစ်ဖို့ဆိုတာ မဖြစ်နိုင်။ အဲဒီတော့ မျှဉ်းပြီးဖြတ်ရမှာပဲ။

အိမ်စည်သည် idea ရတာနဲ့ ရေကို ခပ်သွက်သွက်ချိုးကာ ပြီးလျှင်တော့ ဖုန်းဆက်လိုက်တော့သည်။

"ဟယ်လို"

"ဟိုင်း ... အိမ်စည်။ ဖုန်းကို အချိန်အကြာကြီး ပိတ်ထားပြီးတော့ ဘယ်တွေလိမ့်နေတာလဲ"





"အဟက် ... ဒီလိုပါပဲ။ ဇရိယာပြင်ပကို ခဏသွားနေလို့ပါ။ ကိုယ်က အကူအညီ တောင်းချင်လို့ကွ"

"ဟင်း ဖြစ်ရမယ်။ အကူအညီလိုမှပဲ ဖုန်းဆက်တော့တယ် ရာဇဝင်ထဲက မင်းသားရယ်။ ကဲ ... ဆိုပါဦး ဘာကိတ်"

သူ့ရဲ့ခင်ရာမင်ရာ ကောင်မလေးတွေကြားမှာ သူက စန်းပွင့်နေတာကြောင့် သူ့ကိုဆို ချစ်သူခင်သူက ပေါလေသည်။ လုလေးကို ရန်ကုန်ခဏ အလည်ခေါ်လာတယ်ဆိုတာ သူမဟာ သူ့အသိုင်းအဝိုင်းထဲမှာ လုံးဝမဝင်ဆန့်ဘူးဆိုတာ သဘောပေါက်သွားဖို့၊ ပြီးတော့ အဲဒီသဘောပေါက်တာနဲ့အတူ ရွာကိုအောင်ဖျာလိပ်သွားဖို့ပဲ ဖြစ်သည်။ ဒီကနေ့ကစပြီး သူ့ရဲ့ Big Happy Family ကြီးကို လုလေးလွန် သိစေဖို့ စတင်အကောင်ထည်ဖော်ပြီဖြစ်သည်။

"ဒီလို ... ဒီလို"

○✦○



www.burmeseclassic.com

www.burmeseclassic.com



## ၁၃

"ဟယ် ... အရမ်းကို ခမ်းနားတာပဲနော်။ မိုက်လိုက်တာ"

သူ့ရဲ့လက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်ထားရင်းက မြင်နေရတဲ့ Junction Square အဆောက်အအုံကြီးကိုကြည့်တော့ ဟယ်ခနဲ မြင်နေသော လှလေးလွှန်ကိုကြည့်ကာ သူက ပြုံးရုံ ပြုံးထားလိုက်သည်။ ဒီနေ့မှာ သူနဲ့တွဲပြီး လှလေးလွှန်ဟာ အပြတ်အသတ်ကို ကွာခြားနေတဲ့ တောသူမပင် ဖြစ်သည်။

လှလေးလွှန်ဟာ ဟိုတစ်နေ့က အဘွားဝယ်ပေးထားတဲ့ ချည်ထည်ရင်ဖုံးဝမ်းဆက်ဖြင့် ပိန္နဲသီးဒီဇိုင်းနဲ့ပဲ ဖြစ်သည်။





သနပ်ခါးခပ်ပါးပါး ရွှေတွဲလွဲ ငွေတွဲလွဲဖြင့် တောဂေါ်လီသူမနဲ့တွဲလိုက်ရင် သူမ အပြတ်အသတ် ကျန်နေခဲ့အောင် သူက မိုးကောင်းကင်ပြာ အော်တာရှပ် ကျပ်ကျပ်ကို Skinny pant အဖြူဖြင့် သပ်ရပ်ခန့်ညားနေအောင် ဝတ်ဆင်ထားတာမို့ ဒီဇိုင်းတွေက ကွာခြားနေတာဟာ မိုးနဲ့မြေပြင် ဖြစ်လေသည်။

"လာလေ ... လှလေး။ မင်း ကြိုက်တာဝယ်နော်"

သူ့လက်မောင်းကို ဆွဲချိတ်ကာ Mall ထဲမှာ ဟိုကြည့် ဒီကြည့်နဲ့ ပတ်ရှုံးနေတာမို့ အိမ်စည်သည် သူ့ကိုကွက်ကြည့်ကွက်ကြည့် လုပ်နေသော ကောင်မလေးတွေကို ခဏတော့ မျက်နှာလွှဲထားရလေသည်။

"အဟင်း ... ဟင်း ... ကျုပ်တော့ နိုင်ငံခြား ရောက်နေသလိုပဲတော်။ အရမ်းကို ခမ်းနားတာပဲနော်။ ဒါကြောင့်မို့ ကျုပ်ရဲ့ကိုကိုချစ်ကလည်း အရမ်း အရမ်းကို ချောနေတာ"

"ဟုတ်လား။ လှလေးလည်း ချောတာပါပဲ"

"ဟယ် ... တကယ်နော် ကိုကိုချစ်"



www.burmeseclassic.com

www.burmeseclassic.com



သူမက သူပြောတဲ့ စကားကြောင့် အရမ်းကို ကြည်နူးသွားပုံ ရပါသည်။ အိမ်စည်က ထပ်ပြီး ဘုံမြှောက်ပေးချင်တာကြောင်း ပြုံးမြမြ မျက်နှာထားဖြင့် ခေါင်းအသာဆတ်ပြလိုက်သည်။

"ဝေး ... အိမ်စည် ... Long time no see"

OK ... ကြင်နာ ရောက်လာပြီဆိုတော့ ဓာတ်ရှိန်က မြင့်သွားပြီး ဖြစ်လေသည်။ အိမ်စည်က တမင်တကာကို လှလေးရဲ့လက်ကို ဖြုတ်ချလိုက်ကာ ကြင်နာနဲ့ လက်ဖဝါးချင်း သွားရိုက်လိုက်ကာ ...

"ဟေး ... ကြင်နာ။ မတွေ့တာကြာပြီကွာ။ ကိုယ်က မင်းကို အရမ်းလွမ်းနေတာကွ။ လာလေ ... တွေ့တုန်းကြုံတုန်း တစ်ခုခု သွားစားရအောင် ...

ဪ ... forget ... မေ့နေတာ။ မိတ်ဆက်ပေးရဦးမယ်။ ကြင်နာ ... သူက လှလေးလွန်တဲ့။ ရွာကအမျိုးတွေလေ ... ဟား ဟား"





"OH ... ရွာကလား။ အင်း ... nice to meet you လှလေးလွန်။ တို့က အကြင်နာပါ။ အိမ်စည်ရဲ့ girlfriend"

ကြင်နာ့က လှလေးလွန်ကို လက်ဆွဲနှုတ်ဆက်ဖို့ လက်တစ်ဖက်ကို ရှေ့သို့ ဆန့်ထုတ်ပေးလိုက်လျှင် လှလေးလွန်ဘာလုပ်လိမ့်မလဲလို့ သူ အကဲခတ် ကြည့်လိုက်သည်။ သူနဲ့ အကြင်နာရဲ့ relationship ကို တအံ့တသြ ဖြစ်နေပုံရလေသည်။ နည်းနည်းခေတ်မီသော လှလေးလွန်ဟာ ရုပ်ပျက်ဆင်းပျက် မျက်နှာပျက်မသွားဘဲ အပြုံးတစ်ခုဖြင့် အကြင်နာ့ကို လက်ဆွဲနှုတ်ဆက်လေသည်။

"ဟုတ် ... တွေ့ရတာ ဝမ်းသာပါတယ်"

"လှလေး ... မှတ်ထားနော်။ ကိုယ့်ရဲ့အချစ်ဆုံးမိန်းကလေး သူငယ်ချင်းလေ။ နောက်မှ လှလေးကို တခြားသူတွေနဲ့ မိတ်ဆက်ပေးရဦးမယ်။ ကဲ ... လာလေ လှလေး၊ ကြင်နာလာ ... အပေါ်ထပ်က NEO မှာ သွားထိုင်မယ်လေ"

သူဟာ ကြင်နာနဲ့ အတူတူ လှလေးကိုပါ NEO coffee ဆိုင်ထဲသို့ ခေါ်သွားကာ လှလေးကို လုံးဝ neglect လုပ်



www.burmeseclassic.com

www.burmeseclassic.com



ထား၍ အကြင်နာနဲ့သာ ထွေရာလေးပါး စကားတွေ လျှောက်ပြောလေသည်။ သူတို့ပြောတဲ့ ဂေါ်တယ်၊ မိုက်တယ်၊ ဖုတယ်၊ ဖာတယ်တွေ စသဖြင့် ဘလင်း ဘလင်း စကားလုံးတွေမျိုးစုံကို မျက်လုံးလေး ပေကလပ် ပေကလပ်ဖြင့် ဟိုကြည့် ဒီကြည့် နားထောင်နေသူ ဖြစ်လေသူက လှလေးလွန်ပင် ဖြစ်လေသည်။

"အေးလေ ... သွန်းဆက်တို့တောင် အိမ်စည့်ကို မျှော်နေသေးတာ။ အဟား ဟား ... ဟိုနေ့က သူတို့နဲ့ ပါတီသွားသေးတယ်ဗျ"

"ဟုတ်လား ... အေးကွာ။ ကိုယ်လည်း သူတို့တွေက အရမ်းသတိရနေတာမှ နိုင်းလောက်ရှိတယ်"

"သတိရရင် လာခဲ့လေ။ သွန်းဆက်က အခု Beauty Saloon ဖွင့်ထားတာလေ၊ လာခဲ့ ... မင်းသားကို ဒီ့ထက် ရူပါတွေ ဖွင့်ပေးလိုက်လိမ့်မယ်။ အဲ ... ကြည့်ဦး။ စကားပြောကောင်းနေတာ။ အကြင်နာ ချိန်းထားတဲ့ကိစ္စတစ်ခု ရှိသေးတယ်။ သွားတော့မယ်။ နောက်ရက်မှ ထပ်တွေ့တာပေါ့"





"ဟုင် ... လုပ်ပြီ။ အေးပါ ... အေးပါ ... နောက်ရက်မှ ထပ်တွေ့တာပေါ့။ တာ့တာ"

"ဟား ဟား ... Fly kiss ... Fly kiss ... ဩော် ... လှလေးလွန် သွားမယ်နော်။ see you"

"ဟုတ် ... ဟုတ်ကဲ့"

လှလေးက အူကြောင်ကြောင်ဖြင့် ခေါင်းညိတ်ပြကာ သူမထွက်သွားတော့မှ သူ့ဘက်သို့ မျက်နှာလှည့်လာကာ ...

"အဲဒါ ကိုကိုချစ် သူငယ်ချင်းလားဟင်"

... တဲ့။ အင်း ... မဆိုးပါဘူး။ ဒီလို ဒီလိုမေးတယ်ဆိုကတည်းက နည်းနည်းတော့ လှုပ်လာတဲ့ သဘောပဲပေါ့၊ သူက ခပ်တည်တည် မျက်နှာပေးဖြင့် ခေါင်းညိတ်ပြလိုက်ကာ ပြန်ဖြေလိုက်သည်။

"အင်း ... ဟုတ်တယ်လေ"

"ဟိုလေ ... ဟို ... ကျုပ်မေးတာ တစ်မျိုးဖြစ်သွားရင် စိတ်မဆိုးနဲ့နော်။ ကိုကိုချစ်က မိန်းကလေးသူငယ်ချင်းတွေ အများကြီး ရှိတာပဲလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း ... မေးတတ်လိုက်တာ။ သူကလည်း ဒီယုန်မြင်လို့ ဒီချုံထွင်ခဲ့တာပေါ့။

အိမ်စည်က သူမ မေးခွန်းအတွက် ကျေကျေနပ်နပ်ကြီးကို ခေါင်းညိတ်ပြလိုက်လေသည်။

"အင်း ... ဟုတ်တယ်၊ ကိုယ့်ဆီမှာက မိန်းကလေးသူငယ်ချင်းတွေဆိုတာ အများကြီးပဲ။ ကိုယ့်ကို သူတို့တွေက အရမ်းခင်ကြတာ၊ တော်တော်များတယ်"

သူ့အဖြေကြောင့် လှလေးမျက်နှာက ဝင်းခနဲဖြစ်သွားလျှင် သူတောင် ဘာလဲဟ ဖြစ်သွားရသည်။ လှလေးက သူ့ရင်ဘတ် သူဖိကာ လေပူတစ်ချက် မှုတ်ထုတ်ကာ ...

"တော်သေးတာပေါ့ မြို့သားရယ်"

"ဘာ ... ဘာဖြစ်လို့လဲဟင်"

"ကျုပ်ရည်းစား မြို့ကြီးသားက ရိုးတယ်ဆိုတာ သိလိုက်ရလို့ပေါ့တော့်"

"ဘယ်လို ... ဘယ်လို"





ဒီတစ်ခါတော့ သူ လုံးဝအံ့ဩသွားပါသည်။ သူ့ရဲ့ ဒီအဖြေစကားက impression တက်စရာ ဘာတွေများ ရှိလို့ပါလိမ့်။

"ဟုတ်တယ်လေတော်။ အမှန်တကယ်ဆို ကိုကိုချစ်က ကျုပ်မေးတဲ့ မေးခွန်းကို လိမ်ညာပြောမယ်လို့ ထင်ထားတာ။ ကျုပ် ဗီဒီယိုထဲမှာ ကြည့်ဖူးတယ်။ မင်းသမီးကို မင်းသားက မချစ်ဘူးဆို' လိမ်ပြောကြကော။ ကိုကိုချစ်က မိန်းကလေးသူငယ်ချင်းတွေ ရှိတာကို ရှိတယ်လို့ ပြောတယ်ဆိုကတည်းက ဒါ ကျုပ်ကိုချစ်လို့ပေါ့တော်။ အဟိ ... ကျုပ် အရမ်းပျော်တာပဲ သိလား။ ပြီးတော့ ... ဟိ ..."

သူမက ဟိ,ဆိုပြီးပြုံးကာ စကားစကို ဖြတ်လိုက်လေသည်။ သူက ဘာများဆက်ပြောလေမလဲ စောင့်နေစဉ်မှာ လှလေးက ဆက်ပြော၏။

"ကိုကိုချစ်ကို အရင်ကထက် ပိုပြီးတော့တောင် ချစ်မိသွားပြီတော့ ... အဟိ"



www.burmeseclassic.com

www.burmeseclassic.com



အောင်မယ်လေးဗျာ။ အိမ်စည်သည် အဲဒီစကား ကြောင့် တကယ့်ကို မထွေးနိုင် မအန်နိုင် မျက်နှာဖြင့် လှလေး လွှန်ကို ပြုံးပြလိုက်မိသွားသည်။

ချစ်တတ်တဲ့ လှလေးလွှန်ကို စိတ်ညစ်လွန်းစွာဖြင့် သူမရဲ့ချစ်သူ ဖြစ်နေရတာဟာ တကယ့်ကို မဟာကံဆိုးခြင်းပင် ဖြစ်လေသည်။

○✦○





အိမ်စည်သည် တကယ့်ကို ဖြုန်းစားကြီး ဖြစ်လာရသော အစီအစဉ်ကြောင့် သူတွေးထားတာနဲ့ လွဲကုန်တာမို့ အခြေအနေတွေက ထင်မထားအောင် ဖြစ်သွားရလေသည်။ အဲဒီနေ့က လှလေးနဲ့ အဘွားဟာ တောကအမျိုးတွေ မှာတဲ့ပစ္စည်းတွေဝယ်ဖို့အတွက် သိမ်ကြီးဈေး၊ စကော့ဈေး စသဖြင့် ဈေးတွေစုံအောင် လိုက်ပို့ပေးပြီးသောအခါ ဘွားဘွားက တော်ဝင်စင်တာ ဝင်ဦးမယ်ဆိုတာကြောင့် သူဟာ ယောင်လည်လည်ဖြင့် ဘွားဘွားတို့နဲ့ ပါလာရာ သူ့ရဲ့မြေးချွေးမလောင်းလေးအတွက် ဟိုဟာဝယ်ပေးရ ဒီဟာဝယ်ပေးရကို သူ့မှာ ယက်ကန်ကန် အိတ်ဆွဲအဖြစ်လိုက်နေ စဉ်မှာ သူတို့နဲ့ တည့်တည့်တိုးတာကတော့ ကက်သရင်းနဲ့ပဲဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက အရင်ဆုံး ကက်ကို စတွေ့တာမို့ ကက်သရင်း သူတို့ကို မမြင်အောင် သူက ဟိုပုန်းဒီလျှိုးဖြင့် ကုပ်ချောင်းချောင်း လုပ်နေတာတောင် ကက်သရင်းက သူ့ကိုမြင်ကာ လာခေါ်လေသည်။

"ဟေး ... အိမ်စည် ဘာလုပ်နေတာလဲ"

ကျစ် ... သေလိုက်စမ်းကွာ။ အိမ်စည်သည် ကက်သရင်းရဲ့ လှမ်းနှုတ်ဆက်မှုကြောင့် အဘွားနဲ့ လှလေးကို ကြည့်လိုက်လျှင် အကြည့်တွေက ကက်သရင်းဆီ ရောက်ကုန်တာမို့ သူက အခြေအနေကို ဝင်ဖမ်းထိန်းရလေသည်။

"ဟိုင်း ... ကက်သရင်း shopping လာတာလား"

"အင်း ... အိမ်စည့်ဖုန်းကို ဆက်နေတာ ဧရိယာပြင်ပချည်း အော်နေလို့လေ။ အဲဒါနဲ့ အိမ်စည့်ကို မခေါ်ဖြစ်တော့တာ။ အဘွားတို့ပါ ပါတာပဲ။ နေကောင်းတယ်နော် အဘွား"

"အေးကွယ် ... ကက်သရင်း ပြန်ရောက်နေတာလား ရောက်နေတာ ကြာပြီလား"





အဘွားက အခြေအနေ အရပ်ရပ်ကို တစ်ခဏအတွင်း အကဲခတ်တတ်သူ ဖြစ်တာမို့ အိမ်စည် ဘာခြေလှမ်း လှမ်းတယ်ဆိုတာ ရိပ်မိသွားဟန်တူသည်။ ကက်သရင်းကို ပြန်ရောက်တာ ကြာပြီလား မေးတာကို ကက်က ပြုံးပြုံးလေးပင် ပြန်ဖြေသွားလေသည်။

"ဟုတ် ... အိမ်စည် ရန်ကုန်ပြန်မရောက်ခင်ကတည်းက ရောက်နေတာပါ"

"သြော် ... ဟုတ်လား။ အင်း ... မိတ်ဆက်ပေးရဦးမယ်။ ဒါ လှလေးလွန်တဲ့။ လှလေးက အိမ်စည်နဲ့ မကြာခင် လက်ထပ်တော့မှာလေ။ အဘွားသိပ်ချစ်ရတဲ့ မြေးမလေးပေါ့"

"အဘွား"

သူက စကားစပြတ်သွားအောင် လှမ်းဟန့်လိုက်သည့်သဘောဖြင့် အဘွားဟု ခေါ်လိုက်လျှင် အဘွားက ဘာလဲ ဆိုတဲ့သဘောဖြင့် မေးဆတ်ပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဘွား ... ဈေးဝယ်စရာရှိသေးတယ်မှလား။ သွားကြ မယ်လေ။ ကက် ... ငါသွားတော့မယ်။ နောက်မှတွေ့မယ် နော်"

သူက အဘွားတို့ကို ဆွဲခေါ်လာကာ ကက်သရင်း ကို ထားခဲ့လိုက်တော့သည်။ အဘွားက shopping ပတ်နေစဉ်မှာ တော့ ဘာတစ်ခွန်းမှ ပြန်မပြောဘဲ အိမ်ပြန်ရောက်ရောက်ချင်းမှာ ပဲ သူနဲ့ လှလေးလွန်ကို တူယှဉ်တွဲ ထိုင်စေကာ စပြီးပွမ်တော့တာ ဖြစ်သည်။

"ကဲ ... ပြော အိမ်စည်၊ မင်း ကက်သရင်းနဲ့ ဘယ်က တည်းက အဆက်အသွယ် ရှိနေတာလဲ"

"ဟို ... သူ ပြန်ရောက်တာ မကြာသေးပါဘူး၊ အဘွားကို မပြောဖြစ်ဘူးဆိုတာ စကားမှ မစပ်ဖြစ်တာ"

"အမိပွာယ်မရှိဘူး။ ငါ လုံးဝမကြိုက်ဘူး အချစ်။ မနက် ဖြန် မင်း လှလေးနဲ့အတူ ရွာပြန်တော့"

"အဘွား"





အိမ်စည်က အံ့သြမှင်တက်စွာဖြင့် အဘွားကို ခေါ် မိသွားသည်။ အဘွားက သူ့ကို အရေးတောင်မစိုက်ဘဲ အပြတ် စစ်ကြေညာတော့၏။

"ဘာမှထပ်တွန့်မတက်နဲ့တော့ အချစ်။ လှလေးလည်း ရန်ကုန်မှာ အချိန်အတော်ကြာအောင် နေပြီးပြီ။ သူနဲ့မင်း က ဝါကျွတ်တာနဲ့ လက်ထပ်တော့မှာ၊ မင်း အဲဒီမှာပဲ နေ ရမယ်"

"မဖြစ်နိုင်ဘူး။ ဘယ်လိုမှ မဖြစ်နိုင်ဘူး အဘွား။ သား ... ကက်သရင်းကိုပဲ လက်ထပ်မှာ"

"ဘာ"

"ကိုကိုချစ်"

သူ့ရဲ့ တရားဝင် ရင်ဆိုင်တိုက်ခိုက်မှု အတွက် လှလေးလွန်းကပါ ဒီပြဿနာထဲ ဝင်လာတာကြောင့် သူဟာ အားနာမနေနိုင်တော့ပေ။ သူ့ရဲ့ဘဝကြီးကို ဘာမှမဟုတ်တဲ့ တောသူမနဲ့ မင်္ဂလာဆောင်ပြီး မပြီးဆုံးသွားချင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဘွား။ ကျွန်တော့်ရဲ့ဆုံးဖြတ်ချက်ကို ကျွန်တော် သေချာစဉ်းစားပြီးမှ ချခဲ့တာ။ ကျွန်တော် ကက်သရင်းနဲ့ လက်ထပ်ချင်တယ်"

"အိမ်စည်ကိုကိုချစ် ... နင် ဘာစကားပြောတာလဲ။ နင် ရူးသွားပြီလား။ ဒါဆို လုလေးက ဘာလဲ"

"အဘွားက ကျွန်တော့်ကိုအိမ်ပြန်မခေါ်သေးလို့ ကျွန်တော် အဘွားပြောစကားကို လက်ခံချင်ယောင် ဆောင်လိုက်တာ"

"ကိုကိုချစ် ... ကိုကိုချစ် ပြောတာ တကယ်ပဲလား"

သူ့ရဲ့လက်မောင်းကို ကိုင်လှုပ်ဆွဲခါ၍ မျက်ရည်အဝဲသားဖြင့် သူ့ကိုမေးလေလျှင် သူက မျက်နှာလွှဲလိုက်ပြီးမှ ...

"စိတ်မကောင်းပါဘူး လုလေး။ အားနာပါတယ်"

"အချစ် ... တိတ်စမ်း မင်းပါးစပ်ကို။ မင်းမိုက်ရိုင်းလှချည်လား။ ငါ့မြေးမှ ဟုတ်ရဲ့လား။ မင်းလောက် ရိုင်းစိုင်းတဲ့ လူမျိုး ငါမတွေ့ဖူးဘူး။ မင်း တော်တော်ကို သတ္တိတွေကောင်းနေတာပေါ့ ဟုတ်လား။ မင်း တကယ်ပဲ အဲဒီကပြားမကို ယူမှာလား"





အိမ်စည်က ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။ အဘွားက လုလေးကို သူ့ဘက်သို့ဆွဲခေါ်ကာ ဆိုဖာမှာထိုင်စေပြီးမှ အိမ်စည့်ဘက်ကို တည့်တည့်စိုက်ကြည့်ပြီးမှ တစ်ခွန်းချင်း အေးစက်စွာ ပြောလေသည်။ ဒီကိစ္စမှာ လုလေးလွန်ထက်ပို၍ အဘွားက စိတ်တွေဆိုးနေတာဖြစ်သည်။

"ကောင်းပြီ ... မင်း အဲဒီကပြားမကို လိုချင်သပဆိုရင် ငါ ခွင့်ပြုမယ် အချစ်။ အေး ... ဒါပေမဲ့ တစ်ခုတော့ရှိတယ် အချစ်။ အိမ်ထောင်တစ်ခု ထူထောင်တယ်ဆိုတာ နှစ်ဦးနှစ်ဖက် အသွင်တူမှဖြစ်မှာ။ ဒီတော့ မင်းကောင်မလေးကို တို့ရဲ့ရွာကို အလည်ခေါ်သွားတာပေါ့။ သူ ငါတို့နေသလို နေနိုင်တယ်၊ စားနိုင်တယ်ဆိုရင် ငါလက်ခံပေးမယ်"

"ဘွား ... ဘွား တကယ်ပြောတာလားဟင်"

သူက အံ့သြလွန်းလှစွာ ဘွားဘွားကို ထပ်မေးမိလျှင် ဘွားဘွားက မျက်နှာကြောတင်းတင်းဖြင့် ခေါင်းညိတ်ပြရင်းက ...



www.burmeseclassic.com

www.burmeseclassic.com



"ငါက စကားတစ်ခွန်းကို ဆိုခဲ့စေ မြဲစေပဲ အချစ်။ ငါ နှစ်ခါမပြောဘူး။ မင်း ကက်သရင်းကိုသာ ရွာကိုအပါ ခေါ်လာခဲ့။ သန်ဘက်ခါသွား။ အေး ... တစ်ခုတော့ရှိတယ် နော်။ ကက်သရင်းနဲ့ သူ့ရဲ့အုပ်ထိန်းသူတွေဘက်က ဒီခရီး ကို picnic လို့ပဲ သိထားပါစေ။ မင်းဟာ ငါ့မြေးဖြစ်တဲ့ အတွက် ငါ့မြေးချွေးမ ဖြစ်မယ့်သူကို ငါ့မှာ ရွေးပိုင်ခွင့် အပြည့်ရှိတယ်။ ဘယ်လိုလဲ ... မင်းကို ငါ ဒီလောက်အထိ အခွင့်အရေးပေးထားတာနော်"

သူ နည်းနည်းတော့ စိတ်လှုပ်ရှားသွားရပါသည်။ ကက်သရင်းကို ရွာခေါ်သွားမယ် ဆိုပါစို့။ ဖြစ်ကော ဖြစ်နိုင်ပါ့မလား။ ဒါပေမဲ့လည်း ဒါဟာ အဘွားကိုယ်တိုင်က လိုလိုလားလား ပေးထားတဲ့ အခွင့်အရေးဖြစ်တာကြောင့် သူ လက်လွှတ် အဆုံးရှုံးမခံချင်ပါ။ သူ လက်မခံလိုက်တာနဲ့ သူဟာ လှလေးလွန် ကို ယူရမှာဖြစ်သည်။ ခပ်တုံးတုံး တောသူမကို ယူရမယ်ဆိုတာ ထက်စာရင် ကက်သရင်းဟာ သူ့ချစ်သူ ဖြစ်တာမို့ အများကြီး အများကြီး လက်ထပ်နိုင်ဖို့ သူ့ဘက်က ဆန္ဒရှိပါသည်။





"ဟုတ်ကဲ့ ... ဘွား။ ကျွန်တော် သဘောတူပါတယ်"

"ကောင်းပြီ။ သန်ဘက်ခါ သွားကြမယ်။ အဲဒီရွာမှာနေတဲ့ သူရဲ့ပုံစံကိုကြည့်ပြီး ငါသဘောတူမတူ ဆုံးဖြတ်မှာဆို တာကိုတော့ မင်း ပြောထားလိုက်ပေါ့။ မြေးမလေး ... အပေါ်သွားစို့"

ဘွားဘွားက ပြောပြီးတာနဲ့ အပေါ်ထပ်ကို တက် သွားလေသည်။ အိမ်စည်က သူ့ကို မျက်ရည်များစွာဖြင့် ကြည့် ရင်းက သူ အနားသို့ တိုးလာလေသော လှလေးလွန်ကြောင့် သူ ဟာ ဘာများလုပ်လိမ့်မလဲလို့ ရင်တုန်နေမိသည်။ သူ ထင်သလို မျိုး ပါးတွေ ဘာတွေလဲ ရိုက်သွားခြင်းမရှိဘဲ သူ့ကို အားနာစေ လောက်မယ့် စကားလုံးမျိုး ရွေးပြောသွားလေသည်။

"ရက်စက်လိုက်တာ ကိုကိုချစ်ရယ်။ ကျုပ်ကတော့ တော့် ကို ချစ်လိုက်ရတာတော်။ တော့်ကို စိတ်မဆိုးပါဘူးတော်။ ကျုပ်လို တောသူကို တော်က ဘယ်တကယ်ချစ်ပါ့မလဲ။ ကျုပ်ကို အခုလောက်ထိ ကြင်နာတာကိုပဲ တော့်ကိုကျေးဇူး တင်ပါတယ် ကိုကိုချစ်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



လှလေးလွန်ဟာ ပြောချင်ရာပြောကာ ငိုယိုပြီး အဘွားနောက်ကို ပြေးထွက်သွားလေသည်။ ဟား ... ကျစ် ... ဘာတွေမှန်းကို မသိတော့ပါဘူးကွာ။

ဘာပဲဖြစ်ဖြစ် ဒါဟာ အကောင်းဆုံး အခြေအနေ ဖြစ်ဖို့ ဖန်လာတယ်လို့ပဲ သတ်မှတ်လိုက်လျှင် စိတ်ချမ်းသာသွား ရပါသည်။

○✦○





## ၁၄

"ဟူး ... ရှင့်ကို ချစ်လွန်းလို့ လိုက်လာတာနော် အိမ်စည်။ လုံးဝ stupid ပဲ။ ရှင်တို့ရွာက တကယ်ခေါင်တာပဲ။ လူတွေကလည်း စပ်စုလိုက်တာ လွန်ပါလေရော။ ဒီတစ်ရွာလုံးက အိမ်စည့်ကို အဲဒီဟိုတောသူနဲ့ လက်ထပ်ဖို့ ပြောနေကြတာ။ တို့ တော်တော်အောက်နေပြီဆိုတာ သတိကောထားမိရဲ့လား"

ကုက္ကိုတန်းရဲ့အနားက ထိုင်ခုံတန်းလေးမှာ သူနဲ့ ကက်သရင်းက နှစ်ယောက်အတူ ယှဉ်တွဲထိုင်နေချိန်မှာ ကက်က ဒီစကားစပြောတာဖြစ်သည်။ ကက်ရဲ့ခံစားချက်ကိုလည်း သူ



www.burmeseclassic.com

www.burmeseclassic.com



နားလည်ပေးလို့ ရပါသည်။ ဒါပေမဲ့ လောလောဆယ် သူလည်း ဒီရွာမှာ အဘွားကျေနပ်အောင် နေပေးရတာမို့ ဘာမှမတတ်နိုင်ချေ။ ကက်သရင်းက အေးဆေးလွယ်ကူစွာ ရွာကိုလိုက်လာခွင့်ရှိတယ် ဆိုကတည်းက အဘွားက သိပ်သဘောတွေ့ဟန် မတူပါချေ။ ရှေးရိုးဆန်တဲ့ အဘွားက မိန်းကလေးဆို ဗိုင်းကောင်းကျောက်ဖိ အိမ်ထဲအိမ်ပြင် မထွက်တာကို ကြိုက်သလားတော့ သူလည်း မသိ။ နိုင်ငံခြားမှာ အနေကြာတဲ့ ကက်အတွက် နေရထိုင်ရ စားရ သောက်ရတာဟာ အဆင်မပြေ ဖြစ်မယ်ဆိုတာ သူနားလည်သည်။

ပြီးတော့ သိတဲ့အတိုင်း ကက်သရင်းလို ချစ်စရာဘိုကပြားရုပ်ကလေးနဲ့ မိန်းကလေး ရွာလိုက်လာတော့ တစ်နေ့တစ်နေ့ လာတဲ့ဧည့်သည်က မနည်းမနောပင်။

"ကိုယ် တောင်းပန်ပါတယ် ကက်ရယ်။ ကိုယ်လည်း ကက်ကို အားနာပါတယ်။ ခဏလေးပဲ သည်းညည်းခံပါနော်။ သိပ်မကြာခင် ကိုယ်တို့ အဆင်ပြေမှာပါ"





"ဟင်း ... ပြောတာ မပြောတာက နောက်ထား။ ကက်က တော့ ကြည့်မရဆုံးကတော့ အိမ်စည့်ကို ဖြစ်နေပြီ။ အဲဒီတောသူမရဲ့ မထုံတက်တေး အိုက်တင်တွေကြားမှာပါသွားမှ ဟုတ်နေဦးမယ်"

"အဲလိုမဖြစ်ပါဘူး ကက်ရယ်။ စိတ်ချ ... ကိုယ်က ကက်ကိုချစ်လို့ ဒီလောက်ထိ စွန့်စားခဲ့တာလေ။ နည်းနည်းလေး စိတ်ရှည်ပါကွာ"

သူ့စကားကြောင့် ကက်က ဘာမှဆက်မပြောတော့ဘဲ နှုတ်ဆိတ်ကာ ကုတ္တိုတ္တန်းတွေကိုသာ ငေးလို့ကြည့်နေ လသည်။

ဒီအချိန်မှာ သူဟာ အနားမှာ ကက်ရှိနေလို့ ပျော်ရွှင်နေရပေမယ့် တစ်ဖက်ကလည်း သူတို့ကို သူငယ်ချင်းတွေပါလို့ ပြောထားတဲ့ ဘွားရဲ့လုပ်ဆောင်ချက်တွေကြောင့် တော်တော်ကိုစိတ်ဆင်းရဲနေရတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူ့ကို ပဝါတစ်ကမ်း လက်တစ်ကမ်း အကွာအဝေးလောက်ကနေ ခပ်ဆွေးဆွေးမျက်လုံးတို့ဖြင့် ငေးငေး ကြည့်နေလေသော လှလေးလွန်ကိုမြင်လျှင် ရင်ထဲမှာဆို့လာကာ စိတ်က ပိုလို့တောင် ဆင်းရဲသွားလေတော့သည်။

○✦○





လှလေးက နွားစာကြိတ်နေစဉ်မှာ ဒေဝီမကလှလေးရဲ့နွမ်းလျလျ ဖြစ်နေသော မျက်နှာထားကို သတိထားမိစွာဖြင့် အကဲခတ်နေပုံရပါသည်။ ဟန်ဆောင်ပန်ဆောင်ဖြင့် ပြုံးထားရတာကိုလည်း တကယ်ကို စိတ်ကုန်လှပြီ။ ကိုကိုချစ်ဟာ အခုဆို အတော်ကို ပြုံးရွှင်နေတာကို မြင်နေရတာကြောင့် လှလေးအတွက် ပိုပြီးတော့တောင် တိုးလို့ခံစားရပါသည်။

"လှလေးမ ... ညည်း အမှန်အတိုင်း ပြောစမ်းပါအေ။ မြို့သားက နင့်ကို အသည်းခွဲလိုက်တယ်မှလား"

"မဟုတ်ပါဘူးဆိုဟယ်။ ညည်းတို့ကလည်း သိပ်စပ်စုတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် အခုပါလာတဲ့ ဟိုမြို့သူက ဘာလဲ"

"ပြောပြီးပါပကောလေ။ အဲဒီမြို့သူက ကိုကိုချစ်ရဲ့သူငယ်ချင်းပါဆို"

လှလေးက ပြောသာ ပြောလိုက်ရတယ်။ ရင်ထဲကတော့ တကယ့်ကို နေမထိထိုင်မသာပင်ဖြစ်သည်။ ကိုကိုချစ်တစ်ယောက်ကတော့ အခုလောက်ဆို ဟိုမိန်းမနဲ့ ပျော်လို့ပါးလို့ ရှာကိုလည်ပတ်နေလောက်ပြီပေါ့လေ။

ဘာပဲဖြစ်ဖြစ် လှလေးသည် သည်းခံခြင်းတရားကိုသာ ရင်ထဲထည့်ပြီး လက်သင့်ခံပေးရမှာဖြစ်သည်။ အဘွားပြောတဲ့စကားကို နားထဲမှာ ပြန်ကြားယောင်မိကာ ခဲဖြတွေး၊တွေးပေးလိုက်ပါသည်။

"ကက်သရင်းလို မိန်းကလေးမျိုးက အပေါ်ယံ အချိုဓာတ်ကိုသာ သဘောကျတတ်တဲ့ လူမျိုးပဲ။ သူ ဘယ်လိုနည်းနဲ့မှ အချစ်ကို လက်ထပ်မှာမဟုတ်ဘူး။ သူဟာ ဘွားဘွားတို့မိသားစုထဲကို ဝင်ဆန့်မယ့်သူ မဟုတ်ဘူး။ ဘွားဘွား





ဘက်က မြေးမလေးကို တောင်းပန်ချင်တာကတော့ မြေးလေးကို စိတ်ရှည်ပေးပြီး ခွင့်လွှတ်ပေးဖို့ပါပဲ။ သူက အလိုလိုက်ခံထားရတော့ ဆိုးတယ် လှလေး။ ဘွားဘွားကတော့ မြေးမလေးကိုပဲ မြေးလေးနဲ့ စိတ်ချတယ်"

ဟူး ... ကိုကိုချစ် တစ်ယောက်ကတော့ဖြင့် လှလေးရဲ့အချစ်တွေကို ဘယ်တော့မှ တန်ဖိုးထားတတ်မလဲ မသိတော့ပါ။

"ဟယ် ... လှလေးရေ။ ပြောရင်း ဆိုရင်း ဟိုမှာတော့ ညည်းဆီ ကိုကိုချစ်ကြီး လာနေတယ်"

ဒေဝီ့စကားကြောင့် အဝေးသို့ မျှော်ငေးကြည့်လိုက်လျှင် ဘယ်တော့ကြည့်ကြည့် ကျက်သရေရှိစွာ လှပနေသော မြို့သားက တစ်ယောက်တည်း လှလေးဆီသို့ ရောက်လာလေသည်။

"ဒေဝီ ... ကျွန်တော် လှလေးနဲ့ ပြောစရာရှိလို့ ခဏရှောင်ပေးပါလား"

"အင်း ... ဟုတ် ... ကဲ့။ ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဒေဝီက လှလေးကို မျက်ရိပ်ပြကာ ထွက်သွားလေ
တော့မှ မြို့သားက လှလေးကို တစ်ချက်ကြည့်လေသည်။ ပုံမှန်
အားဖြင့်ဆိုရင် ဒီမြို့သားကို စိတ်နာရမှာ ဖြစ်သော်လည်း လှလေး
မှာတော့ အင်မတန် ဝင့်ကြီးလှစွာ လုံးဝစိတ်မနာနိုင်၊ သံယောဇဉ်
မပြတ်နိုင် ရှိနေပေသည်။

"ဘာတုံးတော်"

"ဟို ... ဒီလိုပါ လှလေး။ အခုဆို ရွာထဲက မင်းတို့
သူငယ်ချင်းတစ်စုက ကက်သရင်းကို သိပ်လိုလားပုံမရဘူး"

"အလိုတော် ... အဲဒါ ကျုပ်က ဘာလုပ်ရမှာလဲ။ အဲဒါ
ကျုပ်နဲ့ မဆိုင်ဘူးနော်"

"ဟုတ်ပါတယ်။ ဟုတ်ပါတယ်။ ဟို ... ကိုယ်က အကူ
အညီတောင်းတာပါ။ လှလေးက ဒီမှာ ကွမ်းတောင်ကိုင်
ဆိုတော့ လှလေးက အခြေအနေကို ထိန်းတတ်ပါတယ်။
ဘွားဘွားလည်း ရှိနေတဲ့အခါကျတော့ ကိုယ်က ကက်သ
ရင်းနဲ့ ဒီရွာလေးကို အသားတကျ ရှိတယ်ဆိုတာ ပြချင်





လို့ပါ။ ကိုယ်တို့မြစ်ဆိပ်သွားတုန်းကလည်း ကက်သရင်း
ကို သိပ်ပြီး welcome လုပ်ပုံမရတဲ့ အကြည့်မျိုးနဲ့ဆိုတော့
လေ ကိုယ်က မေတ္တာရပ်ခံတာပါ"

လှလေးသည် အခုမှလာပြီး ယဉ်ကျေးပျူငှာပြနေ
သော မြို့သားကိုကြည့်ကာ အော်မငိုမိအောင် အထူးပင် ထိန်းချုပ်
ထားရတာဖြစ်သည်။ နှုတ်ခမ်းကို ခပ်တင်းတင်း ဖိကိုက်ပစ်လိုက်
ပြီးမှ မြို့သားကို အော်ပြောပစ်လိုက်တော့သည်။

"ကိုကိုချစ် ဒါတော့ သိပ်လွန်သွားပြီ။ ကျုပ်တို့ရွာသူတွေ
ကို မစော်ကားပါနဲ့။ တော်တို့လို မြို့ကြီးသားတွေဟာ
ဒီလိုပဲလား။ တော့်ကက်သရင်းကို ဘယ်သူကမှ မဖော်ရွေ
တာဟာ သူ့စိတ်အတိုင်းပဲ ပြန်တုံ့ပြန်ကြတာ။ ရိုးသားပွင့်
လင်းတဲ့ ကျုပ်တို့လို တောသူတွေက ဟန်မဆောင်ဘူး။
မချစ်ဘဲနဲ့ ချစ်ဟန်မဆောင်ဘူး။ မခင်ဘဲနဲ့ ခင်ဟန်မ
ဆောင်ဘူး။ ရွာသူတွေက တော့်မြို့ကြီးသူကို မခင်လို့နေ
မှာပေါ့။ အဲဒါကို ကျုပ် သွားပြောပေးလို့ မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ... ကိုယ် တောင်းပန်ပါတယ် လှလေးလွန်း။ မင်းရဲ့စိတ် နာကျင်စေဖို့ မရည်ရွယ်ပါဘူး။ အဘွားက မင်းကို သဘောအရမ်းကျနေတဲ့အခါကျတော့ ကိုယ် ရန်ကုန်ပြန်လို့ရအောင် မင်းကို အသုံးချမိသလို ဖြစ်သွားလို့ ကိုယ် တကယ်စိတ်မကောင်းပါဘူး"

"ကိုကိုချစ် ... တော် ပြောလို့ပြီးရင် ပြန်ပါတော့။ ကျုပ်မှာ လုပ်စရာအလုပ်တွေ ရှိသေးတယ်"

"OK ... ကိုယ် သွားလိုက်ဦးမယ်"

လှလေးသည် အရမ်းကို ဝမ်းနည်းလာ၍ကာ စိတ်နာနာဖြင့် နွားစာကိုပဲ ဖိစဉ်းနေလိုက်သည်။ လှလေးကို တစ်စက်ကလေးမှ မချစ်ခဲ့တဲ့ ကိုကိုချစ်ဟာ တကယ်ကို စိတ်နာချင်စရာကောင်းတဲ့ မြို့သားပင် ဖြစ်ပါသည်။

○✦○





"မြေးရေ ... ဒီနေ့ ရွာဦးကျောင်းက ဆရာတော်ကို ဆွမ်းကပ်မယ်။ ပြီးရင် ကက်သရင်းကိုပါ တို့ဘိုးဘွားအစဉ်အဆက် လုပ်ကိုင်လာတဲ့လယ်တွေ လိုက်ပြရမယ်။ အဆင်သင့်လုပ်ထားကြနော်"

အဘွား အဲဒီလို စကားစလိုက်တာနဲ့ သူဟာ ကက်ရဲ့မျက်နှာကို အပြေးအလွှား အကဲခတ်လိုက်လျှင် ကက် တစ်ယောက် တော်တော်သည်းခံနေရတယ်ဆိုတာ သူ သဘောပေါက်လိုက်သည်။ အဘွားတစ်ယောက်ဟာဖြင့် ကက်ကို ရေရေလည်လည် မောင်းနေတာဖြစ်သည်။ ဟင်းချက်၊ ထမင်းချက်ကူခိုင်း၊ ထော်လာဂျီနဲ့ ပဲခင်းတွေဆီလိုက်ပြ၊ တမျှော်တခေါ်ဝေးတဲ့ လယ်ခင်းတွေထဲ ခေါ်သွားဖို့ ကန်သင်းရိုးကနေသွားခိုင်း စသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အမျိုးစုံ ခိုင်းနေတာဖြစ်သည်။ ဒါတွေဟာ ဒီရွာသူတစ်ယောက် ဖြစ်တဲ့သူအတွက်တော့ easy ဖြစ်ပေမယ့် ကက်အတွက်ကတော့ လုံးဝ စိတ်ပျက်စရာတွေဆိုတာ သူ ကောင်းကောင်းသိသည်။

"please အဘွား။ ကက် စကားနည်းနည်း ပြောပါရစေ"

မထင်မှတ်ဘဲနဲ့ မနက်စာဝိုင်းမှာ ကက်က အဘွားကို ပေါ်တင်ပြောနေလျှင် သူက မျက်လုံးပြူးသွားပြီး ကက်ဟု လှမ်းဟန့်လိုက်လျှင်လည်း မမီတော့ချေ။

"ဘာပြောမလို့လဲ။ ပြောလေ"

"ကက် မနက်ဖြန် ရန်ကုန်ပြန်တော့မယ်။ ကက် ဒီကို လိုက်လာတာ picnic သဘောပါ။ အဘွားခိုင်းတဲ့ မီးဖိုချောင်အလုပ်တွေ၊ နွားစာစဉ်း၊ လယ်စိုက် ကောက်စိုက် အလုပ်လုပ်ရအောင် ကျွန်မက သာမန်ရွာသူတစ်ယောက် မဟုတ်ဘူး။ နိုင်ငံခြားက Bussiness လိုင်းကို မေဂျာယူပြီး ကမ္ဘာနဲ့ ရင်ဘောင်တန်းမယ့်သူပါ အဘွား။ ပြီးတော့ တစ်လက်စတည်း ပြောပါရစေ။ အိမ်စည်ကလည်း သူ





ဝါသနာပါရာ စီးပွားရေးလုပ်ငန်းနဲ့ အောင်မြင်ချင်တဲ့သူမို့ အဘွား သူ့ကို ခွင့်ပြုပေးသင့်ပါတယ်"

ကက်ရဲ့စကားတွေက လုံးဝအပြတ်ပဲ ချလင်းလုပ်နေတာမို့ သူတောင် နည်းနည်းဖြူသွားသလို ခွေကို ခွေညီနှင့် မပုတတို့ကပါ ကက်သရင်းကို တစ်မျိုးသောမျက်လုံးဖြင့် ရှိုးကုန်ကြ၏။

"မင်း ပြန်ချင်တယ်ဆို ပြန်နိုင်ပါတယ် ကက်သရင်း။ ဒါပေမဲ့ အဘွားမြေးကိုတော့ မင်း ပတ်သက်လို့ မရတော့ဘူး။ ဒီရွာလေးဟာ အဘွားတို့မိသားစုရဲ့ အောင်မြေ။ အဘွားတို့မိသားစုတွေကို ကြီးပွားတိုးတက်အောင် စွမ်းဆောင်ပေးနိုင်တဲ့နေရာပဲ။ အိမ်စည်ကိုကိုချစ် တစ်ယောက် ကြော့မော့ပြီး ကမ္ဘာနဲ့ ရင်ဘောင်တန်းချင်တဲ့သူတွေ ကြိုက်လောက်အောင် အရည်အချင်းရှိ သာလွန်နေတာဟာ ဒီရွာရဲ့လယ်မြေတွေ ကျေးဇူးကြောင့်ပဲ။ အဘွားရဲ့မြေးကို လက်ထပ်မယ့် မိန်းကလေးဟာ ဒီရွာကို ချစ်တတ်မှဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်။ ပုပု ... ဘုန်းဘုန်းအတွက် ဆွမ်းချိုင့်စီစဉ်ပြီး ပြီလား။ ငါ လိုက်ကြည့်မယ်"

အဘွားကလည်း စကားကုန်ပြောလိုက်ကာ ထွက်သွားလေလျှင် အလျှိုလျှို ထွက်သွားကြကုန်တာမို့ သူနှင့်ကက်သရင်း နှစ်ယောက်ပဲ ကွပ်ပျစ်မှာ ကျန်ခဲ့လေသည်။ ဘာပဲဖြစ်ဖြစ် ဒီကိစ္စမှာ အဘွားကို သွားချဲလင်းလုပ်တဲ့ ကက်က နည်းနည်းလွန်သည်ဟု သူ ထင်ပါသည်။

"ဘာဖြစ်လို့ သွားပြောလိုက်ရတာလဲ ကက်ရယ်"

"တော်ပြီ ... အိမ်စည်။ ကက် စိတ်လည်းမရှည်တော့ဘူး။ ပြီးတော့ ကိုယ်မလုပ်ချင်တဲ့ အလုပ်တစ်ခုကို အတင်းအဓမ္မ မလုပ်ချင်တဲ့ဆန္ဒကိုချိုးနှိမ်ပြီး လုပ်ရတာကို ဒီထက်ပိုပြီး မခံစားနိုင်တော့ဘူး။ ဒီမှာနေရတာ ကက်အတွက် ဘာမှအဆင်မပြေဘူး။ နေလည်း မနေတတ်ဘူး။ နေလည်း မနေနိုင်ဘူး။ ဒီတော့ ကက် ပြန်တော့မယ်။ အိမ်စည်ကကော ဘယ်လိုလဲ"





"ဘယ်လိုရမှာလဲ ကက်ရယ်။ မင်းကို လက်ထပ်ချင်လို့ အဘွားသဘောကျအောင် ကိုယ် အခုကြိုးစားနေရတာလေ"

"သွားစမ်းပါ။ ရှင်တို့က ကြိုးစားနေတာနဲ့ မတူဘူး။ ကက်ကို ခိုင်းစားချင်နေတာနဲ့ တူတာ"

ဒီစကားတွေ ဆက်ပြောနေပါက အဘွားကြားရင်မပြေသနာက ပိုကြီးသွားမှာ စိုးတာကြောင့် သူက ကက်လက်ကို ဆွဲကာ အမြင်ခေါ်ထုတ်သွားရသည်။ ခပ်လှမ်းလှမ်းဝေးသည့် ကုက္ကိုပင်အောက်ရောက်မှ ကက်နဲ့ မျက်နှာချင်းဆိုင် ရှင်းရတော့သည်။

"ကဲ ... ပြော၊ မင်း ဘာကိုဒေါသဖြစ်နေရတာလဲ"

"အားလုံးပဲ။ ကက် ဒီကိုလိုက်ခဲ့မိတာကိုက ကက်အမှားပဲ။ ရှင့်အဘွားက အဲဒီမှာကတည်းက တို့ကို အထင်သေးသွားပြီ။ ရက်ရှည် picnic တစ်ခုကို ကက် တစ်ယောက်တည်း လိုက်လာရဲတဲ့သတ္တိကို သူက ဘာရာဇဝင်မပေးဘူး။ ဒါပေမဲ့ ယူ တစ်ခုသတိထားဖို့က ကက်သရင်းဟာ တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်း ကမ္ဘာပတ်လာတာ။ ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်တယ်"

"ဟား ... ကက်ရာ၊ မင်းက ကပ်သပ်တွေးတာပဲ။ အဘွား က အဲဒါနဲ့ ပတ်သက်ပြီး ဘာမှမပြောဘူး"

"ဒါပေမဲ့ သိနေတယ်။ အဲဒီတော့ တို့ အပြတ်မေးရတော့ မယ်။ ကက်နဲ့ပဲ ပြန်လိုက်ခဲ့မလား။ ဒါမှမဟုတ် ကက် တို့ လမ်းခွဲကြမလား"

"Stupid ... မင်း ဘာဖြစ်နေတာလဲ ကက်သရင်း။ လက် ထပ်တယ်ဆိုတာ အသိုင်းအဝိုင်းနှစ်ခု ပေါင်းစည်းခြင်းပဲ လေ။ ဒါ ကိုယ့်အသိုင်းအဝိုင်းလေ။ မင်း ဝင်ဆံ့ရမှာပေါ့"

"No ... အဲဒီကတည်းက ယူ့အတွေးအခေါ်တွေ မှားနေ ပြီ။ လက်ထပ်တယ်ဆိုတာ အသိုင်းအဝိုင်းချင်း ပေါင်းတာ မဟုတ်ဘူး။ လူနှစ်ယောက်ရဲ့စိတ်ဆန္ဒချင်း ပေါင်းစည်း တာ။ ကာယကံရှင်နဲ့ပဲ ဆိုင်တယ်။ အိမ်စည်သာ ကက်ကို လက်ထပ်ချင်ရင် အခုချက်ချင်း တရားရုံးသွားလို့ရတယ်။





ဒါပေမဲ့ အိမ်စည်က ကက်ကို လက်ထပ်ချင်တာထက် ဟို လှလေးလွန်ကို မလိုချင်လို့ မရှိသုံး သုံးနေရတဲ့ပုံစံဖြစ်နေ တယ်။ အဲဒါကိုက ကက်အတွက် ဖီးလ်ဖြစ်စရာ ဖြစ်နေ တယ်"

အိမ်စည်က စိတ်ပျက်စွာဖြင့် နှုတ်ခမ်းကို တစ်ချက် တွန့်ကွေးကာ ကျစ်ခနဲ စုပ်သတ်လိုက်မိသည်။ အဲဒါကတော့ ကက်ဟာ သက်သက်မဲ့ ရစ်တာလို့ သူ ယူဆပါသည်။

"ဘာမှမဆိုင်ဘူး ကက်။ အဲဒါ မင်းဘာသာမင်း ဖြစ်နေ တာ"

"ဟား ဟား ... မြို့ကြီးသားကတော့ အရမ်းကို ရုပ်ရှင် တွေ ရိုက်တာပဲနော်"

သူက အဲဒီအသံကြောင့် ကြည့်လိုက်မိလျှင် ထန်း ရည်မူးနေဟန်တူတဲ့ ရွာသားသုံးယောက်ကို တွေ့ရလေသည်။ သူက မူးနေတဲ့လူနဲ့ မကွိုင်ချင်သလို ဒါက သူ့အပိုင်မဟုတ်တာ ကြောင့် အေးဆေးလုပ်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်းတို့ ... ဘယ်သွားမလို့လဲ။ အေးဆေးပေါ့"

"ဘာ ... မှ မအေးဆေးဘူး။ မင်းကို ကြည့်မရတာကြာပြီ။ ရန်ကုန်သား အေ့ ... မင်း ... မင်းက ဘာလဲကွ၊ မိန်းကလေးတွေနဲ့ သိပ်ခြေရှုပ်နေတယ်ပေါ့ ... ဟုတ်လား။ မင်း ရောက်လာကတည်းက ငါတို့တွေဆိုတာ သုံးမရကောင်တွေ ဖြစ်သွားပြီ။ မင်း ဘာကောင်လဲ ... ဟေ့ကောင်"

ဟား ... အရေးထဲကွာ။ ပလပ်ကျွတ်တွေနဲ့ လာတိုးနေသေးတယ်။ အိမ်စည်က ဒီမှာ ပြဿနာက ရှင်းလို့မပြီးသေးတာမို့ ဒီပလပ်ကျွတ်တွေကို ရှော်ပစ်လိုက်ရသည်။

"ဘရာသာတို့ ... အေးဆေးပေါ့ဗျာ။ မူးနေပြီ ထင်တယ်။ အေးဆေး ကိုယ့်လမ်းကိုယ်သွားပါဗျာ"

"ဘာလဲကွ ... မင်းက ကြောက်လား။ ရန်ကုန်သားဆိုတာ ကြောက်ပဲကွ"

"ဟာ ... တောက် ... ကြောက်သလား မကြောက်သလား ကြည့်လိုက်ကွာ"





သူက ဒေါသကို ဘရိတ်ဖမ်းလို့ မရတော့ဘဲ ငနဲသားကို လက်သီးဖြင့် ထိုးလိုက်လျှင် နောက်တစ်ယောက်က သူ့ကို ပြန်ဖဲ့သည်။ နှစ်ယောက်နဲ့သူက ဖိုက်နေတုန်း နောက်တစ်ဘဲက သစ်သားတုတ်တစ်ချောင်းကို ဆွဲယူလာကာ သူ့ခေါင်းကိုဝင်ရိုက်ချိန်မှာ သူ့ရဲ့နောက်ကျောကို ဆောင့်တွန်းခံလိုက်ရလေသည်။

"ကိုကိုချစ်"

အဲဒီအော်သံက သူ့နားထဲသို့ ဆူညံပွက်လောရှာ ဝင်ချလာလျှင် သူဟာ အလန့်တကြား နောက်ပြန်ကြည့်လိုက်လျှင် မြေပြင်ပေါ်သို့ ပစ်လဲကျသွားသည့် လှလေးကို တွေ့လိုက်ရလေသည်။ သူက လှလေးကို အပြေးပွေ့ကာ လှုပ်နှိုးခေါ်ချိန်မှာ အဘွားတို့ကပါ သူတို့နားဆီသို့ ရောက်လာလေသည်။

"လှလေး ... ဟေ့ ... လှလေး"

သူက လှလေးကို အသည်းအသန် လှုပ်နှိုးလေတာကြောင့် မျက်လုံးမပွင့်တပွင့်ဖြင့် သူ့ကို ငေးကြည့်ရင်းက တိုးသက်သာစွာ စကားတစ်ခွန်း ပြောလေသည်။



www.burmeseclassic.com

"တော့်ကို ... သိပ်စိတ်နာတယ်"

သူမရဲ့ဖက်က တစ်ဖက်ကို ကျိုးကျသွားလေသည်။ သူ့လက်ထဲက ပူနွေးသော သွေးစတွေဟာ ရုတ်တရက် အေးစက်သွားသလို ခံစားလေသည်။ သူ့လက်ထဲက လှလေးကို ဘယ်သူတွေက ပွေ့ချီခေါ်သွားသလဲတော့ မသိပါ။ သူ့အတွက် ခေါင်းဝင်ခံပေးတဲ့ လှလေးက နောက်ဆုံးစကား ပြောသွားတာဟာ သိပ်စိတ်နာတယ်တဲ့။

အဘွားက သူ့ရဲ့အင်္ကျီစကို ဆောင့်ဆွဲကာ ထုရိုက်ပြောသော အသံတွေက ဟိုးသွားလိုက်၊ ကျယ်သွားလိုက်။

"လှလေး တစ်ခုခုဖြစ်သွားလို့ကတော့ မင်းကို ငါဘယ်တော့မှ ခွင့်မလွှတ်ဘူး အချစ်။ အဲဒါတွေ အားလုံးဟာ မင်းကြောင့် ... မင်းကြောင့်"

သူဟာ ရုတ်တရက် အသိဉာဏ်ပျောက်သွားသလို ခံစားရလေသည်။ ဘာမှမဖြစ်တဲ့ အခြေအနေလေးတစ်ခုကနေ ကြီးကြီးမားမား ဖြစ်သွားရတဲ့ အခြေအနေကဖြစ်လို့ သွားခဲ့ချေပြီ။





သူ့အနားက လူအလှိုလှို အားလုံးဟာ လှလေးဆီကိုသာ စိုးရိမ်တကြီး သွားကုန်ကြပြီ။ ဘာတွေဖြစ်သွားတာလဲ။ ဘာတွေ ဖြစ်ကုန်သွားတာလဲကွာ။ သူဟာ ခဏလေးဖြစ်ပျက်မှု အပေါ်ကို သက်ရောက်သွားတဲ့ အကျိုးတရားတစ်ခုကို ဘယ်လိုမှ လိုက်လို့မမီနိုင်တော့ချေ။

သူ့နားထဲမှာတော့ စိတ်နာတယ်ဆိုတဲ့ စကားလုံးကသာ ကြီးစိုးနေတာဖြစ်သည်။

○ ✦ ○



www.burmeseclassic.com

www.burmeseclassic.com



## ၁၅

အဖြစ်အပျက်များရဲ့ ဇာတ်သိမ်းခန်းကို တင်ပြရမယ်ဆိုရင်တော့ ခေါင်းကို ထိခိုက်ဒဏ်ရာ ရသွားသော လူလေးဟာ ဘာမှကြီးကြီးမားမားလဲ ဖြစ်မသွားခဲ့ပေ။ ရုပ်ရှင်တွေ ဗီဒီယိုတွေ ဝတ္ထုတွေ ထဲကလို ခေါင်းထိပြီးလည်း အတိတ်မေ့မသွားခဲ့ပါ။ အားလုံးဟာ normal ဖြစ်သွားပေမယ့် သူ့ကိုတော့ ရုပ်ရှင်တွေထဲကအတိုင်းလို အတိတ်မမေ့ခဲ့ပေမယ့် လုံးဝ black-list လုပ်ပစ်လိုက်တာဖြစ်သည်။ သူ့ကို ခပ်တန်းတန်းဆက်ဆံကာ ဟိုးအရင်လို စကားလည်း များများမပြောတော့ပေ။





ပြီးတော့ ကက်သရင်း။ သူမကတော့ သူမဆုံးဖြတ်ချက်ကို ပြင်ဆင်ခြင်းမရှိစွာ၊ ညှာတာခြင်းမရှိစွာ အဲဒီနေ့ နေ့လယ်ခင်းမှာပဲ လက်ဂ်ဂေ့ချ်ဆွဲ၍ ပြန်သွားပြီ ဖြစ်တာကြောင့် ဇာတ်လမ်းက အဲဒီမှာ ပြတ်သွားတာဖြစ်သည်။

ပြီးတော့ အဘွားက သူ့ကို တော်တော်စိတ်ဆိုးသွားပုံရပါသည်။ သူ့ကိုကြိုက်တာလုပ်ဆိုတဲ့ ပါမစ်နဲ့ လုံးဝလျစ်လျူရှုလိုက်ပုံရ၏။

အားလုံးရဲ့ဇာတ်လိုက်ကျော် သူကတော့ အကောင်းဆုံး ဥပမာတစ်ခုနဲ့ သူ့ကိုယ်သူ နှိုင်းယှဉ်တင်ပြရမည်ဆိုရင် မျောက်သစ်ကိုင်းချောက်လွတ်တယ်လို့ပဲ တင်ပြရလေမည်။ အများနဲ့မသက်ဆိုင်သော သူတစ်ယောက်အဖြစ် သူဟာ ရွာမှာလုံးဝဆက်မနေချင်တော့တာကြောင့် အဘွားကို ကတိတွေပေးကာ ရန်ကုန်ကို ပြန်လာခဲ့သည်။

သူ ပေးခဲ့တဲ့ ကတိကတော့ ရိုးရိုးလေးပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘွား စိတ်ချပါ။ သား ဘွားသဘောမတူတဲ့ ကက်သရင်းကိုလည်း လက်မထပ်တော့ပါဘူး။ ဘွားသဘောတူတဲ့ လှလေးလွန်ကိုလည်း လက်မထပ်ပါဘူး။ ပွဲရုံကို သား သေချာဦးစီးလုပ်ကိုင်ပါ့မယ်။ သားရဲ့စိတ်တွေအားလုံးကို ဘွားဘွားရဲ့ပွဲရုံအပေါ်မှာ နှစ်ထားပါ့မယ်"

အဲဒီကတိနဲ့အတူ သူဟာ သူချစ်တဲ့ ရန်ကုန်မြို့ကြီးကို ရောက်လာခဲ့ပြီဖြစ်သည်။ အဘွားကတော့ ရွာမှာပဲ နေခဲ့ဦးမယ်ဆိုပြီး ကျန်နေခဲ့လေသည်။ ဒီကြားကာလတွေမှာ သူဟာ ဘာကိုလွမ်းရမှန်းမသိ လွမ်းတော့လွမ်းနေတာဖြစ်သည်။ လှလေးလွန်ရဲ့ သိပ်စိတ်နာတယ်ဆိုတဲ့ စကားက သူ့ကို ဟတ်ထိသွားစေသလားတော့ သူ မသိပါ။ လူဆိုတာ ပြေးရင်လိုက်တယ်၊ လိုက်ရင်ပြေးတယ် ဆိုတဲ့ စကားဟာ မှန်နေလားတော့ မပြောတတ်ပါ။

သူ့ကို သိပ်ချစ်တဲ့ ရိုးသားပွင့်လင်းတဲ့ တောသူမလေးရဲ့အချစ်ဟာ သူ့အတွက် ရှက်စရာ သိမ်ငယ်စရာ ဖြစ်နေ





တယ်လို့ ယူဆတာကြောင့် သူဟာ ချစ်လည်းမချစ်ခဲ့၊ အထင်လည်း မကြီးခဲ့ပေ။ သူ့ကိုသိပ်ချစ်တဲ့ သူမက အခု လုံး၀ သူ့ကို Blacklist လုပ်ထားလေလျှင် သူဟာ နည်းနည်းတော့ နေမထိ ထိုင်မသာ ဖြစ်ခဲ့ရ၏။ ဒါပေမဲ့ အဲဒါဟာ အချစ်လို့တော့ ခေါင်းစဉ်တပ်လို့ မရပေချေ။

"အစ်ကိုလေး … ဖုန်းလာတယ်"

သူက ဖုန်းကိုချက်ချင်း ယူမကိုင်သေးဘဲ ဘယ်သူလဲဆိုတဲ့ သဘောဖြင့် မေးဆတ်ပြလိုက်လေလျှင် ပါကျဲက ခေါင်းအသာယမ်းပြကာ …

"အဲဒါတော့ မပြောဘူး အစ်ကိုလေး။ အစ်ကိုလေးနဲ့ပြောချင်လို့ပဲပြောတယ်"

"ဟင် … ကဲ … ပေး … ပေး"

သူက ပါကျဲ့လက်ထဲက ဖုန်းကိုယူလိုက်ကာ ဖုန်းနားထောင်လိုက်သည်။

"ဟယ်လို"



www.burmeseclassic.com

www.burmeseclassic.com



"မြို့သားလား။ ကျုပ် လှလေးပါတော့"

လှလေး။ သူဟာ အဲဒီစကားသံကြောင့် ခပ်လျော့လျော့ ထိုင်နေရာကမှ ဆတ်ခနဲ ထိုင်မိသွားသည်။ ဒါဟာ အရမ်းကို ထူးဆန်းလေသည်။

"လှလေး ... လှလေး ပြောပါ"

"မြို့သားကို အဘွားအေးက မေးခိုင်းလို့ ဆက်ပေးရတာ။ ဘွားအေးက မေးနေတယ်။ တော် ရန်ကုန်မှာ ရည်းစား ရနေပြီလားတဲ့"

သူဟာ အဲဒီမေးခွန်းအတွက် အသာရယ်မိသွားသည်။ ဒီမေးခွန်းက အဘွားသိချင်တဲ့အဖြေရှိမယ့် မေးခွန်းဖြစ်လိမ့်မည်။ ဒါပေမဲ့ ဒါ အဘွားမေးတာ မဟုတ်ဘူးဆိုတာ သူသိနေသည်။ ဒါပေမဲ့ ဟန်မပျက်ပင် ဆက်ဖြေပေးလိုက်သည်။

"ကိုယ် ရည်းစား လုံးဝမထားတော့ဘူးလို့ ဆုံးဖြတ်လိုက်ပြီလို့ အဘွားကို ပြောထားပြီးသားပါ။ အဲဒီကတိကို ကိုယ်က တည်ပါတယ်လို့"





"ဟုတ်လား။ အဲဒါဆိုရင် တော့ကို ဖိတ်စရာပွဲတစ်ပွဲရှိတယ်။ လာမယ့် တနင်္ဂနွေမှာ ကျုပ်တို့ရွာမှာ ကျုပ်လုပ်မယ့်ပွဲရှိတယ်"

"မင်္ဂလာဆောင်တော့ မဟုတ်လောက်ပါဘူးနော် လှလေး"

"ဒါ တော်မေးရမယ့်အပိုင်း မဟုတ်ပါဘူး။ ကျုပ်ပြောတာကိုသာ နားထောင်ပါ။ တနင်္ဂနွေနေ့ကျရင် ကျုပ်မွေးနေ့။ ဘွားအေးက တော့်ကိုပါ ဖိတ်ခိုင်းလို့။ လာတာ မလာတာ တော့်အပိုင်းပဲ။ အဲဒါ လှမ်းပြောတာ ဒါပဲ"

ဘာပဲဖြစ်ဖြစ် ဒါဟာ ကောင်းသောအလားအလာတစ်ခုကို ကိုယ်စားပြုတယ်ဆိုတာ သဘောပေါက်တာကြောင့် လှလေး ဖုန်းမချခင်မှာ သူဟာ အသည်းအသန် လှမ်းမေးရလေသည်။

"ဟေ့ ... ဟေ့ ... ခဏ ... ခဏ ... လှလေး"

"ဘာတုံး"



www.burmeseclassic.com

www.burmeseclassic.com



"မွေးနေ့ရှင်က မင်းဆိုတော့ တစ်ခုလောက် မေးပါရစေ။ ကိုယ်လာရမှာလားဟင်။ အဘွားက ဖိတ်ခိုင်းလို့ဆိုတာထက် မွေးနေ့ရှင်က ဖိတ်လို့လာတာက ပိုကောင်းတာပေါ့။ ဟုတ်ဖူးလား"

သူ့ရဲ့ခပ်ညုညုစကားကြောင့် ဟိုဘက်က ခဏတော့ အသံတိတ်သွားလေသည်။ ပြီးတော့မှ ခပ်ပြတ်ပြတ် စကားတစ်ခွန်းပြောကာ ဖုန်းချသွားလေတော့သည်။

"ဖိတ်တယ်။ လာခဲ့"

အိမ်စည်က သဘောကျစွာဖြင့် ဟားခနဲ တစ်ချက်ရယ်မိကာ အကြာကြီး ပြုံးနေမိသွားသည်။ အခုအချိန်မှာ သူ့ရင်ထဲ၌ ချစ်တာ မချစ်တာဆိုတဲ့ ခံစားမှုထက် ပျော်ရွှင်စရာဗီလင်တစ်ခုက ရင်ထဲကို အလိုလို ဝင်ရောက်လာလေသည်။

ဒါဟာ သူ့အတွက် နောက်ဆုံးအခွင့်အရေးလို့ သူကတော့ ယူဆလေသည်။ သူ ဒီမွေးနေ့ပွဲကို သွားခဲ့ရင် လုလေးဟာ သူ့ဘဝအတွက် ရွေးချယ်လိုက်တဲ့လူအဖြစ် သူ သတ်မှတ်





ရလေသည်။ အချိန် ငါးရက်ရသေးသည်။ ဒီငါးရက်ဟာ သူ့အတွက်တော့ အသေအချာ စဉ်းစားရမယ့် နှလုံးသားစွန့်စားခန်းတစ်ခုပင် ဖြစ်ပါသည်။

○✦○



www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်လို့ ပျို့
ကြွင်နှာလို့ ယုံ
ထာဝရမြတ်နိုးပါရစေ
အို ... ချစ်တဲ့မြို့သားအစ်ကို။

နှလုံးသားလယ်မြေ
အချစ်ပျိုးကြဲ၍
သံယောဇဉ်မြေဩဇာကိုထည့်ပါ
အချစ်များ ဆထက်တပိုး တိုးပါရစေ
အို ... ချစ်တဲ့မြို့သား အစ်ကို။ ။
အဝေးမခြားကမ္ဘာ

www.burmeseclassic.com

www.burmeseclassic.com



အနီးနားမှာ

တစ်ဖဝါးမှ မခွာ

နေခွင့်ပေးပါ

တောင်းဆုပြုကြို

အို ... ချစ်တဲ့မြို့သား အစ်ကို။ ။

○✦○





## ၁၆

အိမ်စည်သည် ရွာထိပ်မှာ ကားကိုရပ်လိုက်ကာ ကားပေါ်က ဆင်းလိုက်သည်။ ဒါဟာ တတိယအကြိမ်မြောက် ဒီရွာကလေးကို ရောက်လာခြင်းပင်ဖြစ်သည်။ ဒါပေမဲ့ အရင်နှစ်ခေါက်နဲ့ ခြားနားစွာ ဒီတစ်ခါမှာတော့ သူ့ကိုကြိုမယ့်သူ မရှိချေ။ မရှိတာမှ တကယ်ကို တစ်ယောက်ဆို တစ်ယောက်မှ မရှိတာဖြစ်သည်။ သူ ဒီနေ့လာမယ်ဆိုတာကိုလည်း ပြောထားပြီးသားပါ။

အိမ်စည်က အဘွားရဲ့ဖုန်းကို လှမ်းခေါ်လိုက်သည်။ ဖုန်းက လိုင်းမဝင်ချေ။ ရွှေကို့ဖုန်း ခေါ်ပြန်တော့ မအားသေးပါတဲ့။ အဲဒါနဲ့ သူဟာ လှလေးရဲ့ဖုန်းကိုပဲ လှမ်းခေါ်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို ... လှလေးလား"

"ဟုတ်ပတော်။ ဘယ်သူတုံး"

"ကိုယ် အိမ်စည်ပါ။ မင်းတို့ရွာထိပ်ကို ရောက်နေပြီကွ။ လာမကြိုဘူးလား။ အဘွားဆီကိုလည်း ဖုန်းကဆက်လို့မရဘူး"

"ဟင် ... တကယ်ရောက်နေတာလား။ လာပြီ ... လာပြီ၊ ကျုပ်လာပြီ၊ ခဏပဲစောင့်"

လှလေးက ပြောပြီး ဖုန်းချသွားလျှင်၊ အိမ်စည်က ကားပေါ်မှာပဲ ထိုင်စောင့်နေလိုက်သည်။

ခဏ အကြာမှာတော့ ဖုန်တသောသောလမ်းမှာ ကိုယ်တိုင်လှည်းမောင်းလာသော လှလေးက သူ့ဆီ အပြေးအလွှားပင် ရောက်ချလာလေသည်။

"အရမ်း တောင်းပန်ပါတယ်တော်။ တော့်ကို ကျုပ်တို့က မလာလောက်ဘူး ထင်ထားတာ။ ကဲ ... လာ ... ပစ္စည်းတွေ လှည်းပေါ်တင်လိုက်မယ်လေ"





အိမ်စည်က သူ့ကျောပိုးအိတ်ကို လှည်းပေါ်တင်လိုက်ပြီး နောက်မှာ လှလေးလွှန် အတွက် special ပြင်ဆင်လာသော ဘတ်ဒေးကိတ်မုန့်ပါဆယ်ဘူးကြီးကို ထုတ်လိုက်လျှင် လှလေးက အဲဒီဘူးကြီးကို စပ်စုဟန်ကြည့်ကာ ...

"အဲဒါက ဘာတုံးတော့"

"ဒါလား ... ဒါက လှလေးအတွက် မွေးနေ့ကိတ်လေ။ Eldorado ကနေ တကူးတကကို မှာထားရတာနော်"

"တကယ်"

လှလေးက အံ့အားတသင့်ပုံစံဖြင့် သူ့ကို ငေးကြည့်ပြီးမှ မျက်နှာတစ်ချက်မဲ့လိုက်ကာ ...

"တော်ပါပြီ မြို့သားရယ်။ တော်တို့မြို့သားတွေ စကားက ယုံချင်စရာ မကောင်းတော့ပါဘူး။ တော် ... ကျုပ်ကို ဘာတွေများ ဟန်ဆောင်လိမ်ညာဦးမလို့လဲ"

"ဟင်း ဟင်း ... ကိုယ်ဒီတစ်ခါပြန်လာတာ မင်းကို မေးစရာရှိလို့ပါ လှလေး။ အခုချိန်မှာ လှလေး ကိုယ့်ကိုစိတ်နာနေဆဲပဲလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



သူက ရင်ထဲက အသိချင်ဆုံး မေးခွန်းတစ်ခုကို မေးကြည့်မိသောအခါ လှလေးက မှုန်ကုပ်ကုပ် မျက်နှာထားဖြင့် သူ့ကို ပြန်မေးသည်။

"တော် ကျုပ်ကို ဘာကိစ္စ ဒီစကားတွေ မေးနေရတာလဲ"

"အကြောင်းရှိလို့ပေါ့ လှလေးရယ်။ အမှန်အတိုင်း ဝန်ခံရရင် ကိုယ် ရွာကပြန်သွားပြီးကတည်းက ကိုယ့်စိတ်တွေ လှလေးဆီမှာ ကျန်နေခဲ့တယ်။ ကိုယ် ထင်တယ်၊ ဒီရွာလေးဟာ ကိုယ့်ကို တကယ်လွမ်းစေတယ်"

သူ့စကားကြောင့် လှလေးက မျက်လုံးတစ်ချက် လှန်ကြည့်သည်။ သူပြောတဲ့စကားတွေကို သိပ်ပြီးယုံဟန်တော့ မပြပေ။ အေးပေါ့လေ ... သူ့ပုံစံကလည်း ဘာကိုမှ အလေးအနက် မရှိတဲ့ ပေါ့ပျက်ပျက်မို့ မယုံတော့တာ ဖြစ်နိုင်တာပဲ။ ဒါပေမဲ့ ဒီငါးရက်အတွင်းမှာ သူဟာ ရွာကို လုံးဝပြန်မသွားဘူးလို့ စိတ်တင်းထားပေမယ့် သွားချင်တဲ့စိတ်တွေက အထူးကြီးစိုးနေတာမို့ ဒါဟာ သေချာခြင်းတစ်ခုအဖြစ် သူက လက်သင့်ခံစွာ ဒီရွာကို ပြန်လိုက်လာခဲ့တာဖြစ်သည်။





"ဒီမယ် ... မြို့သား၊ တော်က ကျုပ်ကို သိပ်အထင်သေးတာပဲနော်။ ခုဆီထမင်း ခုစာကလေးကြော်တိုင်း ကျုပ်က လက်သင့်ခံရမှာလား။ ကျုပ်က တောသူဆိုပေမယ့် ကွမ်းတောင်ကိုင်၊ စာတတ်ပေတတ်ပါတော့"

အိမ်စည်က သဘောကျစွာ ပြုံးမိသွားသည်။ ပြီးတော့မှ သူက ဘာမှဆက်မပြောတော့ဘဲ ကိတ်မုန့်ဘူးကို လှည်းပေါ်တင်လိုက်ပြီး ...

"ပေး .. လှလေးလွှန်၊ သွားလို့ရပြီနော်"

သူမက မျက်စောင်းတစ်ချက် ထိုးလိုက်ပြီး ထဘီတိုတိုတောင်စွန့်စကိုဆွဲကာ လှည်းပေါ်သို့ လွှားခနဲခုန်တက်၍ အေးအေးဆေးဆေးပင် လှည်းမောင်းထွက်လာခဲ့လေတော့သည်။ သူဟာ လှည်းလမ်းကြောင်းတစ်လျှောက်မှာ တစ်ခါသေဖူး ပျဉ်ဖိုးနားလည်သူလို လှည်းရဲ့တိုင်တွေကို ခပ်တင်းတင်း ကိုင်ထားရင်းက ပတ်ဝန်းကျင်ကို ငေးနေမိလေသည်။ ကွင်းပြင်ကြီးထဲက နွားကျောင်းသားတစ်စု ကျောင်းနေသော နွားတွေကို လှမ်းမြင်နေရ



www.burmeseclassic.com

www.burmeseclassic.com



လျှင် အိမ်စည်သည် နွားရိုင်းကြီးဇော့မှာစီးလို့ သူမနဲ့အတူ ပြေးခဲ့ရတဲ့အဖြစ်ကို မြင်ယောင်မိလျှင် ပြုံးမိသွားသည်။

“လှလေး ... ဟိုးမှာကြည့်စမ်း။ နွားတွေ ... ကိုယ်တို့တွေ နွားရိုင်းကြီးဇော့မှာစီးလို့ ထွက်ပြေးခဲ့တာတွေ မှတ်မိသေးလား”

“မသိချင်ပါဘူး။ မှတ်လည်း မမှတ်မိတော့ဘူး”

ခပ်ဆောင့်ဆောင့် အသံနဲ့အတူ လှည်းကလည်း ချိုင့်ထဲအကျမို့ သူက လူ့ဒယိမ်းဒယိုင် ဖြစ်သွားပေမယ့် သတိကြီးစွာ လှည်းတိုင်ကို ကိုင်ထားသောကြောင့် ပြုတ်မကျပေမယ့် သူ့ရဲ့ကိတ်မုန့်ဘူးကြီးကတော့ ဖုတ်ခနဲပင် အောက်ကိုပြုတ်ကျသွားလေတော့သည်။

“ဟား ... ဟား ... သွားပြီ ... ပြုတ်ကျသွားပြီ။ လှလေး ... လှလေး ခဏရပ်ဦး”

အိမ်စည်က မြေပြင်ပေါ်မှာ ဘူးတခြား၊ ကိတ်မုန့်တခြား ဖြစ်သွားရသော ဘတ်ဒေးကိတ်ကြီးကို မြင်ရတာ စိတ်





မချမ်းသာစွာဖြင့် လှည်းရပ်လိုက်တာနဲ့ သူက လှည်းပေါ်က ဆတ်ခနဲခုန်ဆင်းကာ ဖုန်တွေ သဲတွေဖြင့် ညစ်ပတ်ပေပွသွားသော ကရင်မ်သား ကိတ်မုန့်ကြီးကို မကိုင်ရက်တော့ပေမယ့် အဲဒီပြုတ်ကျသွားတဲ့ ကိတ်မုန့်အနားမှာ မျောက်မှိုင်မှိုင်၍ ဆောင့်ကြောင့်ထိုင်နေစဉ်မှာ လှလေးလွန့်က သူ့ဘေးနားသို့ ရောက်လာကာ ...

“ဟယ် ... နှမြောစရာကြီး။ တော်က ကိတ်မုန့်ဘူးကို သေချာမှ မကိုင်တာ၊ နှမြောစရာ ကောင်းလိုက်တာ”

အိမ်စည်က အဲဒီစကားကြောင့် စိတ်ထဲမှာ တင်းခနဲတော့ ဖြစ်သွားရလေသည်။ အဲဒီကိတ်မုန့် ပြုတ်ကျရတာ သူ့ကြောင့်ပဲ ဖြစ်ရသေးတယ်။ နေကပူ ခရီးကပန်းလာရတဲ့ ကြားထဲလာပြီး ဟောက်စားလာလုပ်နေသေးတာမို့ သူကလည်း တစ်စက်ကလေးမှ အကြောမခံစွာဖြင့် ဆတ်ခနဲ ပြန်ထလိုက်ပြီး စိတ်တိုနေတာကြောင့် အသံက ဆောင့်အောင့်ထွက်သွားလေသည်။

“ဟား ... ဪ ... မင်းပဲအပြောကောင်း။ မင်းသာ ချိုင့်ရှောင်ရင် ပြုတ်ကျမလားကွ”



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... စက်တပ်ယာဉ် မဟုတ်ဘူးတော့။ တော်ဟာလေ ဒေါကြီးမောကြီးနဲ့ ပြောလိုက်ရင်။ ကိတ်မုန့်ကြီးမှာ နမြော စရာ"

"အေး ... နမြောရင် ကောက်လာခဲ့ကွာ။ သွားပြီ"

အိမ်စည်က စိတ်တိုတိုနဲ့ တပ်ထားတဲ့မျက်မှန်ကို ခပ်ဆတ်ဆတ် ဆွဲချွတ်ကာ လှည်းပေါ်က ကျောပိုးအိတ်ကိုယူ၍ ကောက်လွယ်ရင်း ရွာထဲကို ကိုးခြောက်ကိုးသုံးရင်း လျှောက်ဝင် လာခဲ့သည်။

"ဟော့ ... ဟော့ ... မြို့သား ... မြို့သား"

အနောက်ကနေ ခလောက်သံတညံညံဖြင့် မြို့သား မြို့သားဟုခေါ်လျှင် သူဟာ လှလေးလွန် တစ်ယောက်တော့ လှည်းယာဉ်ကြီး မောင်းလာကာ သူ့အနောက်က လိုက်လာပြီဆို တာသိရင် လမ်းဘေးသို့ လှူကိုအသာယို့လိုက်ရသည်။ သိတယ်မှ လား ... သူတို့ရွာက နွားတွေက ဘာတွေမှန်းမသိ။ တော်ကြာ သူ့ကို ထငေ့နေမှ ပြေးပေါက်မှားနေဦးမယ်။





"မြို့သား ... လာပါတော်။ တော်ကလည်း စိတ်ချည်းပဲ"

"သွားစမ်းပါ။ ရှေ့ဆိုရင်ပဲ ရောက်ပြီ။ ငါ့ဘာသာလမ်း လျှောက်တာက အန္တရာယ်ကင်းတယ်"

"မြို့သား ... တော် အခုလာတာ ကျုပ်ကို လာချော့တာ မဟုတ်ဘူးလား"

အဲဒီအပြောကြောင့် အိမ်စည်က သူ့ကိုစွေခနဲကြည့် မိသွားသည်။

ပြီးတော့ ဟက်ခနဲ တစ်ချက်ရယ်ကာ ...

"မွေးနေ့လာတာ"

သူ့စကားကြောင့် ဂေါ်လီလုံးဟာ တော်တော်တင်း သွားပုံ ရလေသည်။ နှင်နေသော ဆောင့်ဆောင့်အောင့်အောင့် လေသံဖြင့် သူ့ကို အော်ပြောကာ ရှေ့ကနေ ထွက်သွားလေတော့ သည်။

"နေခဲ့ ... နေခဲ့ ... အဲဒီမှာနေခဲ့။ တော့်ကို ယုံမိတာကိုက ကျုပ်အမှားပဲ"



www.burmeseclassic.com

www.burmeseclassic.com



အိမ်စည်က ခေါင်းကို တွင်တွင်ယမ်းကာ ရယ်ပဲ ရယ်မောနေမိသည်။ ဒီကောင်မလေးဟာ မထင်မှတ်စွာပင် သူ့စိတ်နှလုံးကို ညှို့ငင်သိမ်းပိုက်သွားလေသည်။ အဘွားပြောတဲ့ မယားတော်သူဆိုတဲ့ စကားကို ကြားယောင်မိလျှင် အဘွားစိတ်ချမ်းသာစေဖို့ သူ ချစ်မိသွားတဲ့အတွက် ဒီဝါကျွတ်ရင် မင်းနဲ့ မင်္ဂလာဆောင်ပါရစေ တောကလုံမပျို။

○✦○





"ဒုက္ခပါပဲ အချစ်ရယ်၊ နင် ငါ့ကို ဖော်တော်မျက်နှာပျက်အောင် လုပ်တာပဲ။ မရဘူးဟေ့။ ဒီနေ့ညနေ နင်မွေးနေ့ပွဲမှာ ရှိကိုရှိရမယ် ဒါပဲ"

အဘွားက နောက်ဆုံးဝမ်နင်ပေးကာ အကောင်းဆုံးကီမိုနိုကြီးနဲ့ အလန်းဆင်ကာ ထွက်သွားလေတော့သည်။ ဒီနေ့က လှလေးလွန်ရဲ့ မွေးနေ့ဖြစ်သည်။ သူဌေးသမီး ကွမ်းတောင်ကိုင်အပျိုချော်ရဲ့ ဘတ်ဒေးပါတီဟာ ဂန္ဓဝင်ဆန်စွာ ရွာရှေ့ပိုင်းက ဘုန်းကြီးကျောင်းမှာ ဆွမ်းကပ်ပြီးနောက်မှာ ရွာအရှေ့ပိုင်းက ဘောလုံးကွင်းကြီးထဲမှာ မဏ္ဍပ်ကြီးထိုးကာ ထမင်းရည်ချောင်းစီး မောင်းတီးပြီး မီးခိုးတိတ် တစ်ရွာလုံးကို ကျွေးမွေးဧည့်ခံတာဖြစ်သည်။ ပြီးတော့ စတိုင်လ်ထွင်ကာ ညနေပိုင်းမှာတော့ သူမ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ဗီဒီယိုရုံမှာ ကာရာအိုကေ အခမဲ့ပေးဆိုမှာ ဖြစ်ပြီး အစားအသောက်များဖြင့် ကျွေးမွေးဧည့်ခံဦးမည်ဆိုပဲ။ သူက အဲဒီကြီးကျယ်ခမ်းနားလှသည့် မီးခိုးတိတ်ပွဲကြီးကို မသွားဘူး ငြင်းနေ၍ အဘွားက အကြီးအကျယ် စိတ်ဆိုးကာ နောက်ဆုံး ဝမ်နင်ပေးပြီး အလှူပွဲကို ထွက်သွားတာဖြစ်သည်။

"ကျေးရွာအတွင်း၌ xxx မှီတင်းနေထိုင်ကြပြီးသော xxx အားလုံး သက်ကြီးရွယ်အို xxx လူပျို အပျို xxx ကလေးများ အပေါင်းတို့ xxx အလှူ့အိမ်သို့ xxx ကြွကြပါဗျို့"

Tokyo drift တီးသံလေးနဲ့ "ဗျို့ဟစ်သံ"က တစ်ရွာလုံးကိုကြားအောင် ဖွင့်ထားတာဖြစ်သလို ပြတင်းပေါက်ကနေ လှမ်းကြည့်လိုက်လျှင် အားလုံးက ဒီပွဲကို သွားကြလာကြဖြင့် ခြေရှုပ်နေကြလေသည်။

အိမ်စည်သည် အလှူသွားဖို့ ဟန်ရေးပြင်ကာ ဘောင်းဘီပွပွ အင်္ကျီပွပွဖြင့် ရက်ပ်ပါစတိုင်လ် ထုတ်နေသော ရွှေကိုနဲ့ ရွှေညီကို ကြည့်လိုက်ရင်းက အဲဒီနှစ်ကောင်ကို လက်ယပ်ခေါ်လိုက်ရသည်။





"ရွှေကို ... ရွှေညီ လာဦးကွ"

"ကိုချစ် ... ဘာခိုင်းမလို့လဲ။ ကိုချစ်ကလည်းဗျာ ... လိုက်ခဲ့စမ်းပါဗျ"

"မလိုက်ချင်ပါဘူးကွာ။ မင်းတို့ကလည်း လျှာမရှည်စမ်းပါနဲ့။ ငါမေးတာ အရင်ဖြေဦး"

သူက ခပ်တည်တည်နဲ့ ဟောက်လိုက်မှ သကောင့်သား နှစ်ကောင်က ငြိမ်သွားကာ ဟုတ် ဖြစ်သွားကြတော့သည်။

"ဟုတ် ... ဘာမေးမလို့လဲ ကိုချစ်"

"ဟိုကွာ ... မင်းတို့ဆီမှာ ဘိန်းမုန့်ရောင်းတဲ့ဆိုင်ရှိလား"

"ရှိတယ်လေ။ ဈေးထဲက ဒေါ်ဘုမက ဗမာမုန့်အစုံရောင်းတာ။ ဘာဖြစ်လို့လဲ။ ကိုချစ် စားချင်လို့လား။ သွားဝယ်ပေးရမလား"

"အာ ... နေ ... နေ ... ငါက ဒီနေ့လယ်လောက်ပေါ့ကွာ။ ဘိန်းမုန့် အော်ဒါမှာချင်လို့ကွ။ အကြီးဆုံးဗန်းနဲ့ တစ်ချပ်ပေါ့ ... မှာလို့ရလား"



www.burmeseclassic.com

www.burmeseclassic.com



သူမေးတာကို မဖြေသေးဘဲ ညီအစ်ကိုနှစ်ကောင်က သူ့ကို အံ့သြသလို စိုက်ကြည့်ကာ ပြုံးတိပြုံးကြောင်ပုံစံတွေဖြင့် ခပ်ဖြည်းဖြည်း ခေါင်းညိတ်ပြရင်း ...

"ဟုတ် ... ရတာက ရပါတယ်။ ကို ... ကိုချစ်က ဘာလုပ်မလို့လဲ"

"ဟား ... ရှည်လိုက်တာကွာ။ ငါ မှာဆို မှာပေါ့။ ဘာမှ ဆက်မမေးနဲ့။ ရော့ ... ပိုက်ဆံယူသွား။ အရသာအရမ်းရှိတဲ့ ဗန်းကြီးကြီးနဲ့ ဘိန်းမုန့်ကြီးတစ်ချပ် နေ့ခင်းနှစ်နာရီလောက် ငါလိုချင်တယ်။ အခု သွားမှာ ... သွား"

"ဟုတ် ... ဟုတ်ကဲ့ ရပါတယ်။ ဒီအချိန်လောက်ဆို ဒေါ်ဘုမတို့ သားအမိတွေလည်း လှလေး မွေးနေ့ပွဲမှာပဲ ရှိမှာပါ။ ရတယ် ... ကိုချစ် ဖြစ်အောင်လုပ်ပေးမယ်"

"ဟ ... ဟ ... နေဦး ... နေဦး။ အရေးကြီးတာ တစ်ခု ရှိသေးတယ်။ ဒီကိစ္စကို နှုတ်လုံပစေနော်။ ဒေါ်ဘုမကို ဒိုင်လျှိုသွားမှာ။ မသိစေနဲ့နော်။ ငါ ဒီလောက်ပြောရင် သဘောပေါက်တော့။ အိုကေ"





သူက အထာလေးတွေရှိကြောင်း ပြောလိုက်လျှင် ရွှေကိုနဲ့ ရွှေညီက သဘောပေါက်သလို ရှိသွားပုံရကာ သူ့ကို ခေါင်းတဆတ်ဆတ် ညိတ်ပြပြီး ...

"သြော် ... ပေါက်ပြီ ကိုချစ်၊ စိတ်ချ ... စိတ်ချ"

အိမ်စည်က လက်မတစ်ချက် ထောင်ပြကာ သွားခိုင်းလိုက်လျှင် သူ့ရှေ့ကနေ ညီအစ်ကိုနှစ်ယောက်က ထွက်သွားလေတော့သည်။ ဒီကနေ့ ညနေဘတ်ဒေးပါတီမှာ သူကလည်း သူများနည်းတူ ဝင်နွှဲချင်စိတ် ရှိလေတာကြောင့် ပွဲမဝင်ခင် ပြင်က ကျင်းပထားလေသည်။

○✦○



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်ထဲကတိမ်

မိုးလေကောင်းလွှတ်စင်

ရင်ခွင်ထဲကသင်

အကြင်နာပြည့်လို့ဝင်

မရိုးမရွ နလုံးသားကော

အဆိုးမရ ချစ်ရှုမဝ

ကျိုးစားတာက ချစ်လို့

မပြတ်သားတာက ချစ်လို့

မြောက်ကျွန်းသူရဲ့ ဘုရင်မ

ငါ့ရင်ဘတ်ထဲ ခြေကြွ



www.burmeseclassic.com

www.burmeseclassic.com



အချစ်က ... အချစ်က

မျှော်ဆရာ ဖန်ဆင်းထားတဲ့

အလွမ်းမပါတဲ့ ပန်းသီးဆိုလား။

○✦○





## ၁၇

လှလေးရဲ့ရင်ထဲမှာ ဝမ်းနည်းစိတ်တွေကသာ ကြီးစိုးလို့ နေပါသည်။ အင်မတန်မှ ပျော်ရွှင်စရာ ကောင်းလှပေသော မွေးနေ့အလှူပွဲကြီးကို ခြိမ့်ခြိမ့်သဲ ကျင်းပနေစဉ်မှာ ရင်ဘတ်ထဲက နှလုံးသားက သက်ဝင်လှုပ်ရှားမှု မရှိတာဟာ အရမ်းဝမ်းနည်းဖို့ ကောင်းလေသည်။

ရွာထဲကလူငယ်တွေ ပျော်ဖို့ ရွှင်ဖို့အတွက် ကာရာအိုကေဆိုပွဲကြီး ကျင်းပကာ အားလုံးပျော်နေ ရွှင်နေပေမယ့် မွေးနေ့ရှင်ဖြစ်သူ လှလေးကတော့ မပျော်တစ်ဝက် ပျော်တစ်ဝက်ပင် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုချစ်ရေ xxx ဒီလိုပဲ တို့ကတော့ ခေါ်မှာပဲလေ xxx ထာဝစဉ်လေ မင်းကြိုက်သလိုချစ်မယ် xxx မင်းကြိုက်သလို ချစ်မယ် xxx ချစ်တယ် xxx ကိုကိုချစ်ရေ xxx ကိုကို ချစ်ရေ"

ရွာထဲက အပျိုမတစ်သိုက်က အားရပါးရကို "ကိုကိုချစ်"ရေ ဆိုပြီး မိုက်ခဲ၍ အော်နေကြလျှင် ရင်ထဲမှာ ပိုလို့တောင် ဆွေးရလေသည်။ ကျုပ်ဟာ တော့်လို မြို့ကြီးသား အကောင်းစားအတွက် တန်ဖိုးမရှိဘူးလား ကိုကိုချစ်ရယ်။

"ဟယ် ... ဟယ်တော့ ... လှလေးမရေ ... ဟိုမှာ ... မြို့သား ... မြို့သားလာတယ်။ အဟီး ... ချောလိုက်တာ တော်"

ပုတုတို့၊ ဒေဝီတို့၊ အေးချစ်တို့က အော်ကြီးဟစ်ကျယ်ဖြင့် လှလေးကို အချက်ပေး အကြောင်းကြားလျှင် လှလေးသည် အံ့သြစွာ မြို့သားကို လှမ်းကြည့်မိသွားသည်။ အို ... တကယ်ပဲ သူပေါ့။ ဆံပင်တွေက မိုးပေါ်သို့ မြှောက်ထောင်ထား





ကာ တီရှပ်အဖြူဆွတ်ဆွတ်မှာ အပေါ်က အနက်ရောင်ကုတ် ဝတ်ကာ အနက်ရောင်ဘောင်းဘီ အနက်ရောင်ဝေါကင်းရှူးလေး ဖြင့် အားလုံးဟာ အရမ်း အရမ်းကို လန်းနေကာ သူ့လက်ထဲမှာ တော့ ဗန်းကြီးတစ်ခုကို ကိုင်ဆောင်ကာ လှလေးဆီသို့ တုန်းမတ်စွာ လာလေသည်။

"HAPPY BIRTHDAY လှလေး။ မင်းအတွက် ကိုယ့်ရဲ့ traditional ဘတ်ဒေးဘိန်းမုန့်"

ကဲ ... ကြည့်စမ်း။ လှလေးသည် သူကိုင်ထားတဲ့ ဗန်းထဲက ဘိန်းမုန့်ဟာ အခုမှပဲ ထူးဆန်းနေသလို ခံစားရလေသည်။ ဘိန်းမုန့်အပေါ်ကနေ စိုက်ထားတဲ့ ဘတ်ဒေးဖယောင်းတိုင်လေးတွေဟာ လှလေးရဲ့ရင်ခုန်သံတွေကို အလင်းအားမြှင့် ပေးလိုက်သလို ခံစားရလေသည်။

"လာလေ ... ဘတ်ဒေးဘိန်းမုန့် ခွဲရအောင်။ ကိတ်မုန့် မရှိပေမယ့် ကိုယ်က ဖြစ်အောင် ဖန်တီးတတ်ပါတယ်နော်။ လာလေ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ နူးညံ့ကြင်နာစွာသော ဖိတ်ခေါ်မှုအောက်မှာ လှလေးဟာ ဘာပြောရမှန်း မသိအောင် မျောလွင့်လို့ သွားလေတော့သည်။

"ဒါ ... ဒါ အိပ်မက်များ မက်နေတာလားကွယ်။

သောင်းဖြမျှားပြားသော ရွာသူရွာသားတွေရဲ့ အလယ်မှာ လှလေးနဲ့ မြို့သားက ရုပ်ရှင်ထဲက မင်းသားနဲ့ မင်းသမီးလို လူတွေအားလုံးရဲ့ စိတ်ဝင်စားမှုကို ခံနေရတာ ဖြစ်လေသည်။

"ကဲ ... အားလုံးပဲ ... Happy birthday to you xxx Happy birthday dear လှလေး xxx Happy birthday လှလေး ... ဝူး ... ဟား ... ဟား ... Ok "

လှလေးဟာ အိပ်မက်ထဲကလို ကယောင်ကတမ်းထကာ မြို့သားနဲ့အတူတူ ဖယောင်းတိုင်မီးမှုတ်ကာ ဘိန်းမုန့်လှီးအဲ ... အဲ ... ဘိန်းမုန့်ကို ကတ်ကြေးနဲ့ညှပ်ကာ ပန်းကန်ထဲထည့်ပြီး အရင်ဆုံး ချစ်ရတဲ့ မြို့သားကို ခွံ့ကျွေးမိသွားလေသည်။ တစ်ရွာလုံးရဲ့ လက်ခုပ်သံတွေက ဆူညံစွာ နားဝင်ချိုလှပေသည်။





"ရှူး ... ခဏလေး ... ခဏလေး ... နားထောင်ကြည့်လိုက်ဦး"

သူကပင် အားလုံးကို ပွဲထိန်းလိုက်ကာ တိတ်တိတ်နေနိုင်းလျှင် အားလုံးက ငြိမ်ကျသွားစဉ်မှာ လှလေးတို့ရဲ့ လော်စပီကာမှ အသံတစ်ခုက မြိုင်ဆိုင်စွာ ထွက်ပေါ်လာလေသည်။

"ရန်ကုန်မှာမွေးတဲ့ ကျွန်တော့်ကို xxx ရွှေညာသူ ထွေးမြကလေ xxx အညာမြေအကြောင်း သီချင်းလေးရေးဖို့ပြောတယ် xxx အတူတူလည်လျှောက်သွားရင်းနဲ့ xxx တမာရမြေမှာဖြစ်တဲ့အကြောင်းရယ် xxx ရယ်စရာ သီချင်းလေးတစ်ပုဒ် xxx ကိုယ်ရေးတယ် xxx ဖုန်ထူထူ လှည်းလမ်းတစ်လျှောက်မှာ xxx ထဘီတိုတို ထွေးမြဝတ်ကာ xxx ကောင်းဘွိုင်လို နွားလှည်းလေးကိုမောင်းတယ် xxx ရွာအပြင် ထန်းတောစပ်မှာ xxx အရှိန်လွန်ကာ xxx လှည်းကလေးစောင်းတော့ xxx ကျွန်တော်ဟာ ပြုတ်ကျခဲ့ပါရောကွယ်"



www.burmeseclassic.com

www.burmeseclassic.com



သီချင်းက တကယ့်ကိုပဲ မြို့သားကို စောင်းဆိုနေသလို ဖြစ်တာမို့ အားလုံးက သဘောတကျဖြင့် ပြုံးနေသလို ရင်အခုန်ဆုံးကတော့ လှလေးပဲ ဖြစ်ရသည်။ သီချင်းသံပိတ်သွားသောအခါတွင်တော့ မြို့သားက လှလေးရဲ့မျက်ဝန်းတွေကိုသေချာစိုက်ကြည့်ကာ ...

"ကိုယ် လှလေးကို ချစ်တယ်။ အရင်တုန်းက ကိုယ့်ဘက်က မှားခဲ့တာတွေ လွန်ခဲ့တာတွေ အားလုံးကို ဒီရွာသူရွာသားတွေကို တိုင်တည်ပြီး တောင်းပန်ပါတယ်။ ကိုယ့်ကို လှလေး ချစ်နိုင်ရဲ့လားဟင်"

"အေး ... ဝေး ... ဟေး ... ဟေး ... လှလေးမကွ"

လှလေးသည် ရင်ခုန်တာရော ရှက်တာတွေပါ ရောပေါင်းကာ လက်ဖျားခြေဖျားတွေက အေးစက်လို့ လာလေသည်။

တစ်ရွာလုံးမှာ ပြောစမှတ်ပြုလောက်ရအောင် ပျိုလေးရည်းစား မြို့ကြီးသားက romantic တွေ ဆန်ပြနေတာဖြစ်သည်။





"လှလေး တစ်ခုခု ပြန်ပြောဦးလေ။ ကိုယ်ပြောတာကို ယုံပါကွာ။ ကိုယ် ဒီတစ်ခါ ပြန်လာတာ သီချင်းထဲကလိုပဲ လှလေးနဲ့အတူ နွားကျောင်းဖို့၊ ထော်လာဂျီမောင်းဖို့ ပြန်လာတာပါ။ ကိုယ့်ကို လက်ခံမယ် မဟုတ်လားဟင်"

လှလေး ဘာမှပြန်မပြောသေးတော့ သူက ထပ်ပြောလျှင် လှလေးအပေါ်ကို အချစ်တွေဖြင့် ပန်းဝင်လာသော မြို့သားကိုကြည့်ကာ အံ့သြစိတ်က ရင်ထဲကို ဝုန်းခနဲ ဆောင့်ဝင်လေသည်။ ပြီးတော့ ဒါဟာ အရင်တစ်ခါလို လှလေးကို လှည့်စားဖို့လည်း မဟုတ်ချေ။ သူပြောတဲ့ စကားတွေအတွက် ရွာသူရွာသားတွေကို သက်သေထူထားတာဖြစ်သည်။ တကယ်ကြီးကို လှလေးရဲ့ ချစ်ခြင်းမေတ္တာတွေ အတွက် ရောင်ပြန်ဟပ်လေသည်။

လှလေးသည် မျက်ရည်လည်မတတ် ဝမ်းသာစွာဖြင့် မြို့သားရဲ့ မျက်နှာကို မော်ကြည့်လျှင် မြို့သားက အပြုံးတွေဖြင့် လှလေးကို ငေးကြည့်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကို ... ကိုကိုချစ် ကျုပ်ကို လှည့်စားနေတာတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ရပါဘူး လှလေးရယ်။ ကိုယ့်ဘက်က မှားခဲ့တာတွေအတွက် ကိုယ် တကယ်တောင်းပန်ပါတယ်။ ကိုယ်တစ်ရှာလုံးကို သက်သေထားပြီး ပြောတဲ့ ရည်းစားစကားပါ လှလေးရယ်"

လှလေးက အဲဒီစကားကြောင့် ကမ္ဘာလောကကြီးတစ်ခုလုံးကို အပိုင်စားရလိုက်သလိုကို ခံစားရလေသည်။ အဘွားအေး ပြောသလိုပဲ လှလေးရဲ့မေတ္တာတွေဟာ တကယ်ကိုပဲ ရောင်ပြန်ဟပ်လာခဲ့ပြီ ဖြစ်သည်။ မြို့သားလို အစစအရာရာ ထည်ဝါ ခန့်ညားသော ရွှေမင်းသားက လှလေးကိုချစ်ခွင့်ပန်ကာမှ အများတကာ အရှေ့မှာဆိုတော့ ဒါဟာ မှန်ကန်သော ချစ်ခြင်းတရားအဖြစ် လှလေးက အကြွင်းမဲ့ ယုံကြည်လက်ခံလေသည်။

"မြို့သားက လှလေးရဲ့အချစ်ဦးပါ"



BURMESE CLASSIC .com



ဒီစကားတစ်ခွန်းနဲ့တင် အားလုံးက လက်ခုပ်သြဘာတီးကာ မြို့သားက ဝမ်းသာပျော်ရွှင်စွာဖြင့် လှလေးအနားသို့ ကပ်လာကာ ...

"ကိုယ့်ကိုလည်း ယုံကြည်ပါ လှလေးရယ်။ ကိုယ် လှလေးကို ဘယ်တော့မှ စိတ်မဆင်းရဲစေရဘူးလို့ ကတိပေးတယ်"

အခုတော့ဖြင့် လှလေးရဲ့ကမ္ဘာသည် အချစ်များဖြင့် ပြည့်လို့နေခဲ့ပါပြီ။ လှလေးသည် သူ့စကားတွေကြောင့် ရင်ခုန်ရှက်လှစွာဖြင့် ခေါင်းငုံ့ပြုံးနေစဉ်မှာ သူက လှလေးကို သူ့ရဲ့ဘတ်ဒေးဘိန်းမုန့်တစ်တုံး ခွံ့ကျွေးလေသည်။ ကြည်နူးပျော်ရွှင်စွာဖြင့် သူခွံ့ကျွေးတဲ့ ဘိန်းမုန့်ကို စားလိုက်မိသည်။

လှလေးဘဝရဲ့ အိပ်မက်အခမ်းအနားကြီးကို ပိုင်ဆိုင်ခွင့် ရခဲ့ပေပြီ။ ဝမ်းသာပျော်ရွှင်လွန်းလို့ ဘာပြောရမှန်းလဲ မသိတော့ချေ။ ဒါပေမဲ့ လှလေး ရင်ထဲမှာ အချစ်များစွာ ပြည့်လျှံနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူဟာ လှလေးထက် အဆများစွာ ခမ်းနားပေမယ့် လှလေးကို မေတ္တာစစ်ဖြင့် ချစ်နိုင်ခဲ့တာဟာ လှလေးရဲ့မေတ္တာ စစ်ခဲ့လို့ပဲ ဖြစ်လေသည်။ ပျိုလေးချစ်တဲ့ မြို့ကြီးသားဟာ အခုက စလို့ ပျိုလေးရည်းစား ဖြစ်သွားတာကို ကြည်နူးမိတာကတော့ အရမ်းကိုပဲဖြစ်သည်။

ထိုနေ့က ရင်ခုန်သံ ပျော်ပွဲရွှင်ပွဲကြီး ဖြစ်ခဲ့လေသည်။ နောက်များမှာလည်း ဆထက်တံပိုး ...။

BURMESE CLASSIC .com

ကျေးဇူးတင်စွာဖြင့်

မယ်မင်းဘုံ

5th Jan 2013.

4:41 AM

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်

မယ်မင်းဘုံ

အမှတ်-၃၉(မြေညီ)၊ ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။

သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

**Facebook on "Mae Min Bon"**

www.burmeseclassic.com